www.burmeseclassic.com

# ကိုရွှေတောသား

## ကာဠပိမ်ကာကျွစ်

(တောသူဘက်ပေးမှာ ဟာသရုပ်ချွင်းဝတ္ထုရှည်ဝင်ဝင်)



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှုမှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၁၂၆၉၀၀၀၁
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၁၁၅၇၀၀၀၁
စီစဉ်သူ - ဟိန်းဇေ
မျက်နှာဖုံးပန်းချီ - ကိုညာဏ်
ထုတ်ဝေသူ - ဦးအောင်စိုး(၀၃၇၉၄)
စိုးစာပေ
၅၅(E)၊ အင်နောက်မြင်းပြိုင်ကွင်းလမ်း၊
ပဟန်း၊ ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ်သူ - ဦးကျော်စိန်(၀၂၉၀၉)
ကျောက်စိမ်းပုံနှိပ်တိုက်
၁၇၁၊ ၃၁လမ်း၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်သူ - ဦးကျော်ရင်(၀၅၄၁၇)
ရွှေခြင်္သေ့ပုံနှိပ်တိုက်
၂၂၅၊ ၃၂လမ်း၊ ရန်ကုန်မြို့။

အုပ်ရေ ၅၀၀
တန်ဖိုး ၁၄၀၀ ကျပ်
၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ
ပထမအကြိမ်

စိုးစာပေ
၅၅(E)၊ အင်နောက်မြင်းပြိုင်ကွင်းလမ်း
ပဟန်း၊ ရန်ကုန်မြို့။
☎ : ၅၅၃၇၆၇

www.burmeseclassic.com

www.burmeseclassic.com

"အားပါး ကောင်းလိုက်တဲ့ထန်းရည်ပါပဲ။ တစ်ခါတည်း ကို အီဆိမ့်သွားတာပဲ။ ကျေးရွာတင်လိုက်တာရာဇဝတ်အုပ်မင်း ရယ် ... ကျွန်တော်က အဲသည်လိုမျိုး အားပါးတရသောက်ချင်နေ တာ။ ရာဇဝတ်အုပ်မင်းရောက်လာမှပဲ အားပါးတရ သောက်ခွင့် [illegible]တော့တယ်"

"ငါ့ကို ကျေးရွာတင်စရာမလိုပါဘူး ငတေရာ . . [illegible] . . မင်းရဲ့ပိတ်နေတဲ့ဉာဏ်တွေ ပွင့်လာပြီမဟုတ်လား"

"ဟုတ်ကဲ့ . . ပွင့်လာပါပြီ"

"ပွင့်လာပြီဆိုရင်လဲ ငါ့ကိုလိမ်ဖို့စတော့လေကွာ . . စတော့"

"အေး . . မင်းပြောတာဟုတ်သားပဲ . . ကျင်ငွေရေ။ သူ့ပါးကလေးကို ကိုင်တော့လဲ ကြည်ဖြူတာပါပဲ၊ သူ့လက်ချောင်းကလေးတွေကို ဆုပ် ကိုင်တော့လဲ မငြင်းရှာဘူး။ အဲ . . ဆွဲကြိုးဆွဲပေးဖို့ သူ့လည်တိုင် ကလေးပေါ်က မေးဖျားကလေးကိုပွတ်တော့လဲ . . ငြိမ်လို့"

"ဒါဆို . . ဦးလေးဘက်က တိုင်းပြည်တစ်ဝက်မက ပိုင် နေပြီပဲဗျာ"

"ဒါ . . ဒါ . . ဒါဖြင့်ရင် . . ငါဘာလုပ်ရမလဲ . . . ကျင်ငွေ"

"အံ့ဝေး ဦးလေးရယ် . . မိုးချင်တာလဲပြောလို့ လက်နှေး တာလဲချာလို့ဖြစ်နေပါပြီ၊ ဒီမှာ . . ဒီမှာ 'ကြောက်ရင်လွှဲ၊ ရဲရင်မင်း ဖြစ်' တဲ့ခင်ဗျ။ ခုနေ သူ့အခန်းထဲဝင်သွားတော့ရော သူဘာတတ်နိုင် မှာလဲ။ မနက်ကျတော့သာ သားမှတ်မှတ်မယားမှတ်မှတ်ပေါင်းပါရှင် လို့တောင် တောင်းပန်လိမ့်ဦးမယ် . . ဟဲ . . ဟဲ . . ဟဲ"

www.burmeseclassic.com

www.burmeseclassic.com

"ကြည်စမ်း...အစ်ကိုကြီးချစ်တဲ့ ဒါလီလေးဟာ ခုကျတော့လဲ နှင်းပေါ်ကကျလာတဲ့ ရွှေစင်ယမင်းရုပ်ကလေးတစ်ရုပ် ဖြစ်သွားပါပေါ့လားကွယ်..."

"အို.. ပိုပြီ"

"မပိုပါဘူးကွယ်.. လိုတောင်မှ လိုပါသေးတယ်၊ အပေား....ပေား နေပါဦး၊ အနားမှာဘယ်သူမှမရှိတုန်း...ဒါလီ့ကိုမေးရဦးမယ်"

"ဘာများတုန်း...အစ်ကိုကြီးရဲ့"

"ဟောဒီ ဒါလီလေးဆိုတာ...ဘယ်သူ့ရဲ့ အချစ်ဘူးလဲ"

"အစ်ကိုကြီး.. ဘူး..အစ်ကိုကြီး..ဘူး"

"ဒါလီလေးဟာ...ဘယ်သူ့ရဲ့အချစ်ဘူးလဲ.."

"အစ်ကိုကြီးဘူး...အစ်ကိုကြီးဘူး"

# ကလိန်ကကျစ်ဓါးရာဇဝင်

www.burmeseclassic.com

www.burmeseclassic.com

မန်ကျည်းကန်ကျေးရွာသို့ ရာဇဝတ်အုပ်ကြီးနှင့် နောက်ပါ ပုလိပ်နှစ်ဦးရောက်ရှိလာခြင်းတွက် ပျာပျာသလဲဖြစ်သွားရသူမှာ မန်ကျည်းကန်ရွာသူကြီး ဦးဘိုးတုတ်ပဲ ဖြစ်ချေ၏။

"ဟာ ‥ အကြောင်းမကြား ဘာမကြားနဲ့ ရာဇဝတ်အုပ်မင်းရယ် ‥။ လာမယ်ဆို ကြိုတင် အကြောင်းကြားလိုက်ရောပေါ့။ ကျွန်တော်မျိုး လာပြီးကြိုမှာပေါ့ခင်ဗျာ။ ဒီမှာလည်း ဖွယ်ဖွယ်ရာရာ စားရသောက်ရအောင် စီစဉ်ထားမှာပေါ့"

"မဟုတ်တာ ‥ ဦးဘိုးတုတ်ရယ်၊ ကျုပ်က ခရီးလမ်းကြုံလို့ တစ်အောင့်တနားဆိုသလို ခင်ဗျားရွာကို ဝင်လာလည်တဲ့သဘောပါ။ ဘာအမှုကိစ္စမှ ရှိလို့ရယ်မဟုတ်ပါဘူး။ ကျုပ်တို့အတွက်လည်း ဘာမှ တကူးတကလုပ်မနေနဲ့"

"မတော်တာဘဲ ရာဇဝတ်အုပ်မင်းရယ်၊ အဲသည်လိုလုပ်တော့ ရာဇဝတ်အုပ်မင်းကို ကျွန်တော်မျိုးတို့က မရိုမသေ မလေးမစားပြုရာ ကျတော့မပေါ့။ ဟဲ့ ‥ မိရွှေတို့ သာဗျောတို့





နေရာထိုင်ခင်းလုပ်ကြဟဲ့၊ လောလောဆယ် အဆင်ပြေမယ့်ဟာတွေ စီစဉ်ကြစမ်း"

သူကြီးဦးဘိုးတုတ်အဖို့ ရာဇဝတ်အုပ်ကြီးအပေါ် အင်္ဂါကလေး အားတုံ့အားနာ ဖြစ်ရသည်။

သည်ရာဇဝတ်အုပ်ကြီးသည် သည့်အရင် သည် မန်ကျည်းကန်သို့ ရောက်လာလေ့ရှိကြသော ရာဇဝတ်အုပ်တွေနှင့်မတူ၊ ဆက်ဆံရေးပြေပြစ်သည်။ သဘောမနောကောင်းသည်။ ကျေးရွာလူကြီးများနှင့်သာမက ရွာသူရွာသားအပေါင်းတို့ကိုပါ မာန်မာနကင်းစွာဖြင့် ဆက်ဆံတတ်၍လည်း အားလုံးက ရာဇဝတ်အုပ်ကြီးအပေါ် ရှိန်ကြောက်ခြင်းကင်းစွာ လေးစားခင်မင်နေကြသည်။

"သူကြီးရေ ကျုပ်တို့အတွက် ဘာမှအထွေအထူး မလုပ်နဲ့ဗျို့။ သူကြီးတို့အိမ်သားတွေ စားတဲ့အတိုင်း စားမှာပါ။ မြို့ပြန်မတက်ခင် ရွာစဉ်လှည့်ရင်းနဲ့ သာတောင့်သာယာရှိလှတဲ့ သူကြီးတို့ရဲ့ မန်ကျည်းကန်ရွာကလေးမှာ တစ်ညလောက် အိပ်မလားလို့"

"ဟာ – တစ်ညမကပါဘူး ရာဇဝတ်အုပ်မင်းရယ်။ ရာဇဝတ်အုပ်မင်း စိတ်ဆန္ဒရှိသလောက် စိတ်ပျော်သလောက် စိတ်တိုင်းကျနေနိုင်ပါတယ်။ ရာဇဝတ်အုပ်မင်းရဲ့ စောင့်ရှောက်မှုကြောင့် ကျွန်တော်မျိုးတို့ကျေးရွာတွေ အေးအေးချမ်းချမ်း ရှိနေရတာပါ"

"ဒါတလည်း ကျေးရွာအပေါ် အဓိကအုပ်ချုပ်နေရတဲ့ သူကြီးတို့ကောင်းတာလည်း ပါပါတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ကျုပ်တို့ သူကြီးတို့ တစ်ဦးအပေါ်တစ်ဦး နားလည်မှုပြည့်ဝစွာနဲ့



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်တာဝန် ကိုယ်ကျေကြမယ်ဆိုရင် အရာရာဟာ အေးအေးချမ်းချမ်းဖြစ်နေမှာ သေချာတာပေါ့''

ရာဇဝတ်အုပ်မင်းက အားလုံးအပေါ်တွင် လူလူချင်းသဘောထား၍ စိတ်ထားအမှန်ဖြင့် ဆက်ဆံတတ်သည်။ ပြီးတော့ ကျေးလက်သဘာဝကို ခုံမင်ကာ ကျေးလက်၏ လူနေမှုစရိုက်ကိုသည်း မြန်မာပြည်ဖွား မြန်မာနိုင်ငံသားပီပီ နှစ်သက်တတ်သူဆိုတော့ ကျေးလက်နှင့် ရာဇဝတ်အုပ်မင်း၏ ဆက်ဆံရေးလမ်းကြောင်းမှာ ဖြောင့်ဖြူးလျက်နေတော့၏။

ရာဇဝတ်အုပ်မင်းနှင့်ပါလာသော ပုလိပ်နှစ်ဦးမှာလည်း သူတို့ဆရာ သူတို့အထက်အရာရှိအပေါ် လေးစားချစ်ခင်ပြီး ကိုလိုနီပုလိပ်ဟု ဆိုစရာမမြင့်လောက်အောင် နေတတ်ထိုင်တတ်သည်။

ရာဇဝတ်အုပ်မင်းတို့ အဝတ်အစားတွေလဲ၊ ရေမိုးချိုးအနားယူရန်ပြင်ဆင်နေကြချိန်ဝယ် သူကြီး၏ ခြံဝင်းအတွင်းသို့ လူ လေးငါးဆယ်ဦးထက်မနည်း ခွက်အုပ်လေးများကိုင်လျက် ဝင်လာကြသည်။ အိမ်နောက်ဖေးဘက်သို့ ဝင်သွားကြပြီး တစ်အောင့်ကြာလျှင် ပြန်ထွက်သွားကြသည်။ ရာဇဝတ်အုပ်မင်းသည် ဆန်းလက်ကုလားထိုင်၌ ကျောခင်းရင်း ထိုမြင်ကွင်းကို မျက်မှောင်ကြုပြီး ကြည့်နေခဲ့သည်။

''ဗျို့ .. သူကြီး ရွာသူရွာသားတချို့ ခွက်ကလေးတွေ အုပ်ကလေးတွေကိုင်ပြီး အလျှိုအလျှိုနဲ့ ဝင်လာလိုက်ကြ၊ နောက်ဖေးဝင်ပြီး လှည့်ပြန်သွားကြနဲ့ အဲ့ဒါ ဘာလုပ်ကြတာလဲဗျ''

''အဲ့ဒါ ရွာသူရွာသားတွေက ရာဇဝတ်အုပ်မင်းတို့ ရောက်





လာကြတာသိလို့ သူတို့ချက်ပြုတ်ထားတဲ့ ဟင်းလျာတွေ က စားဦးစားဖျားတွေကို ရာဇဝတ်အုပ်မင်းတို့ သုံးဆောင် ရအောင် လာပို့ကြတာပါ ရာဇဝတ်အုပ်မင်း''

''ဟာ .. ဗျာ။ အားနာစရာကြီး။ သူတို့ခမျာ ဆင်းဆင်း ဆင်းရဲရဲနဲ့ ရှာဖွေထားရတာ သူကြီးရယ်''

''မရဘူး .. ရာဇဝတ်အုပ်မင်း။ ကျွန်တော်မျိုးတို့ရွာက ရွာသူရွာသားတွေက လူကသာ ဆင်းရဲချင် ဆင်းရဲမယ် စေတနာ သဒ္ဓါတရားကတော့ဖြင့် တကယ့်ကို ကြီးမားကြတာ ခင်ဗျ။ ညွှဲသည်စောင်သည်လာလို့ကတော့ တတ်စွမ်းရာနဲ့ မညွှဲခံလိုက်ရရင် စိတ်မကောင်းဖြစ်ကရောပဲ''

''အင်း .. ကျုပ်တို့နိုင်ငံက ကျေးလက်သူ ကျေးလက်သားတွေရဲ့ စရိုက်နဲ့ စေတနာသဒ္ဓါစိတ်ကဖြင့် အံ့ချီးလို့ မကုန်နိုင်ပါဘူး။ ဒါကြောင့်လည်း ကျုပ်က ကျေးလက်ကို ဆင်းရမယ်ဆိုရင် ပျော်နေတာ''

''ရာဇဝတ်အုပ်မင်းပျော်တယ်ဆိုတော့ ကျွန်တော်မျိုးတို့လည်း ပျော်ပါတယ်ခင်ဗျာ။ ကိုင်း .. ထမင်းမသုံးဆောင်မီ ရေနွေးကြမ်းသောက်ပါဦး။ ငါးရံ့ခြောက်ဖုတ်ဆီဆမ်း၊ လက်ဖက်သုပ်၊ ပြောင်းဖူးကြော်၊ မြေပဲကြော်တို့ကိုလည်း သုံးဆောင်ပါဦး''

သူကြီး ဦးဘိုးတုတ်တည်ခင်းသည့် ရေနွေးကြမ်းဝိုင်းလေးက စိုပြည်လှပါဘိ။

သူကြီးရှိလျှင် ရွာမဆူ။
အမြည်းရှိလျှင် အာမပူ။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးသည် ပြည့်စုံလှပါဘိ။

"ဒီမှာ .. သူကြီးတို့ မန်ကျည်းကန်ရွာကလေးဟာ တော်တော်ကို သာယာကျစရာပဲ။ ဒါထက် .. ကျုပ် ဒီရွာကို မလာခင် မြို့ကဂါတ်တဲမှာရှိတဲ့ အမှုဟောင်းတွေ ဖတ်ကြည့်တော့ သူကြီးတို့ရွာမှာ 'ဝေတေ' ဆိုတဲ့ သူလိမ်လေး တစ်ယောက်ရဲ့ အမှုကို ဖတ်ခဲ့ရတယ်။ လိမ်လည်မှုအတွက် အပြစ်ဒဏ်ခံယူပြီး လွတ်သွားခဲ့တာ ကြာလေတော့ ခု ဝေတေ ဆိုတာ သည်ရွာမှာရှိသေးလား သူကြီး"

"ရှိပါတယ် ရာဇဝတ်အုပ်မင်းရဲ့၊ ဘာလဲ .. တွေ့ချင်လို့လား"

"ဟုတ်တယ်ဗျာ ကြုံတုန်းဆုံခိုက်တွေ့လိုက်ချင်တယ်။ အခုကော လိမ်တုန်း ကောက်တုန်းပဲလား"

"အခုတော့ လိမ်တယ် ကောက်တယ်ဆိုတာ မကြား သလောက်ပါပဲ။ တစ်ခုတော့ရှိတာပေါ့လေ၊ သူက သည်ရွာ သူတွေကိုတော့ ဒုက္ခမပေးရှာပါဘူး။ လိမ်ပြီ ကောက်ပြီဆိုရင် ရွာခြားသွားပဲ သွားလို့ လိမ်တတ် ကောက်တတ်တာမျိုးပါ"

"ဒါ မျိုးရိုးကလည်း မညံ့ပါဘူး"

"အဲဒီဘာက သူ့မိသားစု အသိုင်းအဝိုင်းမှာ သူတ ယောက်ထဲပဲ မွေးဖောက်နေတာ ရာဇဝတ်အုပ်မင်းရဲ့။ အဘ ကျော်အမျိုးတွေရင် မလိမ်ရ မကောက်ရရင် မနေနိုင်တာ ရှင်းပြောကတော့ သန့်သန့်ပြန့်ပြန့်ထဲကပါ"

"ဪ .. သာဗျော၊ ကွင်းထဲကိုသွားပြီး ဝေတေ့ကို ခေါ်ခဲ့ချေ။ ငါက ကိစ္စရှိလို့ အခေါ်လွှတ်လိုက်တယ်ပြော တစ်ပါတည်းခေါ်လာခဲ့"

"ဟုတ်ကဲ့ .. သူကြီး"

သူကြီး၏ တပည့်ကျော် ညာလက်ရုံးကိုသာဗျောဆိုသူလည်း သွက်သွက်လက်လက်ပင် တဘက်နွမ်းကလေး ပခုံးပေါ် တင်လျက် သွက်လက်သော ခြေလှမ်းများဖြင့် အိမ်ဝိုင်းအတွင်းမှ ထွက်ခွာသွားလေသတည်း။

❖







www.burmeseclassic.com

www.burmeseclassic.com

ကွမ်းသုံးလေးယာညက်အကြာမှာတော့ ကိုသာဗျောနှ
အတူ အသက်အရွယ် (၂၅) နှစ်ခန့် အသားအရည်ခပ်လတ်လတ်
အရပ်အမောင်းအနေတော်၊ မျက်ခုံးကောင်းကောင်းနှင့် ကြည့်ပျေ
ရှုပျော်အသွင်အပြင်ဖြင့် လူရွယ်တစ်ဦး လိုက်ပါလာသည်။

သူကား ‥ ကလိမ်ကကျစ်ဂုဏ်ထူးဘွဲ့ရ မန်ကျည်းက
ရွာသား 'ငတေ' ပင်ဖြစ်လေသတည်း။

"ကျွန်တော်ရောက်ပါပြီ သူကြီး။ သူကြီးက ခေါ်တ
ဆိုလို့။ ဘာများကိစ္စရှိပါလိမ့်"

"ကိစ္စကတော့ အထွေအထူးမရှိပါဘူးကွာ။ ကိုင်း
ထိုင်ပါဦး။ မင်းကို ဟောဒီကညေ့်သည်တွေက တွေ့ချင်လို့တဲ့

"**ဟုတ်ကဲ့**"

**ငတေက** သူကြီးညွှန်ပြသောနေရာတွင် ထိုင်လိုက်
သူကိုတွေ့ချင်သည်ဆိုသော ညေ့်သည်တို့အား စူးစူးရဲရဲ
**ကြည့် လိုက်သည်။** သည်အကြည့်ကြောင့် ငတေဆိုသ





လူရွယ်သည် သာမန်အနည်းတမဟုတ်မှန်း ရာဇဝတ်အုပ်
မင်းအဖို့ နားလည်လိုက်ချေသည်။

"ငတေရေ ‥ ဟောဒါ တို့မန်ကျည်းကန်ကို ခေတ္တလာ
လည်တဲ့ မြို့ရာဇဝတ်အုပ်မင်းပဲ။ ဟောသည်နှစ်ယောက်က
ရာဇဝတ်အုပ်မင်းရဲ့ တပည့်ပုလိပ်တပ်သားတွေကွ"

"ဟုတ်ကဲ့ ‥ တွေ့ရတာ မင်္ဂလာပါခင်ဗျာ။ ကျွန်တော်
ဘာများလုပ်ဆောင်ပေးရမလဲ"

တခြားသူသာဆိုလျှင် **ရာဇဝတ်အုပ်မင်းတို့၊** ပုလိပ်တို့ဆို
သည့် ဝေါဟာရကိုကြားလိုက်ရလျှင် **ဘာမှအမှုအခင်း** ပြစ်ချက်
မရှိသည့်တိုင် မသိမသာဆိုသလို **တုန်လှုပ်မှုကလေးတော့** ဖြစ်သွား
ကြမှာသေချာသည်။

ငတေကမူ ဘာမျှ **အမှုမထားသလို ခပ်တည်တည်ပင်။**

"ကိစ္စကတော့ **သူကြီးပြောသလိုပဲ အထွေအထူးတော့**
မရှိပါဘူး ငတေရယ်။ မင်းရဲ့ **အမှုဟောင်းအချို့ကို** လေ့လာ
သိရှိတဲ့အပေါ် စိတ်ဝင်စားလို့ **အခေါ်လွှတ်လိုက်တာပါ။**
သည့်အတွက် ဘာမျှ စနိုးစနောင့် **မရှိပါနဲ့**"

"မရှိပါဘူး ‥ ရာဇဝတ်**အုပ်မင်း**"

"ငတေရေ ‥ မင်းဟာ **လူတစ်ဖက်သား**အပေါ် လိမ်
လည်တဲ့နေရာမှာ အတော်**ကလေးကျွင်**လည်ပြီး ပါးရည်နပ်
ရည် အင်မတန်ရှိတယ်လို့ **ကြားရဖူး**တယ်"

"သည်လောက်လည်း **မဟုတ်**ပါဘူး ရာဇဝတ်အုပ်မင်း
ရယ်။ မကျွမ်းကျင်လို့ပဲ ‥ မြို့ဂါတ်ကဖမ်းတာ ခံရတာပေါ့။
အဲ့သည်အတွက် ပေးတဲ့အပြစ်ကိုလည်း ခံခဲ့ပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ကွာ .. မင်းကို အပြစ်ယူဖို့အတွက် ခေါ်တာမဟုတ်ပါဘူး။ စိတ်ပြေလက်ပျောက်ဆိုသလို မင်းရဲ့ လိမ်တတ်တဲ့ပညာနဲ့ ငါ့ဆီက ပစ္စည်းတစ်ခုတစ်ခုကိုရအောင် လိမ်ဖြဖို့ပါ"

"မဟုတ်တာ .. ရာဇဝတ်အုပ်မင်းရယ်။ ကျွန်တော့်လို သာမန်လူက ရာဇဝတ်အုပ်မင်းကို မလိမ်ဝံ့ပါဘူး"

"ရပါတယ်ကွာ .. လုပ်စမ်းပါ။ လိမ်စမ်းပါ။ အတွေ့အကြုံကလေး လိုချင်လို့ပါ။ မင်း ရဲရဲသာလိမ်။ ငါ့ကိုလိမ်လို့လည်း လုံးဝအပြစ်မပေးပါဘူး။ အပျော်သဘောပေါ့ ငတေရယ်"

ရာဇဝတ်အုပ်မင်းထံမှ သည့်စကားကြားရတော့ ငတေသည် လေးတွဲစွာဖြင့် သက်ပြင်းချလိုက်သည်။

"ခက်တော့ ခက်နေပြီ ရာဇဝတ်အုပ်မင်းရယ်"

အားလုံးသည် ငတေ့အပေါ်တွင် အာရုံကျရောက်ရှိနေကြ၏။ ငတေ့ထံမှ ထွက်ကျလာသည့် စကားသံတို့ကို နားစွင့်နေကြ၏။

"ဘာများ အခက်တွေ့နေလို့လဲ ငတေရဲ့။ ပြော .. ပွင့်ပွင့်လင်းလင်းသာပြော"

"ဒီလိုပါ ရာဇဝတ်အုပ်မင်း"

ကျွန်တော့်အနေနဲ့ သည့်အတိုင်း ရာဇဝတ်အုပ်မင်းဆီက ပစ္စည်းတစ်စုံတစ်ရာ ထွက်ကျလာအောင် လိမ်ဖို့ရာ ဉာဏ်မထွက်ဘူးဖြစ်နေတယ်"

"ဘာ ... ဉာဏ်မထွက်ဘူး ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"





"ဒါဖြင့် ငါ့ကိုလိမ်ညာနိုင်ဖို့ရာ ငါက ဘာလုပ်ပေးရမှာလဲ။ အားမနာနဲ့ ပြောသာပြော"

"ကျွန်တော် ထန်းရည်ကလေး နှစ်မြူလောက်သောက်လိုက်ရရင်ဖြင့် ပိတ်နေတဲ့ဉာဏ်တွေ ထွက်လာ ကွန့်မြူးလာပြီး ကောင်းကောင်းလိမ်နိုင်ပါလိမ့်မယ်"

"ကိုင်း .. ဒါဖြင့် သူကြီးရေ ထန်းရည်နှစ်မြူလောက် လုပ်ဗျာ"

"ဟုတ်ကဲ့ပါ .. ရာဇဝတ်အုပ်မင်း။ ဟေ့ .. သာမောင်၊ လာစမ်း။ ရော့ ပိုက်ဆံ၊ အနောက်ဖျားထန်းတောမှာ သွားပြီး ထန်းရည်နှစ်မြူဝယ်လာခဲ့ချေ"

"နေ .. နေပါဦးခင်ဗျာ .."

ငတေက ပျာပျာသလဲပင် လက်ကာပြလိုက်သည်။

"ကျွန်တော်လိမ်ရမှာက သူကြီးမဟုတ်ပါဘူး။ ရာဇဝတ်အုပ်မင်းကို လိမ်ရမှာဖြစ်တဲ့အတွက် ထန်းရည်နှစ်မြူဖိုးကို ရာဇဝတ်အုပ်မင်းကပဲ ပေးလိုက်စေချင်ပါတယ်ခင်ဗျာ"

"ဟား .. ဟား အတော်လာတဲ့ ငတေပဲ။ ကောင်းပါ[illegible] ကွာ။ ငါက မင်းအလိမ်ကျွမ်းတယ်ဆိုတာ လက်တွေ့ [illegible] တွေ့ကြုံချင်တဲ့သူဆိုတော့ ဟို .. ဘယ်သူ .. သာမော[illegible] ဟုတ်လား။ ရော့ ရော့ ပိုက်ဆံယူသွား။ မြန်မြန်[illegible] သွားဝယ်ပြီး ပြန်လာခဲ့ချေ"

"ဟုတ်ကဲ့ပါ .. ရာဇဝတ်အုပ်မင်း"

ဆယ်အိမ်ခေါင်း သာမောင်လည်း ရာဇဝတ်အုပ်မင်း ပေးသည့် ပိုက်ဆံကို လက်ခံယူပြီးနောက် တစ်ခေါက်ပြေးမှ ပြေးတော့



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကိုငှားကာ အနောက်ဖျားထန်းတောဆီသို့ ဒုန်းစိုင်း ထွက်ခွာသွားတော့သည်။

မကြာခင်မှာပင် သာမောင်လည်း ထန်းရည်နှစ်မြူကို ဆွဲလျက် ပြန်ရောက်လာလေသည်။

"ကိုင်း .. ငါ့ကိုလိမ်နိုင်ဖို့ရာ ဉာဏ်တွေထွက်လာဖို့ အတွက် သောက်လိုက်ပါဦး ငတော"

"ဟုတ်ကဲ့ .. ခင်ဗျာ"

ငတောလည်း ရာဇဝတ်အုပ်မင်းတို့ ရှေ့မှောက်တွင်ပင် ထန်းရည်ကို မက်မောစွာ တစ်မြူပြီးတစ်မြူ သောက်ချလိုက်လေသည်။

"အားပါး .. ကောင်းလိုက်တဲ့ ထန်းရည်ပါပဲ။ တစ်ခါတည်းကို အီဆိမ့်သွားတာပဲ။ ကျေးဇူးတင်လိုက်တာ ရာဇဝတ်အုပ်မင်းရယ်။ ကျွန်တော်က အဲသည်လိုမျိုး အားပါးတရ သောက်ချင်နေတာ။ ရာဇဝတ်အုပ်မင်း ရောက်လာမှပဲ အားပါးတရ သောက်ခွင့်ကြုံတော့တယ်"

"ငါ့ကို ကျေးဇူးတင်စရာမလိုပါဘူးငတောရာ။ ကိုင်း၊ မင်းရဲ့ ပိတ်နေတဲ့ဉာဏ်တွေ ပွင့်လာပြီမဟုတ်လား"

"ဟုတ်ကဲ့ ... ပွင့်လာပါပြီ"

"ပွင့်လာပြီဆိုရင်လည်း ငါ့ကို လိမ်ဖို့စတော့လေကွာ စတော့"

ထိုအခါတွင် ထန်းရည်ရှိန်ကလေးရနေပြီဖြစ်သော ငတောသည် အားပါးတရ ရယ်မောတော့သည်။

"ရာဇဝတ်အုပ်မင်းကို ကျွန်တော်လိမ်ပြီးပါပြီခင်ဗျာ"





"ဟာ .. ဟေ့ကောင် ငတော။ မင်း ကူလီကူမာမလုပ်နဲ့။ မင်းဘယ်မှာ ငါ့ကို လိမ်ပြီးလို့လဲ"

"မဟုတ်တာဘဲ ရာဇဝတ်အုပ်မင်းရယ်။ ရာဇဝတ်အုပ်မင်းပဲ ပြောခဲ့တယ်မဟုတ်လား။ မင်းရဲ့လိမ်တတ်တဲ့ပညာနဲ့ ငါ့ဆီက ပစ္စည်းတစ်စုံတစ်ခုကို ရအောင်လိမ်ပြရမယ်ဆို"

"ဟုတ်တယ်လေ .. ငါ ပြောခဲ့သားပဲ"

"ခု .. ကျွန်တော်မျိုးသောက်ခဲ့တဲ့ ထန်းရည်နှစ်မြူဟာ ရာဇဝတ်အုပ်မင်းဆီက ပိုက်ဆံကိုလိမ်တောင်းပြီး သောက်ခဲ့တာ မဟုတ်လား"

"ဟာ .. ဟုတ်ပါရဲ့ကွာ"

ရာဇဝတ်အုပ်မင်းခမြာ ထိုအခါကျမှ ခံလိုက်ရမှန်းသိပြီး င်းဇေါ်နဖူးကို ငှင်းဖာသာ ဖတ်ခနဲ ရိုက်ထည့်လိုက်ရင်း တဟားဟား ယ်ပါလေတော့၏။

"ဟား .. ဟား .. ဟား တတ်လည်းတတ်နိုင်တဲ့ ငတောပဲ။ တော်သဟေ့ မင်းကို ချီးမွမ်းသဟေ့။ ငါ့ကိုယ့်ငါ လည်လှပြီ ထင်နေတာ မင်းနဲ့ကျမှ မှတ်ကရောပဲ ဟား .. ဟား"

"ကိုင်း .. သူကြီးရေ ငတောကို သဘောကျသွားပြီဗျို့ သူ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ကျုပ်တို့အားလုံး ထမင်းဝိုင်းဖွဲ့လိုက်ကြရအောင် ပြင်ပေတော့ဗျို့"

"ဟား .. မဟုတ်တာ ရာဇဝတ်အုပ်မင်းရယ်"

"ဘာမဟုတ်ရမှာလဲ ငတောရာ။ ခုကိစ္စမှာ မင်းမှာ အပြစ် မရှိပါဘူးကွာ။ ကိုင်း .. ထ .. ထ ထမင်းပွဲရှိရာ သွား[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြုရအောင်"

[illegible] နှလုံးသားလှသော ထူးခြားရှားပါးလှသည့် ရာဇ [illegible] ကလိမ်ကကျစ်တေလည်း ဟင်းတွေ [illegible] ထမင်းဝိုင်းကို အားပါးတရ ဝင်ဟဲခဲ့ရပါလေ [illegible]

❖



ရာဇဝတ်အုပ်မင်း ပြန်သွားပြီးသကာလ။

မန်ကျည်းကန်တစ်ရွာလုံး တေအကြောင်းမှာ ပြောစမှတ်တွင်ကျန်ရစ်ခဲ့သည်။

"တေကတော့ စံပါပဲကွာ။ ရာဇဝတ်အုပ်မင်းကိုတောင်မှ လိမ်ပြနိုင်တယ်"

"ဟုတ်ပ .. တကယ်တော်တဲ့ကောင်။ ဉာဏ်ရှိတဲ့ကောင်၊ ကောင်းတဲ့နေရာမှာ ဉာဏ်ပြေးတဲ့အတိုင်း အသုံးချနိုင်ရင် တော်တော့်ကို ကြီးပွားချမ်းသာမယ့်ကောင်ပဲ"

"ခက်တာက ဝါသနာဗီဇကို ဖျောက်မရတာပဲ။ လိမ်စရာ မရှိရင် အိမ်မှာရှိတဲ့ ကြိုးကိုလိမ်နေတာ။ သွားရည်စာ စားရင်တောင် မုန့်ကြိုးလိမ်မှ စားတတ်တဲ့ကောင်"

"ခုလည်း .. ရွာက ပျောက်သွားပြန်ပြီ။ ကွင်းထဲက အိမ်ကြီးကို အသေအချာပိတ်သွားလို့"

"ဒါဆို တစ်လကိုးသီတင်းမကတော့ [illegible]ညဉ်းမှာပဲ။ ဒါ



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာရာမှာ သွားလိမ်ဖို့အတွက် ထွက်သွားတာဖြစ်မှာပဲ''

''သေချာတာပေါ့ကွာ''

ရွာသူရွာသားအပေါင်းမှာတော့ ငတေ၏အကြောင်းချင်း ရာမှန်သမျှသည် တီးတိုး တီးတိုးနှင့် သဖန်းပိုးလုပ်ချင်စရာပါ တည်း။

❖



# ရာဇဝင်တစ်စ စာတင်ရလျှင်

www.burmeseclassic.com

www.burmeseclassic.com

ရွာအမည်ကလေးက ... လှတပတ။

'ရွှေပန်းဝေါ' ဟူသည့် အမည်နာမကို ပိုင်ဆိုင်ထား

သည့်ရွှေပန်းပေါ်ရွာကလေး၌ လယ်မြေကေမျှားစွာကို ပိုင်
ဆိုင်လျက် သီးစားခချထားကာ တစ်ဖက်မှလည်း ငွေတိုးပေး
ရင်း ကြီးပွားချမ်းသာနေသော ဦးဖြိုးထိန်အမည်ရှိ မုဆိုးဖိုကြီးတစ်
ရှိလေ၏။

၎င်းဦးဖြိုးထိန့်ထံ၌ သမီးနှစ်ဦးရှိလေရာ အရွယ်ရောက်
သူတို့၏ သဘာဝအတိုင်း ၎င်းတို့နှစ်ယောက်အား နှစ်သက်သူများ
အိမ်ထောင်ရက်သားချပေးထားပြီး အမွေအချို့ခွဲဝေပေးခဲ့၏။ သ
များမှာလည်း ၎င်းတို့၏ လင်သည်များနှင့် ရွှေပန်းပေါ်ရွာအတွ
အိမ်ခွဲနေကာ ကိုယ်ပိုင်လုပ်ငန်းအသီးသီးကို လုပ်ကိုင်နေကြ
နှစ်ဖက်မိဘများထံမှ သင့်တင့်သော အမွေဉစ္စာတို့ ခွဲဝေရရှိထား
ကြသည်မို့ ပြေပြေလည်လည်ရှိကြလေ၏။

ဦးဖြိုးထိန်ကား သမီးများမရှိတော့ပြီမို့ ဆွေမျိုးနီးစပ်တေ





သာ 'ကျင်ငွေ'ခေါ် တူကလေးတစ်ယောက်ကို ၎င်းအား ချက်
ပြုတ်ကျွေးမွေး၍ တောက်တိုမည့်ရမျှား ကူညီဖော့ရရန် ခေါ်ထား
သ၏။ ဦးဖြိုးထိန်၏ ဇနီးကား ၎င်း အသက် (၆၀)ခန့်က ကွယ်
လွန်ခဲ့ရှာပြီဖြစ်၏။

ယခု ဦးဖြိုးထိန်၏ အသက်မှာ (၇၅)နှစ်ခန့်ရှိလေပြီ။

သို့သော်လည်း တရားမဖက်နိုင်သေး၊

စိပ်ပုတီးဖြင့် ရိပ်ကြီးမခိုနိုင်သေး။

"တရားအလုပ်ပဲကွာ ... ဘယ်အချိန်လုပ်လုပ် ရပါ
တယ်။ ကိုယ့်စိတ်ထဲမှာ တရားရှိနေဖို့ပဲလိုပါတယ်။ တရားကို
ဘယ်မှာမှသွားရှာနေဖို့ မလိုပါဘူး။ တရားရှာရင် ကိုယ့်ကိုမှာပဲ
ရှိပါတယ် ကျင်ငွေရဲ့"

"ဟုတ်တော့လည်း ဟုတ်ပါတယ် အဘရယ်"

"ဟုတ်ကိုဟုတ်တာကွ။ လူ့ဘဝမှာ နေတုန်းနေရခိုက်
ဘဝစည်းစိမ်ကို ပြည့်ပြည့်ဝဝခံစားချင်တယ် ကျင်ငွေရာ
ဟောဒီမှာ ကြည့်စမ်း"

ပြောပြောဆိုဆိုနှင့် မရှိမဲ့ရှိမယ့် ကြွက်သားများကို ထုတ်ပြ
လေ၏။

"ဟင် .. အဘဟာ ကြွက်သားလည်း မရှိဘူး။ လက်
မောင်းသားတွေပဲ ပျဉ်းတွဲကြီး တွဲကျနေတယ်။ ဘတ်[illegible]
ဘတ်လပ်နဲ့"

"တောက် .. မင်းတော့ နာဦးတော့မှာပဲ။ အနိုင်ကြည့်
လည်း အကောင်မမြင်ဘူး"

"မြင်ပြီ .. မြင်ပြီ။ အဘလက်မောင်းမှာ အိမ်မြှောင်



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ကလေးတစ်ကောင်''

"ဟာ .. ဒီကောင်ကတော့ကွာ .. ခုတ်ရာတစ်ခြာ ရှရာတစ်ခြားလုပ်နေတော့တာပဲ ..။ ငါဆိုလိုချင်တာက ငါ အသက်ကြီးပေမဲ့ မပျက်စီးသေးဘူးဆိုတဲ့သဘော။ ဖွဲတစ် မက နိုင်ပါသေးတယ်ဆိုတဲ့သဘောကို နိမိတ်ပြနေတာကွ

"သြော် .. သည်လိုကိုး။ သဘောပေါက်ပြီ အ သဘောပေါက်ပြီ။ အဘအနေနဲ့ သမီးတွေဆိုတာကလ သူတို့ အိမ်ထောင်နဲ့သူတို့ သီးခြားစီခွဲနေကြတယ်။ ကျွန် ကလည်း တစ်နေ့ကျရင် အိမ်ထောင်ရက်သားကျပြီး ခွဲ လိမ့်မယ်လို့ ယူဆထားလေတော့ ကိုယ်နဲ့မကွာ၊ ရင်နဲ့မ ဆေးပေးမီးယူရှိ ရင်ကောင်းမယ်ဆိုတဲ့ သဘောပဲပေါ့

"ဟာ .. ကျင်ငွေ မင်းတော်တော်လေး ဒုံးမဝေးတေ လားပေ့။ ဟုတ်ပေ့ကွာ ဟုတ်ပေ့။ အဲသည်လိုမျိုး ချ နားခွက်က မီးတောက်မှပေါ့။ ဟုတ်တယ်ကွာ .. ငါ .. မိ လိုချင်နေတယ်''

"ဒါဆိုလည်း မခက်ပါဘူး အဘရယ်။ ဟောဒီ ရွှေပန် ရွာမှာပဲ ရှိပါတယ်။ အကျင့်စာရိတ္တလည်းကောင်းတ အချက်အပြုတ်လည်းကျွမ်းတယ်။ အိမ်ကိုလည်း လုံခြုံအေ ထိန်းသိမ်းနိုင်တယ်။ အဘသာ အလိုရှိရင် ကျွန်တော် အ ပြေအောင် ဖန်တီးပေးနိုင်ပါတယ်''

"ဟာ .. တယ်ဟုတ်ပါလား ကျင်ငွေရယ်။ တယ် ပါလား။ မင်း ငါ့အပေါ် တော်တော်ကလေး အလိုက်သိ တာပဲ။ ဒါထက် ဘယ်အပိုင်းကလဲ ဘယ်သူလေးလဲ





"အနောက်ပိုင်းကပဲ အဘ။ 'ဒေါ်ဖွားတင်' တဲ့။ မုဆိုးမကြီးလေ။ အသက်ကတော့ (၅၀) ကျော်ပါပြီ။ အဘနဲ့ဆို ဘုရားသွား ကျောင်းတက် ဖော်လည်း လိုက်ဖက်ညီမယ့် အတွဲပဲ အဘရဲ့''

"ဟယ် .. ဂန်းမသား။ တောက် ... ငါက အဟုတ်မှတ်လို့ နားထောင်နေတာ။ သချိုင်းကုန်း လေးဘက်ထောက်တော့မယ့်ဟာနဲ့ ငါ့ကိုလိုက်စပ်နေတာ သွား .. သွား .. သွားစမ်းကွာ ဖနောင့်စာမိတော့မယ်''

"တောက် .. ငါလိုချင်တာက (၁၆) (၁၇) (၁၈) လောက်။ မသက်ာ (၂၀) မျိုး (၂၅) မျိုးဆိုလည်း မဆိုးပါဘူး။ ဘယ့်နှယ့် လောကီစည်းစိမ်ကို ခံစား၊ စံစားချင်ပါတယ်ဆိုမှ အိုနာကျိုးကန်း ဖရောဖရာမိတွေနဲ့ ဘယ်ဖြစ်ပါ့မလဲ။ ကိစ္စမရှိပါဘူး။ ငါ့မှာ သုံးနိုင်၊ ဖြုန်းနိုင်၊ ပေးနိုင်၊ ကမ်းနိုင်တဲ့ ငွေကြေးဥစ္စာတွေ ပြည့်ပြည့်စုံစုံရှိနေတဲ့ ဥစ္စာပဲဟာ။ ဒါတွေနဲ့ တံတားခင်းလိုက်ရင် တစ်ယောက်မဟုတ် တစ်ယောက်တော့ လျှောက်လာမှာ အမှန်ပဲ။ သည်အခါကျမှ ဖြိုးထိန်ဆိုတာ ဘာလဲလို့သိအောင် မဏ္ဍပ်တိုင်ကို အုန်းဝင်စိုက်ပြီး တက်ပြလိုက်ဦးမယ် ဟင်း .. ဟင်း''

သို့ဖြင့် ရွှေပန်းပေါ်ရွာ၏ ကြေးရတတ်မုဆိုးဖို ဦးဖြိုးထိန်မှာ 'နေသေးသပချူထဲက၊ ချိုသွေးသပ တမြမြ' ဖြစ်နေလေတော့တကား။

❖



www.burmeseclassic.com

www.burmeseclassic.com

မြှူးတိုးတဲ့ . . . ငါး

www.burmeseclassic.com

www.burmeseclassic.com

အချိန်ကား နေညိုစောင်းသည့်အချိန်။

ရွှေပန်းပေါ်ရွာကလေး၏ အပြင်ဘက်လယ်ကွင်းတွေမှာ ...တော့ ညနေရီနေရောင်ခြည်က လင်းလင်းချင်းချင်းရှိနေမည် ...မှန်သော်ငြား သစ်ပင်ကြီးငယ်တို့ ဝေဆာအုပ်ဆိုင်းလျက်ရှိသော ရွှေပန်းပေါ်ရွာကလေးအတွင်းမှာမူ တဖြည်းဖြည်းနှင့် မှောင်ခြည် ...သန်းဖို့ အားယူနေပါပကော။

''ကလောင် ‥ ကလောင် ‥ ကလောင်''

ခြူသံတလွင်လွင်ပေး၍ မောင်းနှင်လာသော လှည်းတစ်စီး သည် ဦးဖြိုးထိန်တို့၏ ကျယ်ဝန်းသောခြံထဲသို့ မောင်းဝင်လာသည် ကို အိမ်ကြီးရှိုင်ပေါ်မှနေ၍ ဦးဖြိုးထိန်လှမ်းမြင်လိုက်ရ၏။

''တင် ... လှည်းပေါ်က ဘယ်သူများပါလိမ့်''

သည်သို့ ဇဝေဇဝါဖြစ်နေစဉ်မှာပင် လှည်းပေါ်မှနေ၍ အသက် (၂၀) ဝန်းကျင်အရွယ် တောင့်တောင့်ရှောင့်ရှောင့်နှင့် အမျိုးသမီးငယ်တစ်ဦး ဆင်းလာလေသည်။ ပြီးနောက် အိမ်ပေါ်သို့





မော့ကာ လှမ်းအော်လိုက်သည်။

''အိမ်ရှင်တို့ ‥ အိမ်ရှင်တို့''

သဒ္ဒအသံလေးက သာယာညင်းပျောင်းလှသည်ဟု ဦးဖြိုး ထိန် ထင်လိုက်၏။ 'စက္ခုရူပေနသံဝါသ'မတိုင်မီ 'သဒ္ဒသောတ သံဝါသ'က ရှေးပြေးအဖြစ် ပင့်လိုက်လေရော့သလား။

''ရှိတယ် ‥ ရှိတယ် အပေါ်ကို တက်ခဲ့လေကွယ်''

''ဟုတ် ‥ ဟုတ်ကဲ့ရှင့်''

သာယာညင်းပျောင်းသော သဒ္ဒပိုင်ရှင်မကလေးသည် လှုပ်လီလှုပ်လဲ့ဖြင့် လှေခါးလက်ရမ်းကို ကိုင်တွယ်လျက် အိမ်ကြီး ရှိုင်ပေါ် တက်လာ၏။ ထိုသို့တက်လာစဉ် အပေါ်စီးမှလှမ်းကြည့် နေသော ဦးဖြိုးထိန်အဖို့ ရင်တဖိုဖိုဖြစ်ပေါ် ခံစားနေရလေသည်။

''ဟာ ‥ နည်းတာကြီး မဟုတ်ပါလား။ အားပါးပါး တယ်လည်း ဆုတောင်းကောင်းတဲ့ ခန္ဓာကိုယ်ပိုင်ရှင်ပဲ။ အယ်. အသားလေးက ဖြူသဟ။ ရုပ်ရည်ကလည်း သနားကမားနဲ့ ဆွဲ ဆောင်မှုအပြည့်ရှိပေသား''

မျက်နှာကလေးကလည်း ငေးကြည့်လောက်အောင်က ချစ်စရာကောင်းလှပါကလား။ အောင်မလေး ငါ့နှယ်နော် ဘယ်... ဖြစ်မှန်းကို မသိတော့ဘူး။

ဦးဖြိုးထိန်ခမျာ ရင်တွေတဒိတ်ဒိတ်ခုန်လျက် တံတွေး... ... သလုခနဲမြိုချလိုက်သည်။ မိန်းမပျိုလေးသည် အိမ်ပေါ်ရောက်သော် ခပ်နွဲ့နွဲ့ကလေးရပ်လျက် ‥

''သည်ရွာမှာ ဒေါ်သင်းမေဆိုတာရှိသလား ဦးကြီး။ နဖူးမှာ မှဲ့ကြီးနဲ့လေ''



www.burmeseclassic.com

www.burmeseclassic.com



"[illegible] .. ဒေါ်သင်းမေ ဟုတ်လား"

"ဟုတ်ပါတယ် .. ဦးကြီးရယ် ကျွန်မရဲ့ ကြီးမေ တော်ပါ [illegible] ဒီရွာက ဦးညွန့်လွင်ဆိုတဲ့ ကုန်သည်နဲ့ အိမ်ထောင် [illegible]တယ်ကြားရလို့ လာခဲ့တာပါရှင်"

"ဟာ .. မဟုတ်တာကွယ်။ ဦးကြီးဟာ ဒီရွာမှာ မွေး အတည်းက ခုထိနေထိုင်လျက်ရှိသူပါ။ တူမပြောတဲ့ ဦးညွန့် လွင်ဆိုတာလည်း မရှိပါဘူး။ နာမည်တူတောင် မရှိဘူးကွယ်။ ဒေါ်သင်းမေဆိုတာရှိလည်း မရှိဘူး။ ကြားလည်း မကြားဖူး ပါဘူးကွယ်။ ဦးကြီးအမှန်အတိုင်း ပြောတာပါ"

"ဟင် .. ဒါဆို ကျွန်မတော့ ကိုယ်ကျိုးနည်းပါပြီ [illegible] ... ဟင့် ... ဟင့်"

ပြောပြောဆိုဆိုနှင့် လှပနွဲ့သော မျက်နှာကလေးကို [illegible]ပြောင်းသောလက်ဝါးအစုံအုပ်ကာ ရှေ့ရင်သိမ့်သိမ့်တုန်မျှ ငိုကြွေး [illegible]လေသည်။

"အို .. အို ဘယ်လိုဖြစ်ရတာလဲကွယ်။ ဘယ်လို အခက် [illegible] ကြုံတွေ့လာရတာပါလိမ့်။ ဦးကြီးကို ယုံကြည်စိတ် [illegible] အကျိုးလေးအကြောင်းလေးတော့ ပြောပြဦးမှပေါ့ [illegible] ထတ်နိုင်သလောက်ကူညီမှာပေါ့ကွယ်။ ဘာမှ အား [illegible] ပြော .. ပြော"

[illegible]ထိန်အဖို့ ၎င်း၏ရှေ့၌ တောင့်သော၊ ဖြောင့်သော [illegible] ယမင်းရုပ်ကလေးကိုကြည့်၍ ရင်ထဲမချိတော့ [illegible] ဘယ်ကဘယ်လို တိုက်စားသွားလေသည် [illegible]





"ဟုတ် .. ဟုတ်ကဲ့ပါ။ ကျွန်မနာမည် ဒါလီလို့ခေါ်ပါတယ် ဒါလီ ရန်ကုန်ကနေ ထွက်ပြေးလာတာပါရှင်။ သည်ရောက် တော့ ကြီးမေကို မတွေ့ရဘူးဆိုတော့ လဲသေလိုက်တာကမှ အကောင်းဆုံးဖြစ်ပါလိမ့်မယ် ဦးကြီးရယ် အဟင့်ဟင့်"

"အို .. မကြံကောင်း မစည်ရာကွယ် "

"ဟုတ်ပါတယ် ဦးကြီးရယ် .. ဒါပေမဲ့လည်း မတတ်နိုင် တော့ဘူးလေ။ လှည်းက ဟိုဘက်ကမ်းနားဘေးက ရွာက ငှားလာတာ။ မိုးကချုပ်တော့မယ်။ ပြန်လိုက်သွားရင်လည်း ဘဝအတွက် လုံခြုံမှုရှိမယ်မထင်ဘူး"

"ဟုတ်တယ် .. ဟုတ်တယ်။ သည်ကာလကြီးမှာ ဘယ် သူ့ကိုမှ အလွယ်တကူမယုံရဘူး .. ဒါလီရဲ့"

'တူမ' ဆိုသည့် အသုံးအနှုန်းမှ မသိမသာဆိုသလို 'ဒါလီ'ဟု ပြောင်းသုံးလိုက်ခြင်းက ဦးဖြိုးထိန်၏ သွေးတိုးစမ်းမှု တစ်ခုရယ်သာတည်း။

"ဟုတ်ပါတယ် .. ဦးကြီးရယ် .. ဒါလီတော့ ဘာလုပ်ငံ့ ဘာကိုင်ရမှန်း မသိတော့ပါဘူးရှင်။"

"အဲဆို .. ဒီလိုလုပ်။ ဒါလီရဲ့ ကြီးမေ ဒေါ်သင်းမေဆိုတာ ကို နောက်ရက်ရောက်တာနဲ့ ဦးကြီးတို့ စုံစမ်းပေးပါ့မယ် ဒီညတော့မပြန်နဲ့၊ သည်မှာပဲ စိတ်ချလက်ချ အိပ်ရအောင် ဦးကြီး စီစဉ်ပေးပါ့မယ် ဟုတ်ပလား။ အိမ်ကြီးက အကျယ် ကြီးပါ။ ဦးကြီးနဲ့ တူကလေးတစ်ယောက်ပဲနေတာပါ။ ဘာ လုံခြုံမှုအတွက် တာဝန်ယူပါတယ်"

"အင်းလေ .. ဒါလီ ဦးကြီးကို မြင်မြင်ချင်း ယုံကြည်ရ



www.burmeseclassic.com

www.burmeseclassic.com



...စင်ရှင်လို့ ယုံကြည်လိုက်ပြီးသားပါရှင်''

...တောသားက ဦးဖြိုးထိန်၏ နှလုံးသားအား အရည်ပျော်...သည်။ စိတ်ထဲမှာလည်း ''ငါကွ၊ ကော်ကောင်ကွ၊ ...လာစွဲတာပဲကွ'' ဟူ၍ ကြုံးဝါးလိုက်မိပါသေး၏။

''ဒါဆို .. လှည်းပေါ်မှာရှိတဲ့ ဒါလီရဲ့ အထုပ်တွေ ...လိုက်ဦးမယ်။ လှည်းခလည်းပေးရင်းပေါ့''

''ဟော့ .. ဟော့ .. ကျင်ငွေ။ သွား အထုပ်တွေ ဝိုင်းကူပြီး ...ခဲ။ လှည်းခငွေကို ဒီကပဲပေးလိုက်။ ဒါလီ့ဆီက လုံးဝဆို လုံးဝ မယူနဲ့ ကြားလား''

''ဟုတ်ကဲ့ .. အဘ''

ကျင်ငွေ၏ သဘောရိုးဖြင့် ''ဟုတ်ကဲ့ .. အဘ'' ဆိုလိုက်ခြင်းအတွက် ဦးဖြိုးထိန်အဖို့ စိတ်ထဲမျက်ခနဲဖြစ်သွားရသည်။ မဖြစ်ဘဲနေနိုင်ပါရိုးလား။ ဒါလီရှေ့မှောက်၌ ''အဘ'' ဆိုသည့် အသုံးအနှုန်းက သူရှေ့ဆက်ရမည့် ခရီးလမ်းစဉ်အတွက် အ...အထင်သေးမှယ် ဖြစ်လေသည် မဟုတ်ပါလား။

ခဏအကြာမှာတော့ .. ဒါလီနှင့် ကျင်ငွေတို့မှာ အထုပ်...ထုပ်...ခဲ့လျက် အိမ်ပေါ်ပြန်တက်လာခဲ့သည်။ ထိုအချိန်ဝယ် ...ထောင်လာခဲ့သောလှည်းသည် ဦးဖြိုးထိန်၏ ခြံအကွင်းမှ ...ပျောက်ကွယ်သွားပါတော့၏။

ကျင်ငွေသည် အထုပ်ကလေးချပြီးနောက် ဒါလီထိုင်ဖို့ရာ အတွက် သင်...ယ်တစ်ချပ်ကို ခင်းပေးလိုက်သည်။

''ကိုင်း .. လက်ထဲက အထုပ်ချပြီး ထိုင်စမ်းပါဦး ဒါလီ ...။ တော်ရုံတန်ရုံနဲ့တော့ အိမ်ကထွက်ပြေးလာတာ မဖြစ်...





နိုင်ဘူး။ အကျိုးအကြောင်းကလေးများ မျှဝေခံစားဖို့ရာ ပြောနိုင်ရင် ပြောပါလား ဒါလီရယ်''

''ပြောပါ့မယ်ဦးကြီးရယ် .. ဒါလီအနေနဲ့လည်း ခုလိုမျိုး ကိုယ့်အပေါ် စိတ်ကောင်းစေတနာကောင်းရှိတဲ့ သူတော်ကောင်းကြီးတွေကို ရင်ဖွင့်လိုက်ရမှပဲ ရင်ထဲပေါ့သွားတော့မှာပါ။

အဖြစ်အစုံကို ရှေ့မျက်နှာနောက်ထားပြီး ပြောပါတော့မယ်။ ဒါလီရဲ့အသက်ဟာ ခုဆိုရင် (၁၉) နှစ်ပြည့်ပါပြီ။ အမေက ဒါလီ (၁၅) နှစ်လောက်မှာတင် ကွယ်လွန်အနိစ္စရောက်ခဲ့ပါတယ်။ အမေမသေခင်ပြောပြခဲ့လို့ မှတ်ထားရာက ကြီးမေရဲ့ နာမည်နဲ့ ရွာကို သိရတာပါ။ သည်ရောက်တော့ အလွဲလွဲအချော်ချော် ဖြစ်ရတယ်နော်။ ဒါလီရဲ့ ကုသိုလ်ကံဆိုးပုံများကတော့''

ပြောဆိုနေရင်းမှာပင် ဝမ်းနည်းအားငယ်စိတ်များ လွှမ်းမိုးလာလေရော့ထင့်၊ အသံတို့က တိမ်ဝင်သွားပြန်သည်။

''အိုကွယ် .. ဦးကြီးတစ်ယောက်လုံးရှိနေတဲ့ဥစ္စာ ဘာ... အားငယ်စရာမရှိတော့ဘူးမှတ်လိုက်။ ဆက်သာပြော ... ဆက်သာပြော .. ဒါလီ''

''ဟုတ်ကဲ့ .. အမေမရှိတော့တဲ့ အချိန်မှာပဲ အဖေဟာ သမီးမိန်းမပျိုကလေးကို အနီးကပ်စောင့်ရှောက်နိုင်ဖို့ဆိုပြီး နောက်အိမ်ထောင်ပြုလိုက်ပါလေရော။ အဲသည်မှာတင် ငါးသိမ်းမှောက်တော့တာပါပဲ။ မိထွေးဟာ မိထွေးပီပီပါပဲ။ ဒါလီ့ကိုလေ အဖေ့ရှေ့မှာတစ်မျိုး အဖေ့ကွယ်ရာမှာတစ်မျိုး ဆက်ဆံပါ



www.burmeseclassic.com

www.burmeseclassic.com



[illegible]တော့ တကယ့်ကို အရုပ်ပါပဲ။ မိထွေးနိုင်း [illegible]ကို ကုန်းရုန်းလုပ်ကိုင်ပေးရှာပါတယ်။ ကွယ်ရာမှာ [illegible] ဒါလီကို အမျိုးမျိုးနှိပ်စက်တာပေါ့လေ။ ဒါလီ့အဖို့ [illegible]သွားရင် စိတ်ထိခိုက်သွားလိမ့်မဟဲ့ဆိုပြီး ကြိတ်မှိတ် [illegible]နေခဲ့ပါတယ်ရှင်''

"ကျွတ် .. ကျွတ် .. ကျွတ် ဖြစ်မှဖြစ်ရလေကွယ် [illegible]ရယ်''

"အတိတ်ကံပေါ့ ဦးကြီးရယ်။ အမေနဲ့လည်း သေကွဲကွဲခဲ့ရ ဖခင်မေတ္တာကိုလည်း အပြည့်အဝမရ။ မိထွေးရဲ့အနှိပ်အစက်ကိုလည်းခံရဆိုတော့ ဒါလီရဲ့ အတိတ်ဝဋ်ကြွေးက အတော်လေး ကြီးပေတာပဲနော်''

''မပူပါနဲ့ကွယ် ကြွေးဆိုတာ ဆပ်တတ်ရင် ကျေပါတယ်။ ဒါလီ ဝဋ်ကြွေးတွေကျေတော့မယ်လို့ သဘောထားလိုက်ပါ။ ဦးကြီးရှိပါတယ်ကွယ်''

ဦးဖြိုးထိန်ကား ရေလိုက်ငါးလိုက်စကားဆိုရင်း ကျုံးသွင်း[illegible]နေတော့သည်။

"အဖေကတော့ နေထွက်ကနေဝင် အပြင်အလုပ်ထွက်[illegible]နေရတော့ မိန်းမလည် သိန်းကြွယ်မကြီး မိထွေးရဲ့လုပ်[illegible] [illegible]ဘူးပေါ့လေ။

[illegible]လည်ပြီး ဖဲလှည့်ရိုက်တယ်။ ဖဲရှုံးတော့ [illegible]တယ်၊ အကြွေးတွေက ပီသထက်ပိလာတော့ [illegible] အမေ့လက်ထက်ကတည်းက ပိုင်ဆိုင်လာ[illegible]ကို အပေါင်ခံတဲ့တရုတ်အဖောင်ဆီမှာ



ပေါင်လိုက်တယ်။ ရလာတာကိုလည်း ဖဲချပစ်တာပဲ။ သည့်အကြောင်းတွေ အဖေ့ကိုပြောရင် အသွိပ်လို့လည်း ဒါလီ့ကို ခြိမ်းခြောက်ထားသေးတယ်''

''တော်တော်ဆိုးတဲ့ မိထွေးပါပဲလား။ အင်း အဲဒါကြောင့်မို့လည်း မိထွေးဆိုရင် ဘုရားရှင်လက်ထက်တော်အခါက မိထွေးတော် ဂေါတမီကလွဲလို့ ဘယ်မိထွေးမှ မကောင်းဘူးရယ်လို့ ဆိုစကားကြားဖူးပေတာပဲ''

''ဟုတ်တာပေါ့ ဦးကြီးရယ်၊ ဒီလိုနဲ့ မမျှော်လင့်တဲ့ တစ်နေ့မှာ အဖေဟာ အဆုတ်ရောဂါရပြီး အိပ်ရာထဲ ဘုံးဘုံးလဲတော့တယ်။ ငွေရှာမပေးနိုင်တော့ မိထွေးဟာ အဖေ့ကို ဆေးလည်း ကောင်းကောင်းမကုပေးတော့ဘူး။ သည်ကြားထဲ ပေါင်နှံတဲ့ ကာလအတိုင်းအတာပြည့်တော့မယ်ဆိုတော့ တရုတ်အဖောင်နဲ့ မိထွေးတို့ စကားပြောကြတယ်။ မိထွေးဟာ အကြွေးပတ်လည်ဝိုင်းနေတာမို့ ဘယ်လိုနည်းနဲ့မှ အိမ်ကိုမရွေးနိုင်တော့ဘူး။ သည်အကြောင်းသိရတဲ့ အဖေ့မှာ ရောဂါက တိုးတော့တာပါပဲ။ အဲဒီအချိန်မှာ မိထွေးဟာ တရုတ်အဖောင်နဲ့ အပေးအယူ လုပ်လာခဲ့တယ်''

''ဘယ်လိုလုပ်တာတုံး ဒါလီ''

''ဒါလီကိုရရင် အဖောင်က အပေါင်စာချုပ်ကို ပြန်ပေးမယ့်အပြင် ငွေငါးသောင်းပေးမယ်တဲ့လေ။ မိထွေးကတော့ သည်းစကားကြားလိုက်ရတာနဲ့ ဝမ်းအသာကြီးသာပြီး အချိန်ရှိသရွေ့ ဒါလီ့ကို နားချတော့တာပါပဲ။ စဉ်းစားကြည့်ပါ ... ဦးကြီးရယ်။ ဒါလီယူရမယ်ဆိုတဲ့ တရုတ်အဖောင်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ဗိုက်အိုးကြီးက ရာဝင်အိုးနီးပါး၊ နဖူးကပြောင်ပြောင်၊ မျက်ပေါက်က ကျဉ်းကျဉ်း၊ ပါးနှစ်ဖက်မှာလည်း ဝက်ခြံပုန်းတွေပြည့်နှက်လို့။ နှုတ်ခမ်းနှစ်ဖက် လန်နေရတဲ့အထဲ သွားကလည်း ခေါထွက်နေလိုက်သေး။ ဦးကြီးတို့ ရုပ်ရည်နဲ့ဆို ကွာမှကွာ''

ဒါလို့စကားက ဦးဖြိုးထိန်၏ နှလုံးသားအစုံအား အရည်...ာ တောက်တောက်ကျသွားစေခဲ့ပြန်သည်။ တယ်လည်း ချစ်စ...ာကောင်းသည့်ဒါလီ။ အလိုက်တသိရှိလွန်းလှစွာသော အမရာ...နှုရီ၊ မဒ္ဒီ၊ သမ္မုလ ကဲ့သို့ တော်လေးဝဝင် မိန်းမကောင်း...န်းမမြတ်၊ မိန်းမလှကလေးပါတကား။

''ဒီတော့ ဒါလီက ဒါလို့ မိထွေးကို ဘယ်လိုပြန်ပြောလိုက်သလဲ''

''ဘယ်လိုပြန်ပြောရမှာတဲ့လဲ ဦးကြီးရယ်။ အဲဒါကြီးကိုကျွန်မတော့ မကြိုက်နိုင်ဘူး။ ယူလည်း မယူနိုင်ဘူး။ ရှင်ကြိုက်ရင် ရှင့်ဘာသာယူလို့ ပြောထည့်လိုက်တယ်။ အဲဒီတော့သမ်းပုံမီးကျဖြစ်ပြီး ဒါလို့ကို ရိုက်လားနှက်လား လုပ်ပါတော့တယ် ဦးကြီးရယ်''

''တောက် ‥ တယ်လည်း ရက်စက်ကြပါကလားကွယ်''

''နှုန်းတာသည်းကလည်း ဒါလို့အပေါ် မေတ္တာမှမရှိတာဘဲဦးကြီးရယ် အဖေတို့ဆန္ဒမပြည့်ဝတော့လည်း အခဲမကြေဖြစ်ပြီးနှိပ်စက်ကြတာပဲပေါ့။ တကယ်ဆို အသက်အရွယ်ကို ဒါလီထည့်မတွက်ပါဘူး ကွာချင်တိုင်းကွာပါစေ။ မြေးအဘိုးလောက်ကွာပါစေ။ ကိုယ့်အမျိုးသားချင်းဆို လက်သင့်ခံနိုင်ပါတယ်။





ခုလိုမျိုး လူမျိုးခြားနဲ့တော့ လုံးဝသွေးအနှောမခံနိုင်ဘူး ဦး...ရဲ့''

သည်စကားကြောင့် ဦးဖြိုးထိန်ခမျာ ပို၍ သာ၍ ... ၍ အကြီးအကျယ် အားထက်လာရပါပကော။ တကယ်ခ...လျှင်ဖြင့် အသက်အရွယ်တွေ ဘယ်ရွေ့ဘယ်မျှ ကွာခြား...တော့။ အချစ်သည် အချစ်၊ အသက်သည် အသက်၊ အရွယ်...အရွယ်ပင် မဟုတ်လား။ အားလုံးကို ကွယ်ဖျောက်နိုင်စွမ်း...ပင်။

''အဲဒါနဲ့ ဒါလို့ခေါင်းမာမှုကိုသိပြီး အတင်အကြပ်ပေး...ဖို့ရာ အကွက်ချစီမံတာကိုလည်းသိရော ဒါလီလည်း အ...မကွယ်လွန်မီပြောခဲ့ဖူးတဲ့ ကြီးမေဒေါ်သင်းမေကို သတိရ...ပြီး ဖြစ်ချင်ရာဖြစ် ထွက်လာခဲ့တာပဲ ဦးကြီးရယ်။ ဒါလို့ကို...ကရုဏာရှေ့ထားပြီး ကူညီပါနော် ‥ နော်''

သည်သို့စကားကို အဆုံးသတ်ပြီးသကာလ ဦးဖြိုးထိန်...ဒူးနှစ်ဖက်အား ဆုပ်ကိုင်တောင်းပန်လေသည်ရှိသော် ဦးဖြိုး...ခမျာ ငုတ်တုတ်ကြီး မေ့သွားမတတ် ဖြစ်ရလေတော့၏။ အ... ကြာမှ အသက်ဝင်လာတော့၏။

ရင်အစုံမှာလည်း အသက် (၁၆)နှစ်သားတုန်းဆီက ... လှုပ်ခဲ့ဖူးသည့် ရင်ခုန်သံတွေ ပြန်လည်ဆန်းသစ်လာ[illegible]။

''ကဲ ‥ ကဲ ဒါလီရယ် ဝမ်းနည်းစရာတွေ [illegible]တော့။ ဒါလီရဲ့ အဖိုးတန်မျက်ရည်ကလေးတွေ [illegible] စီးကျလာတာကိုက နှမြောစရာကောင်းလိုက်ပါဘိသနဲ့။ ဒီမှာ ဦးကြီးပြောတာနားထောင် 'လောကမှာ အသွင်မ[illegible]ရင်



www.burmeseclassic.com

www.burmeseclassic.com



အိမ်သူမဖြစ်'တဲ့။ ခု ဖြစ်ခဲ့တဲ့ကိစ္စမှာလည်း တရုတ်အဖော်နဲ့ ခါးပိုက်ဆိုတာ အသွင်မှမတူဘဲ။ အသွင်မတူမှတော့ ဘယ်ကလာ အိမ်ထောင်ရေး ပေါင်းစပ်လို့ရတော့မှာလဲ။

အခုအနေအထားမှာ ဒါလို့အနေနဲ့ စိုင်ကော်လို့ ခြုံပေါ် ချောက်ရတယ်လို့ သဘောထားလိုက်ပေတော့။ ဦးကြီးမှာ ချည်ဆွစာပြည့်စုံပါတယ်။ ဒီအိမ်ကြီးဆိုတာ နောင်အနှစ် ငါးဆယ် တစ်ရာမကနေသွားဦး၊ ဘာမှယိမ်းယိုင်မသွား လောက်အောင် တောင့်တင်းပါတယ်''

''ဟုတ်ပါရဲ့ ‥ ဦးကြီးရယ် နည်းတဲ့အိမ်ကြီးမှ မဟုတ်ဘဲ။ အိမ်ထဲမှာလည်း ပရိဘောဂအပြည့်အစုံနဲ့ ခမ်းနားလိုက်တာမှ လွန်ပါရော။ ဒါထက်အိမ်သားတွေကော မမြင်ပါလား''

''မမြင်ဆို ‥ ဦးကြီးနဲ့ တူတော်မောင် ကျင်ငွေတို့ နှစ်ယောက်ထဲနေတာ။ ဦးကြီးဟာ အိမ်ထောင်မပြုဘဲ နေခဲ့တာ ကြာပါပြီ''

''ဟင် ‥ ဘာဖြစ်လို့''

''ကိုယ့်စိတ်ထဲက နှစ်နှစ်ကာကာမရှိသေးလို့ပေါ့ ဒါလိုရယ် ရှိလာခဲ့ရင်တော့ ပြုချင်ကောင်းပြုမှာပေါ့လေ''

ဦးဖြိုးထိန်၏စကားက ရေလာအောင် ဖောက်လိုက်သည့် မြောင်းတစ်လေးနှင့်မခြား။

''ဦးကြီးရဲ့ဘဝမှာ လိုအပ်ချက်ဆိုတာ အဲဒါလေးတစ်ခုပဲ ရှိပါတယ်။ ကျန်တာတွေက ဘာမှ ပူစရာမလိုပါဘူး။ လယ်မြေ တွေဆိုတာ ဟောဒီရွှေပန်းပေါ်မှာ လက်ညှိုးထိုးမလွဲဘဲ။ ဟောဟိုက ဝေါးကျိုထဲမှာ ဝမ်းစာစပါး၊ မျိုးစပါးအပြင်





ရောင်းချဖို့ရာ တင်းငါးထောင်၊ တစ်သောင်းလောက်ရှိပါတယ် ဒါလီ။

ဟောဟိုအခန်းကိုတွေ့လား၊ အဲသည့်အခန်းဟာ အကျယ် ကြီးပဲ၊ ညှိသည်စောင်သည်များရောက်လာရင်ဖြင့် တည်းခိုရ အောင် စီစဉ်ထားတဲ့အခန်းပေါ့။ အခန်းထဲမှာ ကျယ်ဝန်းတဲ့ ရှေးဟောင်းကျွန်းခုတင်ကြီးရှိတယ်။ ထူထဲပြီးအိစက်နေတဲ့ မွေ့ရာကြီးကို ခင်းထားတယ်။ ခြင်ထောင်တွေဆိုရင်လည်း ဇာတွေချည်းပဲ။ အဲ အရောင်ကလည်း အမျိုးမျိုးဒါလီရဲ့။ ဒါထက် အရောင်တွေထဲမှာ ဒါလီအကြိုက်ဆုံးအရောင်က ဘယ်အရောင်လဲဟင်''

ဦးဖြိုးထိန်အဖို့ အချိန်နဲ့အမျှ အဖိုးတန်နေသည်ဖြစ်လေရ ကား ပြောဆိုလိုက်သော စကားလုံးတိုင်းသည် တစ်ဖက်သားကိုယ့် အပေါ် ညွတ်နူးပြိုအိကျလာမည့် ဝေါဟာရအသုံးအနှုန်း၊ ဝါကျ အဖွဲ့အနွဲ့တို့ကိုသာ ရွေးချယ်ပြောဆိုခဲ့လေသည်။

''အင်း ‥ ဒါလီက ပန်းရောင်ကို အရောင်တကာတွေ ထက်ပိုပြီး နှစ်သက်သဘောကျတယ် ဦးကြီးရဲ့''

''အောင် ‌‌. မယ် . လေး . လေး၊ ဦးကြီးနဲ့ဘယ်ဘဝ ရေစက်ကြောင့်ရယ်မသိဘူး။ ခုဘဝ လာပြန်တွေ့ကြတော့ လည်း အကြိုက်ချင်းတူနေပါကလားကွယ်ရို့။ ဟုတ်ပ၊ ဦးကြီးကလည်း အရောင့်တကာ့အရောင်တွေထဲမှာ ပန်း ရောင်ကို အကြိုက်ဆုံး။ အင်း ‥ ဒါလီနဲ့ ဦးကြီးတို့ အကြိုက် ချင်းတူနေကြပြီ။ ဒါဟာ အသွင်တူတယ်ဆိုတဲ့သဘောကို ညွှန်း ဆိုတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



စားသုံးမြားတဲ့တွေက ပစ်ကွင်း၏ဗဟိုရှိရာသို့ တန်းခနဲ ရောက်မှ တန်းခနဲ ဦးဖြိုးထိန်အဖို့ ခုလိုမျိုး အခွင့်သာ အခါပေးနေချိန် နှိုးသည် 'မောင်ကြွရွယ်တဲ့ စံပယ်ကုံး'ကလေးအား လက်လွှတ် ပစ်မိလေသော၊ တတ်ဝန်းကျင်ရာသီဥတုအနေအထားကလည်း ကိုယ့် အတ်သို့ တော်တော်ကလေးပါနေသည် မဟုတ်ပါလား။

"အဲသည့်အခန်းထဲက ဘီရိုကြီးထဲမှာ ပန်းရောင်ဖာခြည် ထောင်အပြင် ပန်းရောင်ခေါင်းအုံးစွပ်တွေ၊ ပန်းရောင်ခန်းဆီးစ လိုက်ကာတွေပါရှိလေရဲ့ ဒါလီ။ ဟောကောင် ကျင်ငွေ၊ ဒီကို လာဦး"

"ဟုတ်ကဲ့ ‥ လာပါပြီ အဘ"

တောက် ‥ သေချင်းဆိုး။ လာပြန်ပြီ သည် 'အဘ' ကိုယ့်ကိုယ်ကို အသက်အရွယ်ခပ်ငယ်ငယ်ဟူ၍ သဘောမှတ်နေစဉ် အဘဆိုသည့်စကားလုံးကြောင့် ဦးဖြိုးထိန်အဖို့ ပြေးလမ်းပေါ် ခြေချော်လဲချင်သလိုမျိုးဖြစ်ကာ စအိုပင်တွန့်သွားခဲ့ရလေသည်။

"ပြောပါ ‥ အဘ"

"ဟကောင် ‥ မင်း မမလေးအတွက် အိပ်ရာခင်း ခြင်ထောင်၊ စောင်၊ ခေါင်းအုံးစွပ်၊ ခန်းဆီးတွေကို ပန်းရောင် တွေလဲပေးလိုက်နော်။ မင်း မမလေးခမျာ ဟိုးအဝေးကြီး က လာရသည့် အင်မတန် ခရီးပန်းလာရရှာတာ။ ဘယ်လောက် အနားသို့ကောင်းလိုက်သလဲ"

"ဟုတ်ပါတယ် ‥ အဘရယ်။ မမလေးကလည်း သနား စရာကောင်းပါတယ်။ ကျွန်တော်တောင် ဘေးနားက နေရသေးရဲ့အကြောင်းကြားရတော့ စိတ်ထဲ အတော်ကလေးကို





မကောင်းဘူး။ သည့်အတွက် အဘအနေနဲ့ မမလေးရဲ့ ဒုက္ခကို ကယ်တင်ပေးရင် ကောင်းပါလိမ့်မယ်"

သည်တစ်ခါတော့ ကျင်ငွေက အလာသား။ 'အဘ' ဟူသော သူမကြိုက်သည့် စကားလုံးဝေါဟာရကြားမှာ သူအင်မတန် လိုလားသည့် ရည်ရွယ်ချက် ဝါကျတွေပါဝင်နေသည်က သဘော ခွေစရာ။

ခဏကြာတော့ ကျင်ငွေ ပြန်ရောက်လာသည်။

အခန်းကို ပြင်ဆင်ပြီးစီးပါပြီဆိုသည့် သဘော။

"ကျေးဇူးတင်ပါတယ် ဦးရယ်"

ဦးဖြိုးထိန်ရင်ထဲ ဒိန်းခနဲဖြစ်သွားရပြန်သည်။

ကြည့် ‥

ဒါလီ သုံးနှုန်းလိုက်သည့် စကားက 'ဦးကြီး' တောင် မဟုတ်တော့။ 'ဦး'။ 'ဦး' ပါတဲ့။ သည်တော့လည်း ခင်းထားသော လမ်းကလေးအတိုင်း လျှောက်သွားဖို့ရာ ကိုယ့်တာဝန်ပင် ဖြစ်ချိမ့် မည်။

"မလိုပါဘူး ဒါလီရယ်။ ဦးက ကျေးဇူးအတင်ခံချင်လို့ ကူညီတာမှ မဟုတ်ဘဲ။ တကယ့်ရင်ထဲ၊ အသည်းထဲ၊ နှလုံး သားထဲက စစ်မှန်တဲ့ မေတ္တာကရုဏာနဲ့ ကူညီတဲ့ဟာပဲကွယ်"

"သည့်အတွက် ကျေးဇူးတင်ရတာပဲပေါ့။ တကယ်လို့များ ဒါလီ့အနေနဲ့ ဦးနဲ့ ခုလို့မတွေ့ကြုံ မဆုံစည်းခဲ့ဘူးဆိုရင် ဒါလီ့ ဘဝအနာဂတ်ဟာ မြစ်ပြင်နဒီကြောမှာ အစုန်အဆန်မျော နေမဲ့ ဗေဒါလို ကြိုးပြတ်ပြီး လွင့်ချင်ရာလွင့်ရမယ့် စွန်ကလေး လို ဖြစ်နေဦးတော့မှာပဲ ဦးရယ်။



www.burmeseclassic.com

www.burmeseclassic.com



“အဲ .. ဒါလီ .. အခန်းထဲသွားပြီး အဝတ်အစားလဲလိုက်ဦးနော်”

“အဲဒါဗျာ .. လဲပါ .. လဲပါ။ အခန်းက လုံလုံခြုံခြုံရှိပါတယ်။ မင်းတုံးတွေ၊ တံခါးချက်တွေကလည်း အပြည့်အစုံပါ”

“ဟုတ်ကဲ့ .. ဦး”

ဒါလီက အထုပ်ကလေးကိုဆွဲလျက် သူမအတွက် ရည်ရွယ်ထားသောအခန်းအတွင်း တစ်လှမ်းချင်း ခပ်နွဲ့နွဲ့ကလေးဝင်သွားသည်။ သည်မြင်ကွင်းက ဦးဖြိုးထိန်၏ အသည်းကလေးဆိုင်ဘုတ်ဆိုင်ကို ယိုင်ရွဲ့စေခဲ့သည်ပဲလေ။

“ဟကောင် ကျင်ငွေ”

“ဗျာ .. အဘ”

“တောက် .. ကာလနာ မြွေပွေးကိုက်၊ မျောက်ကုပ်သား မင်း အရိပ်သုံးပါး နားမလည်ဘူးလား”

“ဘာကို နားလည်ရမှာလဲ အဘရယ်”

“ဪ .. ဒါလီလေးကို ကိုယ့်ဘက်ပါအောင် သိမ်းသွင်းနေတာ မရိပ်စားမိဘူးလား”

“ရိပ်စားမိတယ် အဘ၊ ရိပ်စားမိတယ်”

“အဲ့ဒါ မင်း ငါ့ကို ‘အဘ’ လို့ဘာကြောင့် ခေါ်ရသတုံး မောင်ကာ ‘ဦးလေး’ ဆို တော်ရောပေါ့”

“ခါတိုင်း .. ခေါ်နေကျမို့ နှုတ်ကျိုးနေလို့ပါ အဘရယ်”

“လာပြန်ပြီ .. သည် ‘အဘ’။ အေး နောက်တစ်ခါ ‘အဘ’ လို့ခေါ်ရင် မင်းကိုသည်အိမ်ပေါ်ကနေ ဖနောင့်နဲ့





ကန်ချပစ် မယ်သိလား ကျင်ငွေ”

“ဟုတ် .. ဟုတ်ကဲ့ပါ။ အ . အ . အဲ ဦးလေးရယ်”

“အလိုက်သိတတ်မှ ကြီးပွားတာကွ မှတ်ထား။ ငါ့အကြံအစည် ထမြောက်အောင်မြင်ခဲ့ရင် မင်းကိုလည်း ဘယ်မေ့ထားပါ့မလဲ”

“ဟုတ် .. ဟုတ်ကဲ့ပါ .. ဦးလေး”

ကျင်ငွေလည်း အထုပ်ကိုဆွဲလျက် ဒါလီခန်းဝသို့ ပို့ပေးပြီးနောက် မီးဖိုချောင်သို့ဝင်ကာ ထမင်းအိုးကိုမွှေရင်း ဦးဖြိုးထိန်ဖြစ်နေပုံကိုတွေးတောကာ တခိခိရယ်မောနေမိလေတော့သည်။

❖



www.burmeseclassic.com

www.burmeseclassic.com

# အချစ်နှင့် သူ၏ဒါလီ

www.burmeseclassic.com

www.burmeseclassic.com

အခန်းတွင်းမှ ကြော့ကြော့ရှင်းရှင်းကလေး လှမ်းထွက်လာ
သော ဒါလီ့ကို ငေးကြည့်ရင်း ဦးဖြိုးထိန်အဖို့ ချိန်သီးရပ်သွားသ
နာရီကြီးအလား။ အသက်ရှူရမှာ၊ မျက်တောင်ခတ်ရမှာ သ
မရတော့။ အဲ ... လည်ချောင်းထဲမျိုချသော တံတွေးတွေကမေ
တဂွပ်ဂွပ်မှ

စောစောတုန်းက အပူသည့်ရုပ်ဖြင့် နှောင်ဖွဲ့ထားသ
သနားစရာအလှ။ ခုကျတော့ သောကအပူတွေငြိမ်းအေးသွားရ
ချမ်းမြေ့ကြည်လင်လျက် ဗီးလိမ်းပြင်ဆင်ရင်း သပ်ရပ်စွာဝတ်ဆ
ဆင်ယင်ပြီး ထွက်လာခဲ့သည့် ချစ်စရာ့အလှ။

မည်သို့ပင်ဖြစ်စေ၊ ဒါလီ၏ အလုပိုက်ကွန်ကဖြင့် ဦး
ထိန်၏ နှုတ်ပြောင်ပြောင် ခေါင်းပြောင်မှသည့် အတိုအရှည်
သော ခြေချောင်းကလေးတွေတိုင် အုပ်မိုးနေခဲ့ပြီ မဟုတ်ပါလာ
ဒါလီကပဲ ကွန်ပစ်ကောင်းလေသလား။ ဦးဖြိုးထိန်ကပင် ကွန်
ထဲ ဝင်တိုးခဲ့လေသလား။





ဒါကတော့ ကာယကံရှင်တွေပဲ သိလိမ့်မည်။

"တောက် .. မဆင်မပြင်ဘဲ အပူလုံးကြွနေရှာတဲ့ ရုပ်ကလေးတောင်မှ ငါ့ရင်ထဲကို ငြိနေခဲ့သေးတာ။ ခုလိုမျိုး ပြင်ပြင်ဆင်ဆင်ကလေးနဲ့ ရေမွှေးနံ့ကလေးကလည်း သင်းလို့၊ ဒါမျိုးတွေ့လိုက်ရပြန်တော့ ငါ့ရင်ထဲ ဘယ်လိုနေတယ် မသိတော့ဘူး။ တောက် .. လုံးဝဥဿုံ မပိုင်သေးလို့ပေါ့ကွာ။ ပိုင်များသာပိုင်လိုက်လို့ကတော့ အတင်းကာရော ဖက်ပြီး အားရပါးရကိုမွှေးလို့ အငမ်းမရကို မွှေ့ပစ်လိုက်မယ်။ ဟင်း ဟင်း ဘာမှတ်သလဲ။ ဖြိုးထိန်တို့ကတော့ ဟောဒီရွှေပန်းပေါ်မှာ ဘယ်ကာလသားတွေလာယှဉ်မလဲ၊ အချစ်ချင်းတူလို့က ဘယ်သူတွေကိုမှ မချိုးနှိမ်ဘူး။ ဖြိုးထိန်တို့က အရှုံးပေးပစ်လိုက်မယ်။ အချစ်ချင်းမတူလို့က ဗမ္ဗူတစ်ခွင်မှာ မြူအမှုင်ခွေ့ရင် ကြိုးလိမ်ကျစ်ပစ်လိုက်မယ်။ နွားပျိုတွေ ဘယ်လောက်သန်ကြမလဲ။ နွားပျိုသန်လှ နွားအိုပေါင်ကျိုးသလောက်တဲ့ကွ"

ဦးဖြိုးထိန်၏ ရင်ထဲမှာတော့ မင်္ဂလာစည်တော်ကြီးက
[illegible]င်မြည်ဟည်းလျက်နေတော့သည်။ သည်သို့ဖြစ်နေပုံကို
[illegible]ချောင်ထဲမှ ကျင်ငွေသည် လှမ်းမြင်တွေ့နေရချေ၏။

"ဟာ .. ငါ့အဘကတော့ ရူးသွားပြီထင်ပါရဲ့။ ကြည့်စမ်းပါဦး ဖြစ်နေလိုက်ပုံများ မျက်လုံးကြီးတွေက ပွစ်နှတ်ထုပ်မျက်လုံး၊ ကဏန်းမျက်လုံးတွေကျနေတာပဲ။ ပြူးကိုထွက်လို့။ မနိုင်းကောင်း၊ နှိုင်းရကောင်း။ ဖြစ်နေပုံများ နွားငတ်ရေကျ။ အင်း .. မမလေး ဒါလီတော့ အဘရဲ့ ဟိုလောင်းရိပ်အောက်က လွတ်မြောက်နိုင်ပါတော့မလား မသိဘူး။ ဟိုက ဆက်ရက်တောင်ပံ

www.burmeseclassic.com



ကျိုးမကျိုးတော့ မသိဘူး။ အဘကတော့ ကြောင်ခံတွင်းပျ
ကြီးဖြစ်နေတာ သေချာပါသဗျာ''

မီးဖိုချောင်ထဲမှာ ကျင်ငွေခမျာ သူ့အတွေးနှင့်သူ ရှိနေ
ဒါလီ၏အလှအား ရွှန်းရွှန်းစားစား ငေးမောကြည့်ရှုနေသည
ဦးဖြိုးထိန်မှာလည်း သူ့အတွေးနှင့်သူ အလုပ်ရှုပ်နေတော့သည်

''ခြေဘ် ... ချစ်တဲ့စိတ်ဟာ တယ်လည်း ဆန်းကြ
လှပါကလား။ ငါ့ဘာသာငါ အိမ်မှာနေတုန်း နဖူးစာဟာ ရှာ
လည်ပြီး ငါရှိရာကို တန်းတန်းမတ်မတ် ရောက်လာရှာတယ
မိန်းမအင်မတန်လိုချင်တဲ့ ငါ။ ငါ့စိတ်ထဲ၊ ငါ့အိပ်မက်ထဲ ငါ
ချင်တဲ့ အသက်အရွယ် ရုပ်ရည်ရူပကာ၊ ခန္ဓာကိုယ်အချိုးအစ
အို ကွက်တိမှတကယ့်ကိုကွက်တိ၊ ငွေဘယ်လောက်ကုန်ကု
ရမယ်ဆိုရင် နည်းနည်းကလေးမှ နှမြောတွန့်တိုခြင်းမရှိ
ငါဟာ အခုဆိုရင် ငွေကြေး ဘာမှမခင်းရပါဘဲ စုတ်က အိမ်
ထိ ဝင်လာတယ်။

တောက် .. ခုနေ ငါ့အသက်ဟာ ဒါလီနဲ့ မတိမ်းမယိ
လောက်ရှိရင် ဘာမှခက်ခဲမနေတော့ဘူး။ ဒါလီကလည်း
မနေဘဲ သက်တူရွယ်မျှအပေါ် အလိုလိုက်မှာ ကေန်ပဲ။ တ
ခုတော့ အသက်အရွယ်က (၄) ဆလောက်နီးနီးကွာနေတာ
မြေခြားတောင်မက မြစ်ခြားရွယ်ကြီး။ သည်တော့ သမာဓိ ပိုးပို
ကိုယ့်အလိုကျအောင် သိမ်းသွင်းရတော့မှာပဲ။ လက်
နှစ်ဖက်တီးမှ ပြည်ဆိုရင် ထွက်လာတဲ့အသံအပေါ် ဘယ်သူ
တဲ့ရဲ့ အဲ့ရဲ့ လုံးဝ လုံးဝကို မှုစရာမလိုတော့ဘူး''

ဦးဖြိုးထိန်လည်း ကိုယ့်ဘာသာကိုယ် စိတ်ကူးဖဲ့ရိုက်





လေတော့သည်။

''ဦးရယ် .. ဒါလီလေ ဦးနဲ့တွေ့လိုက်မှပဲ အတိတ်ခါးခါး တွေကို သင်ပုန်းချေနိုင်တော့မယ် ထင်ပါရဲ့ရှင်။

သည်လိုမှ မဟုတ်ရင်ကော့ တရုတ်အဖော်ရဲ့ လက်မှာ ဘဝရေတိမ်နစ်ပြီး ကိုယ့်ကိုယ်ကို ဘဝအဆုံးသတ်ရတော့မှာပဲ။ အဖန်ငါးရာငါးကမ္ဘာဆိုတာလည်း ကြောက်မနေတော့ပါဘူး။

ဒါလီက အသက်ကြီးတာငယ်တာကြောင့် မဟုတ်ဘူး။ လူမျိုးခြားဖြစ်နေတာ၊ မေတ္တာမပါတာရယ်က အဓိကဖြစ်နေ တာပါ။ ဦးဆိုရင် ဒါလီနဲ့ လူမျိုးချင်းတူတယ်။ ကိုင်း ဘယ် လောက်ကောင်းသလဲ''

ကိုယ့်ဘက်မှ ကျုံးမသွင်းရပါဘဲနှင့် သူ့အလိုလို ဝင်လာသည့်စကား။ သည်စကားအရ နှလုံးသားရာသီဥတုသည် ၎င်းအပေါ်၌ ရာနှုန်းပြည့်ပါဝင်နေပြီဟု ဦးဖြိုးထိန် တွက်ဆထားလိုက်တော့သည်။

''ကိုယ့်ကိုယ်ကို အဆုံးစီရင်မယ်တို့၊ အဖန်ငါးရာငါးကမ္ဘာကို မကြောက်ဘူးတို့ အဲသလို နိမိတ်မရှိ နမာမရှိတဲ့စကား တွေကို မဆိုစမ်းပါနဲ့လား ဒါလီရယ်။ ဒါလီဟာ တကယ်တော့ လရောင်နဲ့မတွေ့ရသေးတဲ့ ကုမုဒြာကြာပန်းကလေးတစ်ငုံရယ် ပါ။ ခု .. အဲသည့်ကြာ ပန်းကလေးပွင့်ဖို့ 'ဦး' ဆိုတဲ့ လရောင် ရှိနေပြီပဲ''

ဓာတ်ပြားအချို့မှ ကြားဖူးနားဝ ဇာတ်ထုပ်စကားလုံးတွေကြောင့် ဦးဖြိုးထိန် အာသွက်ခံယဉာဏ် ရနေသည်။

''အရိပ်မရခင်သာ နေပူထဲက ဖြတ်သန်းရတာ ဒါလီရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ခုဆိုရင် ဒါလီရဲ့ အနေအထားဟာ နေပူက လွန်မြောက်ပြီး နေရိပ်ထဲကို ရောက်နေပါပြီ။ ဦးဟာ ဒါလီအတွက်တော့ ကုလားကြက်ပွင့်စေမယ့် လရောင်ပါ။ နေအပူကို ကာဆီးပေးမယ့် နေရိပ်ပါ။ သည်တော့ ဦးဆီကို ကောင်းသောလာခြင်းနဲ့လာခဲ့တဲ့ ဒါလီ့အဖို့ ဘာမှ စိတ်သာကရောက်စရာ ပူပင်ရင်မောစရာတွေကို မတွေးပါနဲ့တော့။ ဦးမှာ ပိုင်ဆိုင်တာမှန်သမျှ ဒါလီ့ဟာလို့ဘဲ သဘောထားလိုက်''

''အို .. ဦးရယ်၊ ဒါလီလေ ဒါလီ ဦးကို ဘယ်လိုကျေးဇူးတင်ရမှန်းမသိဘူး။ ဦးကို မြင်မြင်ချင်း ဒါလီ့ရင်ထဲ ဘယ်လိုဖြစ်သွားတယ်မပြောတတ်ဘူး။ အတိတ်ကာလတစ်ခုခုက ဘယ်လိုများ တော်စပ်ခဲ့ပါလိမ့်လို့တောင် တွေးနေမိတယ်။ မေတ္တာတရားများ အတော်လေး ဆန်းကြယ်တာပဲနော်''

''ဟုတ်တာပေါ့ .. ဒါလီရဲ့၊ ဦးလည်းလေ၊ ဒါလီ့ကို မြင်မြင်ချင်း ရင်ထဲအသည်းထဲ ကလီစာထဲ မှို အကုန်လုံးထဲ ဗလောင်ဆူအောင်ကို လှုပ်ရှားသွားတော့တာပါပဲကလား။ အတိတ်ဘဝက ဦးနဲ့ဒါလီဟာ ဘယ်လိုမျိုးတော်စပ်ခဲ့ပါလိမ့်။ ၅၂၈ နဲ့လား၊ ၁၅၀၀ နဲ့လား။ တစ်ခုခုနဲ့တော့ တော်စပ်ခဲ့တာပဲ။ ဒိဗ္ဗစက္ခုဉာဏ်သာရှိရင် ကျိန်းသေသိမှာ''

''အို .. ဘယ်လိုပဲတော်စပ်ခဲ့၊ တော်စပ်ခဲ့။ ပဋ္ဌာန်းဆက်ရှိလို့သာ ဒါလီနဲ့ဦးတို့ ခုလို ပြန်လည်ဆုံတွေ့ကြတာပဲပေါ့။ ဆုံစည်းပြီးရင်လည်း မခွဲခွာချင်တော့ဘူး .. ဒါလီရယ်''

ဓာတ်လမ်းက အထွတ်အထိပ်ရောက်နေစဉ်မှာပင် အရှေ့ကောင်း ဒိန်းဒေါင်းဖျက်သလို အသံစူးစူးကြီးက ပေါ်ထွက်လာ





သည်။

''ဦးလေးတို့ ထမင်းပွဲပြင်ပြီးပြီးဗျို့''တဲ့။ စဖိုဆောင်မှ ကျင်ငွေ၏ စကား။

''ဟော .. ထမင်းစားရအောင်တဲ့၊ လာ .. လာ ဒါလီ''

''အို ... ဦးအရင်စားပါရှင်။ ဦးစားပြီးမှပဲ ဒါလီ စားပါ့မယ်''

''မဟုတ်တာပဲ ဒါလီရယ်၊ ထမင်းဆိုတာ လက်ဆုံစားရမှ မြိန်တာဒါလီရဲ့။ ဒါလီပါ ဦးနဲ့အတူ မစားဘူးဆိုရင် ဦးလည်း ဘယ်လိုမှ မျိုကျမှာ မဟုတ်တော့ဘူး''

''ဟွန်း .. ဦးကတော့ ပိုပြီ''

''ဟဲ . ဟဲ . ဟဲ . ဟဲ''

ဦးဖြိုးထိန်က ဒါလီ့လက်ကို အတင်းဆွဲကာ ထမင်းဝိုင်းသို့ ခေါ်လိုက်သည်။ ဒါလီကလည်း မရုန်း။ ချစ်စနိုး ဒေါင့်ကပ်လိုက်သော မျက်နက်ဆံကလေးကြောင့် ဦးဖြိုးထိန်ရင်ထဲမှာတော့ ကျလိ .. ကျလိ .. ဂွိဂွိ .. ဂွိ။

''ကိုင်း .. လက်ဆေး ဒါလီ''

''ဦး .. အရင်ဆေးလေ''

''ဒါလီ .. အရင်ဆေးပါကွယ်''

''အို .. မရဘူး ပေး .. ပေး''

ပြောပြောဆိုဆိုနှင့် အကြောအပြိုင်းပြိုင်းထနေသော ဦးဖြိုးထိန်၏ ညာဘက်လက်ကိုဆွဲယူကာ ဒါလီသည် ရေထည့်ထားသော ဇလုံထဲ နှစ်လိုက်ပြီး နေရာအနှံ့ကုတ်ခြစ်ဆေးကြောပေးနေရာ ဦးဖြိုးထိန်အဖို့ ကျောထဲက ယားသလိုလို၊ အစားထိ



www.burmeseclassic.com

www.burmeseclassic.com



ထဲကယားသလိုလို ၊ ခြေသလုံးရိုးတွင်းခြင်ဆီထဲကပဲ ယားသလိုလို၊ မြီးညှောင့်ရိုးထဲကပဲ ယားသလိုလို ခံစားနေရပါချေ၏။ နူးညံ့သော လက်ဖဝါးလေးကပင် ဤရွေ့ဤမျှ ဖသောဖသဖြစ်နေလျှင် ဟီဟိ။

"ကိုင်း .. စားပါကွယ်။ စားပါ .. စား .. စား အသည်းဖတ်ကလေးကိုစား"

ဒါလီက ဦးစွာ ကြက်အသည်းဖတ်ကလေးအား ဦးဖြိုးထိန် ပန်းကန်ထဲသို့ ဦးချပေးလိုက်သည်။ သည်တော့ ပီတိသောမနဿ တွေ ပွားလျက်ရှိသော ဦးဖြိုးထိန်က ပန်းကန်ပေါ်ရောက်လာသော အသည်းဖတ်ကလေးအား ဒါလီ့ပန်းကန်ထဲ ပြန်လည်ထည့် ပေးလိုက်ပြန်သည်။

"ဦး .. စားပါ"

"ဒါလီ .. စားပါ"

"ဟင့်အင်း .. ဦး .. စား"

"အို .. မဟုတ်တာ .. ဒါလီလည်း .. စား"

သူစား ကိုယ်စားနှင့်ပင် ညနေစာ စားပွဲကြီးသည် နီ္ဒြ... ခဲ့ရပါတော့၏။ ညနေစာ စားသောက်ပြီးစီးကြလေသောအခါ အ... တည်းစရာအဖြစ် ဥယျာဉ်ခြံမြေထွက် ငှက်ပျောသီးအပြ... ထန်းလျက်ခဲ၊ လက်ဖက်ပွဲကလည်း အစုံအလင်။

"စား .. စားစမ်းပါကွယ် .. ဒါလီလေးရဲ့"

"ထမင်းစားတာ ဗိုက်တော်တော်လေးတင်းသွားလို့ အ... ကြေအောင် ထန်းလျက်တစ်ခဲပဲ ဝါးတော့မယ်"

သည်အသံကိုကြားရတော့ ပုဏ္ဏားကွယ်မှနေလျက် ကျွ...





ချော တွေးဖြစ်အောင်တွေးမိပြန်လေသည်။

"တော်ပါသေးရဲ့။ ထန်းလျက်တစ်ခဲနဲ့ကိစ္စပြတ်ပေလို့။ မတော် ထန်းလျက်နှစ်ခဲနဲ့ ငှက်ပျောသီးတစ်လုံးသာထပ်ထည့် လိုက်ရင် အဘိုးကြီးအနေနဲ့ နိမိတ်ကောင်းဟာဆိုပြီး ဟီး ဟီး ဟီး"

ဒါလီနှင့် ဦးဖြိုးထိန်လည်း ရောက်တတ်ရာရာ စကား များပြောဆိုနေရာမှ ရုတ်တရက် ဒါလီသည် သူမ၏ နှုတ်ခမ်းဝအား လက်ဝါးတစ်ဖက်ပိတ်လျက် တဝါးဝါးသမ်းပါလေတော့သည်။

"ပါး .. အားလား .. လား"

အင်း .. တစ်နေကုန်နီးပါး လှည်းစီးလာရလို့လား မသိဘူး။ တစ်ကိုယ်လုံး ညောင်းညာနေတယ်။ ဒါလီ အိပ်ခန်းထဲ ဝင်လှဲလိုက်တော့မယ်နော် .. ဦး"

မျက်ဝန်းကလေးကို ထောင့်ကပ်ပြီးပြောလာတော့ ဦးဖြိုးထိန် ရင်ထဲမှာ ကျလိ ကျလိ။

စင်စစ် ... ဒါလီကလေးနှင့် တစ်ညလုံး မိုးလင်းသွား ပါစေ အကြင်နာစကားတွေ တစ်ဝကြီး ပြောနေချင်တော့သည်။ ...တော့ ဒါလီကလေးခမျာတစ်နေကုန်နီးပါး လှည်းစီးလာရ၍ ကိုယ်လက်တွေ ညောင်းညာနေပါသတဲ့။ အိပ်ခန်းထဲ ဝင်လှဲလိုပါ သတဲ့။ သည့်အတွက်တော့ ကိုယ့်ဘက်က ခွင့်မပြုဘဲ နှုတ်ကြီး ...ထားလျှင် ရိုင်းရာကျပေမည်။ မတော် စိတ်ဆိုးစိတ်ကောက် ... မေတ္တာကွက်လပ် မြေလှန်ပစ်လိုက်လျှင်ဖြင့် ကိုယ်ကျိုးနည်း ... သေချာသည်။

"ဟုတ်တာပေါ့ .. ဒါလီရယ်။ ဟုတ်တာပေါ့။ သွား



www.burmeseclassic.com

www.burmeseclassic.com



သွား စိတ်ချလက်ချသာ အိပ်နေ၊ ဘာမှကြောက်စရာမရှိဘူး။ ဘာပဲဖြစ်ဖြစ် ဦးတစ်ယောက်လုံး ရှိနေတယ်ဆိုတာ သတိရ။''

''ဟုတ် ..''

ကလူ၏သို့မြူ၏သို့နှယ် အာမထိလှျာမထိ ချွဲနွဲ့သံကလေးပေးပြီး ဒါလီအခန်းတွင်းသို့ ဝင်သွားတော့ ဦးဖြိုးထိန်ရင်ထဲ မျောက်သစ်ကိုင်းလွတ်ဖြစ်ရချေသည်။

''အင်း .. ငါ ဘာဆက်လုပ်ရရင်ကောင်းမဲ။ ငါ ဘာဆက်လုပ်ရရင် ကောင်းမလဲ .. ဟာ ဟုတ်ပြီ ဟုတ်ပြီ''

အကြံတွေက လက်ခနဲလက်ခနဲဆိုသလို ခေါင်းထဲဝင်လာသည်။ ထို့ကြောင့်ပင် ချက်ချင်းဆိုသလို သူ့အခန်းထဲသို့ဝင်ပြီး ရွှေကြယ်သီးတပ် ရှပ်အင်္ကျီမီးပူထိုးကို လဲလှယ်လိုက်သည်။ ခါးတွင် ကပ်လျက်ရှိသော အကွက်တုံးချည်ကြမ်းပုဆိုးကိုချွတ်ကာ ယ[...] ရောင် ဘန်ကောက်ကို လဲလှယ်လိုက်သည်။ ပြီးတော့ ကျင်ငွေ[...] အခန်းထဲသို့ ဝင်သွားသည်။

''ဟာ .. အဘ၊ အဲ .. ဦးလေး၊ ဒါ ဘယ်လိုဖြစ်လာ[...] လဲ။ ညကြီးမင်းကြီး ဘယ်အလှူသွားမလို့လဲ၊ အနီးအနားပ[...] ဝန်းကျင်မှာလည်း အလှူအတန်းရှိတယ်လို့ မကြားမိပါကလား''

''ဟေ့ကောင် .. မင်းပါးစပ် ခဏလောက်ပိတ်ထား[...] ကျင်ငွေ၊ ငါ့ကို ကော့စမစ်တစ်တောင့်ရယ်၊ ပေါင်ဒါရယ် ရေမွှေးရယ်ပေးစမ်းကွာ''

''ဘာလုပ်''

''ဟေ့ကောင် .. ငါ့ဖာသာငါ ဘာလုပ်လုပ် ကောမျှော်[...]





နဲ့၊ ပေးမှာသာပေးစမ်း''

ငယ်ငယ်ကလေးထဲက စိုးကြောက်ရသည့်မို့ ကျင်ငွေလည်း ဘာမှထပ်တွန့်မနေဘဲ ၎င်း၏ မှန်တင်ခုံပေါ်ရှိ ပစ္စည်းများကို ထုတ်ပေးရလေ၏။

ထိပ်ကအတော်ကလေးပြောင်သည်။ ဘေးနှစ်ဖက်မှာမှသာ ဆံပင်ကရှိသည်။ ကိစ္စမရှိ။

ရှိသည့် တို့နို့နို့ ဘေးဆံပင်လေးတွေကိုပဲ ကော့စမစ်တစ်တောင့်ဖြင့် ဖိပွတ်လိုက်သည်။ ပြီးတော့ ဘီးဖြင့်ကြည့်ကောင်းမည်ထင်ရအောင် ဖွလိုက်၏။ ထို့နောက် ညာဘက်လက်ဖဝါးအတွင်း ပေါင်ဒါမှုန့်များ ဖြူးကာ မျက်နှာပြင်ကို ပွတ်လိုက်သည်။ အကယ်တန္တု မညီမညာပွတ်ထားသည့် အဆိုပါမျက်နှာကို အမှောင်တွင်းမှ ရုတ်ခြည်းမြင်လိုက်ရလျှင် နှလုံးရောဂါရှိသူ၊ သဲရဲတန္တြောက်တတ်သူအတွက် သွေးပျက်သွားမှာသေချာသည်။

ဒါကိုသဘောပေါက်၍လားမသိ။

ဦးဖြိုးထိန်က မှန်တင်ခုံပေါ်ရှိ စွပ်ကျယ်စကို ယူကာ မျက်နှာပြင်ကို ညီညာပြန့်ဖြူးအောင် ညှိလိုက်သည်။

သည့်တော့လည်း အဆင်ပြေသား။

မျက်နှာပြင်သည် ပေါင်ဒါမှုန့်၏ အကူအညီကြောင့် ကြည့်ပျော်ရှုပျော်ဖြစ်ကာ အသားအရည်ဖြူသလို ဖြစ်သွားသည်။

သို့သော် ပေါင်ဒါနှင့် ထိတွေ့ခွင့်မရသော လည်ပင်းကြီးကမူ ညိုမှောင်သော ပကတိအသားအရည်ကြောင့် မည်းနေသလို ဖြစ်နေ၏။ တစ်ဆက်တည်းမှာပင် ရေမွှေးအနည်းငယ်ကို အင်္ကျီကော်လံ၊ ပခုံး၊ ရင်ဘတ်၊ ကျောတို့တွင် ဆွတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဩော် ‥ လတ်စသတ်တော့ အဘဖြိုးထိန်ဟာ ဂန္ဓာရုံနဲ့ အမဲလိုက်တော့မှာကိုး''

သည့်တော့မှပင် ကျင်ငွေသဘောပေါက်သွားလေ၏။

ဦးဖြိုးထိန်သည် စိတ်တိုင်းကျ ငှင်းကိုယ်ငှင်း မွမ်းမံဆင်ယင်ခြယ်သပြီးသည့်နောက် ကျင်ငွေ့အခန်းထဲမှ ထွက်လာခဲ့ပြီး ဒါလီဝင်သွားသောအခန်းဝ၌ရပ်လိုက်လေသည်။ အခန်းသည် တံခါးပိတ်လျက်သား။ အခန်းထဲမှာ ဒါလီဘာများ လုပ်နေပါလိမ့်။ အိပ်ပျော်သွားသလား။ အိပ်မပျော်သေးဘူးလား သိရလေအောင် တံခါးချပ်တွင် နားတစ်ဖက်ကပ်လျက် စူးစမ်းနားစွင့်နေလေသည်။ သည်အဖြစ်ကို ကျင်ငွေသည်ငှင်း၏ အခန်းဝမှ ခေါင်းကလေးပြူတစ်ပြူတစ်လုပ်လျက် အသာပင်အကဲခတ်နေခဲ့၏။

ဦးဖြိုးထိန်အဖို့ အကြားအာရုံကို သေချာစွာ နားစွင့်လိုက်တော့ အခန်းတွင်း၌ ဒါလီတစ်ယောက် အိပ်ပျော်ဟန်မတူသေးဟိုစောင်းလိုက်၊ သည်စောင်းလိုက် လုပ်နေပုံရ၏။

''အဟမ်း ‥ အဟမ်း ‥ အဟမ်းဟမ်း''

မဟန့်ချင်ဟန့်ချင်နှင့် ဟန့်လိုက်သည့်ချောင်း။

ဦးဖြိုးထိန်ဟန့်လိုက်သည့် ချောင်း။

အဆိုပါချောင်းသံကို သဒ္ဒဗေဒပညာဖြင့် သရုပ်ခွဲကြည့်လျှင်ဖြင့် စွဲလမ်းတပ်မက်စိတ်တို့ ဒေါင်လိုက်သော်လည်းကောင်း အလျားလိုက်သော်လည်းကောင်း ဆက်စပ်နေလိမ့်မှာ သေချာသည်။

''အဟမ်း ‥ အဟမ်း ‥ ဒါ ‥ ဒါ ‥ ဒါလီ''

အသံတွေက တုန်တုန်ယင်ယင်။

အခန်းထဲမှ ပြန်ထူးလာသံ ထွက်ပေါ်မလာသေး။





''ဒါ ‥ ဒါလီလေး''

''ရှင် ‥ အပြင်က ဘယ်လူလဲ''

ပြန်ထူးသံကြားရတော့ ဦးဖြိုးထိန်အကြီးအကျယ်အားတက်သွားခဲ့ရသည်။

''ဦးပါ ‥ ဒါလီရဲ့ ‥ ဒါလီ ‥ အိပ်မပျော်သေးဘူးလား''

''အိပ်ရာစိမ်းနေလို့လား ‥ မပြောတတ်ဘူး၊ မျက်လုံးတွေကြောင်နေသလိုပဲ၊ ပြီးတော့ လှည်းမစီးစဘူးစီးခဲ့ရတော့ တစ်ကိုယ်လုံးကိုင်ရိုက်ထားသလို နာနေတယ်။ ခြေသလုံးလေးတွေဆိုရင် တင်း၊ တောင့်နေတာပဲ ဦးရယ်''

''ဟယ် ‥ ဖြစ်မှဖြစ်ရပလေကွယ်၊ ဦးနှိပ်ပေးရမလားဟင်၊ ဦးက အကြောကိုင်တဲ့နေရာမှာ ကျွမ်းကကျွမ်းပါဘိသနဲ့''

''အို ‥ မဟုတ်တာ၊ ငရဲအုံတွေကြီးကုန်ပါ့မယ်ရှင်''

''ငရဲမကြီးပါဘူးကွယ်၊ ဦး အခန်းထဲဝင်ပြီးအကြောတွေလျှော့ပေးမယ်လေ၊ အပူတွေရှိရင်လည်း အပူတွေထုတ်ပေးမှာပေါ့''

''ဟင့်အင်း ‥ ဟင့်အင်း ‥ ဒါလီအနှိပ်မခံရဲဘူး''

''အစမရှိလို့ပါကွယ် ‥ အစရှိရင် သိပ်ခံလို့ကောင်းတာဒါလီရဲ့ ‥။ ဦး အခန်းထဲဝင်လာခဲ့မယ်လေ ‥ နော် ‥ နော်''

''အို ‥ မသင့်တော်ပါဘူးဦးရယ် ‥ မသင့်တော်ပါဘူး၊ တော်ကြာအိပ်ပျော်သွားမှာပါ၊ ကဲ ‥ ဦးလည်း အိပ်ဖို့ပြန်ပါတော့''

ဦးဖြိုးထိန်အဖို့ စားရဝါးရခါနီးမှ အဆီတဝင်းဝင်း အမဲသားတစ်ကြီးအား လွှမ်းအဟပ် ရုတ်ခြည်းပြုတ်ကျသွားရရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခွေးအ ကြီးအလား အီစလံဝေသွားတော့၏။ ထို့ကြောင့် တံတွေ ကို ဂွတ်ခနဲ ဂွတ်ခနဲ မျိုချရင်း ဒါလီအခန်းမှ ချာခနဲပြန်ထွက် ခွာချပြန်တော့သည်။

"တောက် ..း စားရဝါးရခါနီးမှကွာ၊ ကုသိုလ်ကံကလည် ခေရတယ်လို့ မဖြစ်သေးပါဘူး။ ကြံဦးမှပါ၊ ဖြိုးဘိန်တို့ကြံရ မခံနိုင်ပါဘူး။ ငါးမရလည်း ရေတော့ချိုးဖို့ လုပ်ရမယ်"

သည်လိုတွေးရင်း သူ့အခန်းဝရှိ 'ပက်လက်ကုလားထို ၌ ထိုင်ချလိုက်သည်။

"ဘာဆက်လုပ်ရမလဲ၊ ဘာဆက်လုပ်ရမလဲ"

အဖန်ဖန်အထပ်ထပ် ခေါင်းပူအောင် ဦးနှောက်ကို အလု ပေးလိုက်သောအခါ ပိတ်နေသော ဉာဏ်တို့ ပွင့်ထွက်လာ သည်။

"ဟာ ..ဟုတ်ပြီ၊ ဟုတ်ပြီကွ၊ တောက် ..ငါတော်‌ လေးကိုတော်တာပဲ"

တစ်ရေးမှ မမေးရသေးခင် ထွက်ပေါ်လာသောအ ရပြီးသကာလ ဦးဖြိုးထိန်လည်း ၄င်း၏အခန်းထဲ ပြန်ဝင်ကာ သေ ဘွဲတစ်တွဲကိုယူပြီး ခုတင်အောက်ရှိ သေတ္တာကြီးအား ဖွင့်တော့သည်

သော့ခလောက်ပွင့်သွားချေပြီ။

ထိုအခါ သော့ခလောက်ကို မျောက်လက်မှဖြုတ်၍ သေ နားအသာချထားပြီး အဖုံးကိုဖွင့်လိုက်သည်။ ပြီးနောက် သေတ္တ ထဲမှ ပစ္စည်းအချို့ကို နှိုက်ထုတ်လိုက်သည်။

'မိန်းကလေးတို့ ကျွန်ရွှေပေးမရ' တဲ့။ ဟာ.. ဟ၊ ရယ ချင်စရာကောင်းလိုက်တာ။ သည်စကားပုံဟာ အနှော်ရထာမင်





ဆက်ထက်မှာတော့ ဟုတ်ချင်ဟုတ်မယ်၊ ခုလိုကိုလိုနီခေတ်မှာ တော့ သွားစမ်း၊ တောနယ်တော်တော်များများမှာ ငွေကိုယူသည်၊ ရွှေကိုယူသည်၊ ပြီးတော့လူကိုပါယူသည်ဆိုတာမျိုးတွေ အများ ကြီး။

တရုတ်ရဲ့ အမြှောင်တွေ၊ ချစ်တီးကုလားမယားတွေ သည်း အများကြီးပဲ။ ခုကိစ္စမှာ ငါတို့က ကိုယ့်လူမျိုးအချင်းချင်း၊ အသက်ကလေးမဆိုစလောက်ကွာတာပဲ ပြောစရာရှိလိမ့်မယ်။ ကိုင်းဗျာ.. အီစကိုရဲ့အကြံ အောင်ကြောင်းမင်္ဂလာအောင်ကြောင်း ပြာပါစေဗျာ။

ဦးဖြိုးထိန်၏လက်ထဲ၌ ပါလာသည်ကား ဆွဲကြိုးတစ် ကုံးနှင့် စိန်နားကပ်တစ်ရံ၊ ပတ္တမြားလက်စွပ်တစ်ကွင်း။

သည်လိုမျိုး အဖိုးတန်ရတနာပစ္စည်းအချို့ကို 'ငါးစာ' အဖြစ်ယူလာခဲ့ပြီးနောက် အလိုရှိသော ငါးကြီးမိစေဖို့ မျှားရန် အတွက် ဒါလီအိပ်ခန်းဝဘက်သို့ ကူးခဲ့ပြန်သည်။ သို့နှင့် တံခါးဝ သို့ပြန်ရောက်လာသည်။

"ဒါလီ ..ဒါလီ ..အဟမ်းဟမ်း"

အထဲကလည်း အိပ်ပျော်သေးပုံတော့ မရပါ။

"ဒါလီ ..ဒါလီလေး"

"ရှင် ..ဦးလားဟင်"

"ဟုတ်ပါတယ်၊ ဒါလီရဲ့ ဦးပါ၊ ဒါလီရဲ့ ဦးလေ"

သံစဉ်တွေက အတက်အကျမမှန်။

သည်သို့ပင် ဦးဖြိုးထိန်၏ ရင်ဘတ်ကြီးသည်လည်း ဖားဖို ကြီးသဖွယ် နိမ့်လိုက်၊မြင့်လိုက်နှင့် အတော့်ကို ကြည့်ရဆိုးလှ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း မုန့်အိမ်အလင်းဖြင့် ကျင်ငွေတွေ့နေရသည်။

"ဘာကိစ္စလဲ ဦးရယ်. . . . အချိန်တော်မနည်းတော့ဘူးထင်တယ်"

"အစောကြီးရှိပါသေးတယ်၊ ဒါလီရယ်၊ သက်ကြီးခေါင်းချချိန်ပဲရှိပါသေးတယ်"

"ဒါဆိုလည်း ဦးလည်း အသက်ကြီးပြီပဲဟာ . . အိပ်တော့လေ"

"အယ်"

ဦးဖြိုးထိန်မှာ 'သက်ကြီးခေါင်းချချိန်' ဟု သုံးနှုန်းပြော[illegible] ဆိုမိသဖြင့် ကိုယ့်စကားနှင့်ကိုယ် ခြေချုပ်မိသလို ဖြစ်သွားရသည်[illegible] ကိစ္စမရှိ။

ဟိုအကွေ့ကို ဟိုတက်နှင့်လှော်၍ သည်ကွေ့ရောက်လျှင်[illegible] ဖြင့်သည်တက်နှင့်လှော်ရမည်ကို သိနေသည်။ ထို့ကြောင့်ပင် မ[illegible] မသာ ချော့လဲရောထိုင်ရင်း . .

"ဦးလည်း အိပ်တော့အိပ်တာပဲ၊ ဒါပေမဲ့ အိပ်မပျော်[illegible] ဘူးကွယ်၊ မျက်စိမှိတ်ရင်း အာရုံထဲမှာ ဒါလီရုပ်လွှာပဲ ပေါ်ပေါ်[illegible] လာတယ်၊ အဲသည်မှာ သေသေချာချာအာရုံစိုက်ကြည့်[illegible] လိုက်တော့ဒါလီ့မှာ လိုအပ်တာလေးတွေတွေ့လာတယ်၊ အဲ[illegible] လေးတွေ ဖြည့်ဆည်းပေးချင်လို့ပါ . . ဒါလီရယ်"

စကားအဆုံးမှာတော့ ဒါလီသည် အိပ်ရာမှထပြီး တံခါး[illegible] မင်းတုံးကိုဖွင့်ပေးလာသည်။ ထိုအခါတွင် ဒါလီ့ထံမှ မွှေးရနံ့နှင့်[illegible] ဦးဖြိုးထိန်ထံမှ မွှေးရနံ့တို့က မုန့်ကြီးလိမ်ဖြစ်သွားလေသလား[illegible] မသိ။ မွှေးလို့၊ ပျံ့လို့၊ ကြိုင်လို့၊ လှိုင်လို့။





"ဘာတွေဖြည့်ဆည်းပေးမှာလဲ ဦးရဲ့ . . ဒါလီက ဘာမှ တောင်းဆိုတာမဟုတ်ဘူးနော်"

"ဟုတ်ပါတယ် ဒါလီရယ် . . ဒါလီက ဦးကိုဘာမှ တောင်းဆိုတာမဟုတ်ပါဘူး၊ ဦးကိုယ်နှိုက်က ဒါလီ့အပေါ် ရေစီးကမ်းပြိုလိုက်နေတာပါ"

"ကိုင်း . . ဘာတွေဖြည့်ဆည်းပေးမှာလဲ ပြော . . ပြော"

မီးမုန့်အိမ်ဖျော့ဖျော့အလင်း၌ နှုတ်ခမ်းနှင်းဆီဖူးကလေး မရှုတစူကြောင့် ဦးဖြိုးထိန်အဖြစ်က နွားပြာကြီးအောက်သွားမရှိ ဖြစ်သွားရသည်။ တံတွေးကလည်း မျိုလို့ကို မဆုံးနိုင်တော့။

"ဒါလီရယ်၊ ဒါလီ့ရဲ့နားပေါက်မှာ ပန်ထားတဲ့ ဖက်လိပ်က မဟန်ပါဘူး၊ ယောက်ျားမှာဖိနပ်၊ မိန်းမမှာစကတ်၊ အဲ . . ဟုတ်ပေါင်၊ မိန်းမမှာ နားကပ်တဲ့၊ ဟောဒီမှာ စိန်နားကပ်၊ ဒါလီ ပန်ရအောင်ကွယ် . . နော်၊ ကဲ . . ချွတ် . . ချွတ်"

"အို . . ဘာကိုချွတ်ရမှာလဲ . . ဦးစကားကြီးကလဲ"

"အဟဲဟဲ ဒါလီ့နားထဲ လက်ရှိပန်ထားတဲ့ ဖက်လိပ်ကို ချွတ်ခိုင်းတာပါ၊ အဲသည်နေရာမှာ ဟောဒီစိန်နားကပ်ပန်ရမှာ လေ"

"ဒါဆို ဦးပဲ ချွတ်ပေး . . ပြီးရင် ဦးပဲပန်ပေး"

"ဟုတ်လိုက်လေကွယ် . . ဟုတ်လိုက်လေ . . အဲသည်လို လိမ္မာတာလေးကိုပဲ သဘောကျနေရတာဗျာ . . သဘောကျ နေရတာ"

ဦးဖြိုးထိန်၏ လက်တွေကား သွက်လက်လှပါဘိ၊ နား နှစ်ဖက်မှ ဖက်လိပ်ထံ လက်မရောက်မီ မှို့မှို့ဖောင်းဖောင်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည့် ဒါလီပါးပြင်ကလေးဝယ် လက်ကအရစ်ရောက် သွားသည်။ အို .. အိစက်ညက်ညောလှပါဘိ၊ နောက်မှ ဖက်လိပ် နှမ်းခွံကို သွားတို့ဖြစ်သည်။

"ကိုင်း .. သွားရော့ဟယ်"

"အို .. ဘာဖြစ်လို့ လွှတ်ပစ်ရတာလဲ၊ နမြောစရာ .. ဦးရယ်"

"မဟုတ်တာကွယ်၊ သစ်ရောက်လာပြီဆိုတော့ ဘာဖြစ်လို့ ဝါးပေါင်းကွပ်နေရတော့မှာလဲ"

စိန်နားကပ်က မီးရောင်တွင် တဖျတ်ဖျတ်။

"နေဦး .. ပေးစမ်း .. ဘယ်ဘက်လက်"

သည်တစ်ခါတော့ ဒါလီမငြင်း။ ကမ်းပေးလိုက်၏။

"ဒါလီ့လက်ချောင်းကလေးတွေက သွယ်သွယ်လေးတွေ နော်၊ အင်း .. မိန်းမကောင်းမိန်းမမြတ်တွေရဲ့ လက္ခဏာအင်္ဂါ ရပ်မှာ လက်ချောင်းအလှတွေဆိုတာလည်း ပါလေရဲ့။ ကိုင်း ဒါလီရဲ့ လက်သူကြွယ်ကလေးမှာ ခုလိုပတ္တမြား လက်စွပ် ကလေးက နေရာယူသွားတော့ တင့်တယ်မသွားပေဘူးလား"

"ဟုတ်ပါရဲ့၊ ဒါပေမဲ့ ဦးရယ်၊ ဒါလီ အားနာတယ်"

"အိုကွယ် .. သူစိမ်းတွေမှ မဟုတ်တော့ပဲဟာ၊ အားမနာ နဲ့ .. အားမနာနဲ့ .. လာဦးမယ်၊ လည်တိုင်ပြောင်ကြီးဆိုရင် ဘယ်လိုမှမတင့်တယ်ဘူး။ သည်တော့ ဟောဒီက ဆွဲကြိုးကို ဦးကိုယ်တိုင်ဆွဲပေးမယ်နော် .."

"သဘော .. သဘော"

ဗိုးကျိုင်းတုတ်ဖြစ်နေသည့် ဦးဖြိုးထိန်မှာတော့ ကံဇာတာ





ခန်းလဂ်တွေ တက်ပဟာဆိုကာ မဟာ့မဟာ ပီတိတွေ ဝေဆာနေ တော့သည်။ ဆွဲကြိုးကလေးမှာလည်း ဒါလီ၏ လည်တိုင်ကြော့ ကြော့ဝယ် နားခိုခွင့်ရသွားခဲ့ပေပြီ။

"ကဲ .. ဦးရေ .. ညဥ့်နက်လာပြီ၊ ဒါလီအိပ်ချင်လို့ အိပ် ပရစေတော့နော် .. နောက်နေ့တွေလည်း ရှိသေးတာပဲဟာ"

ဦးဖြိုးထိန်၏လက်ကို ကိုင်ဆုပ်တောင်းပန်လျက် အိပ်ရာ ရှိရာခုတင်ဆီပြန်သွားတော့ ဦးဖြိုးထိန်ခမျာ ရင်ထဲ၌ဟာလာဟင်း လင်းကြီးဖြစ်လျက် အခန်းဝမှအသာပြန်လည်ထွက်ခဲ့ရသည်။ ရှေ့ ဆက်၍ ကြည်ဖြူလျှင်တော်ပါရဲ့။ အော်လားဟစ်လားလုပ်မှဖြင့် ဒုက္ခများရလိမ့်မည်ကိုတွေးကာ ကျင်ငွေ၏ အခန်းရှေ့၌ ခေါက် တုံ့ခေါက်ပြန်လျှောက်နေမိတော့သည်။

ဒိန်းဒလိန်းနတ်ကား အတော်ပင်အစွမ်းအာနိသင်ကြီး မားလှပါဘိ။ သူဖမ်းစားတာခံရလို့ကတော့ အိပ်၍လည်းပျော်မည် မထင်။ စား၍လည်း ဝင်မည်မဟုတ်။ ခုတောင် ဝမ်းကချုပ်ချင် သလိုလို။ လေပုပ်တွေပဲ ထုတ်ချင်မိသလိုလို။

"အဘ .. အဲ .. ဦးလေး .. မအိပ်သေးဘူးလား .. အခန်း ထဲသွားပြီး အိပ်တော့လေ"

"အာ .. ကျင်ငွေ .. အဲ .. အဲ .. အေးအေး .. အေးကွာ ဘယ်လိုဖြစ်တယ်မသိပါဘူး အိပ်ချင်စိတ်လည်း မရှိတော့ပါ ဘူးကွာ၊ ရင်ထဲမှာလည်း ကတုန်ကယင်ကြီး"

"အဲဒါ ဖသောဖသဝေဒနာလို့ ခေါ်တယ်တဲ့ .. ဦးလေး ရဲ့၊ မိန်းမတွေနဲ့တွေ့တဲ့အခါ အလိုပြည့်ခါနီးဆဲဆဲ မြူနီးဆို ကောင်းတော့မယ့်အခန်းနား ကပ်ပြီး ဇာတ်လမ်းပြတ်သွားချင်



www.burmeseclassic.com

www.burmeseclassic.com



ခံစားရတဲ့ ဝေဒနာတဲ့ခင်ဗျ''

ကျင်ငွေက စိတ်ထဲခပ်ချဉ်ချဉ်ဖြစ်လာနေသည်မို့ ဟုတ် သော်ရှိ မဟုတ်သော်ရှိ 'ဘီးတပ်ပေးရန်' ချွန်နိုင်သမျှချွန်၊ ကျ နိုင်သမျှ ကျပ်ပေးနေလေသည်။

''ဟော ့ ဟုတ်လိုက်လေကွယ် ့ ့ မှန်လိုက်လေကွယ် ့ ့ ငါအခုခံစားနေရတာ မင်းပြောတဲ့ဝေဒနာဆိုတာ သေချာ တယ်ကွယ်၊ ဒါတကယ်ပဲ သည်ကလေးမအပေါ် စွဲလမ်းသွား ပြီး သွေမပျက်ဘဲ ဂဟေဆက်ချင်နေပြီ၊ ရေလာရအောင်လည် မြောင်းတွေပေါက်ထားပေးခဲ့ပြီ၊ အဲဒါကွာ၊ လိုရင်းကို မရော သေးလို့ ရင်ထဲ ဗလောင်ဆူနေရတာကွ၊ ကျင်ငွေရဲ့''

''ဟား ့ ့ အဲဒါခက်တာပေါ့ ဦးလေးရဲ့ ့ ့ 'မိန်းမမာယာ သဲကိုးဖြာ' တဲ့ဗျ၊ အဲဒါဦးလေးအပေါ် မာယာများပြီး မူလ သွန်နီလုပ်နေတာ ဦးလေးပဲ စဉ်းစားကြည့်ဗျာ၊ သွေးမတော သားမစပ်ဘဲ အိမ်ပေါ်ရောက်လာ၊ ကိုယ်ကျွေးတာစား၊ ကိုယ် ဆင်ပေးတာတွေ လက်သင့်ခံ၊ ပြီးတော့ ကိုယ့်အိမ်က အခန်း ရောက်နေတာ၊ ကိုယ့်လက်ခုပ်ထဲကရေ ဖြစ်နေပြီပဲဟာ သွန်ချင်သွန်၊ မှောက်ချင်မှောက်ပစ်လိုက်၊ သူကနဂိုကတည် က သဘောမကျရင် သည်အခြေထိသည်လိုမျိုး လိုက်လို လျှောလျှောနေပါ့မလား''

''အေး ့ ့ မင်းပြောတာဟုတ်သဟ ကျင်ငွေရ၊ သူ့မျ ကလေးကို ကိုင်တော့လည်း ကြည်ဖြူတာပဲ၊ သူ့လက်ချောင်း ကလေးတွေကို ဆုပ်ကိုင်တော့လည်း မငြင်းရှာဘူး၊ အဲ ့ ဆွဲ ကြိုးဆွဲပေးဖို့ သူ့လည်တိုင်ကလေးအပေါ်က မေးဖျားကလေး





ကို ပွတ်တော့လည်း ငြိမ်လို့''

''ဒါဆို ဦးလေးဘက်က တိုင်းပြည်ထူစစ်ဝက်မက ပိုင်နေ ပြီပဲဗျာ''

''ဒါ ဒါ ဒါဖြင့်ရင် ငါဘာလုပ်ရမလဲ ့ ့ ကျင်ငွေ''

''ဒုံးဝေးပ ဦးလေးရယ် ့ ့ နိုးချင်တာလည်း ပြာလို့၊ လက် နှေးတာလည်း ချာလို့ဖြစ်နေပါပြီ၊ ဒီမှာ ့ ့ ဒီမှာ 'ကြောက်ရင် လွှဲ၊ ရဲရင်မင်းဖြစ်' တဲ့ ခင်ဗျ၊ ခုနေ သူ့အခန်းထဲ ဝင်သွားတော့ ရော သူဘာတတ်နိုင်မှာလဲ၊ မနက်ကျတော့သာ သားမှတ်မှတ် မယားမှတ်မှတ်ပေါင်းပါရှင်လို့တောင် တောင်းပန်လိမ့်ဦးမယ် ့ ဟဲ ့ ့ ဟဲ ့ ့ ဟဲ''

''ဟုတ်တယ်ကွာ၊ မင်းတော်တော်တော်သဟေ့၊ ငါ့ အကြံ အောင်လို့ကတော့ ထားဝယ်လုံချည်နှစ်ထည် ဆုချမယ်ဟေ့ ့ ကိုင်း ့ ့ ဘယ်ခြောက်ကာညာလှမ်းလို့ ့ ့ ညာခြောက်ကာ ဘယ်လှမ်းလို့ တို့တော့မယ်ဗျို့ တို့တော့မယ်၊ ဆိတ်တော့ မယ်ဗျို ့ ့ ဆိတ်တော့မယ် ့ ့ ဟီဟိ ့ ့ ဟီဟိ''

မြင်းဟီသံသဖွယ်ရယ်သံဖြင့် ဦးဖြိုးထိန်လည်း လုံချည် ကလေးအသာမကာ ခြေသံလုံအောင် ခပ်ဖွဖွနင်းလျက် ဒါလီ၏ အခန်းဝသို့ မြန်းကြွလာခဲ့တော့သည်။

''ဟိုက်''

အခန်းဝရောက်တော့ မင်းတုံးက အထဲ၌ အခိုင်အမာ ထိုးထားသည်နှင့် ကြုံရလေတော့သတည်း။

❖



www.burmeseclassic.com

www.burmeseclassic.com

# တူနှစ်ကိုယ် ကျေးရွာ

www.burmeseclassic.com

www.burmeseclassic.com

မိုးစင်စင်လင်းချေပြီ။

ကျင်ငွေသည် မိုးစင်စင်လင်းပြီဆိုသည်နှင့် သူလု
ဆောင်ရမည့် အလုပ်မှန်သမျှကို ထောင့်စေ့အောင် လုပ်ကို
တော့သည်။

မျက်နှာသစ်သည်။ ကိုယ်လက်သန့်စင်သည်။

ပြီးလျှင် မီးဖိုချောင်ဝင်ကာ ရေနွေးအိုးကျိုသည်။ မှ
လာပို့ထားသော နွားနို့ကို ကျိုသည်။ ခါတိုင်းဆိုလျှင် သည်အ
ရောက်လျှင် ဦးဖြိုးထိန်သည် ပက်လက်ကုလားထိုင်ပေါ်ဝယ် ထို
ရင်း အားရှိအောင်ဆိုကာ ဖီးကြမ်းငှက်ပျောသီးမှည့်တစ်လုံး
စားလျက် ပျစ်ခဲနေအောင်ကျိုထားသော နွားနို့ကိုသောက်
ဆေးပေါ့လိပ်ကလေးခဲရင်း လယ်ယာလုပ်ငန်းခွင်ကိစ္စ၊ ငွေတိုး
ထားသည့်ကိစ္စများကို စဉ်းစားနေတတ်စမြဲဖြစ်သည်။ ခု
ဖြိုးထိန် အရိပ်အယောင်ကို မမြင်ရသေး။

ကေန္တ ..





ညတုန်းက ငှင်းတို့ခဲဆင်ပြေသွားကြ၍ အိပ်မောကျနေ
ကြသည်လား၊ ဒါဆိုလျှင်လည်း ကောင်းပါ၏။

အဘိုးကြီးအဖို့ သူလိုချင်သောအရာတစ်ခုကို ငှင်းပိုင်ဆိုင်
သော ပစ္စည်းဥစ္စာများကိုအခြေခံလျက် တံတားခင်းပြီး ရသွား
မည်။ စိတ်အံလိုလည်း ပြည့်မည်။ ပြီးတော့ ဆေးပေးမီးယူ
ကူဖော်လောင်ဘက် အိမ်ရှင်မလည်းရမည်ဆိုပါက ဟန်တော့အကျ
သား။ သို့ဆိုလျှင် တော်ရုံတန်ရုံမီးဖိုချောင်ကိစ္စ သူ ပါဝင်စရာမလို
တော့မည့်အရေး ကြိုတင်တွေးဆပြီးတော့ ကျင်ငွေပီတိဖြစ်ရသည်။

''ဟာ .. ဘယ်လိုဖြစ်ရတာပါလိမ့်''

ဒယီးဒယိုင်သာခွေယိုင်ပုံစံမျိုးနှင့် ဦးဖြိုးထိန်ထွက်လာခဲ့
သည်က ငှင်း၏အခန်းထဲမှဖြစ်၍ ညက 'ထင်သာထင်မဝင်ဘူး၊
ကျောင်းအစ်မရေ' ဆိုသည်ကိန်းဆိုက်ခဲ့မှန်း ကျင်ငွေနားလည်လိုက်
၏။

မျက်နှာသစ်သည်။ အိမ်သာတက်သည်။

ပြီးတော့ ညှိပ်ကြည်လင်ပုံမရသော မျက်နှာပေးနှင့် ကု
လားထိုင်တွင် ဝင်ထိုင်ကာ ငုံ့ထားသောရေနွေးကြမ်းဖြင့် ပလုတ်
ကျင်းလိုက်ရင်း ဖီးကြမ်းငှက်ပျောသီးမှည့်တစ်လုံးကို အခွံနွှာပြီး
စားလိုက်၏။ ပျစ်ခဲနေအောင် ကျိုချက်ထားသော နွားနို့ခွက်ကို
ကိုင်ကာ တစ်ကျိုက်ချင်း မော့ချနေလေ၏။

''ဟော့ကောင်း .. ကျင်ငွေ . ဒါလီအိပ်ရာက ထမလာ
သေးဘူးလား''

အိပ်ရာမှ နိုးနိုးချင်း ကိုယ်လက်သန့်စင်ပြီးသည့်နောက်
အရေးတရားကို သတိမရ၊ ဆွမ်းရေချမ်း ပန်းဆီမီးတို့ ကပ်လှူ



www.burmeseclassic.com

www.burmeseclassic.com



ရန် ဝေဒနာ ဘုရားကို ပုဆိန်ပေါက်မျှပင် မရှိခိုးဘဲ နှုတ်ဖျား ထမ်းတစ်ပြောဆိုသည်က ဒါလီမှ ဒါလီ။

"အိပ်ရာကထလို့ ကိုယ်လက်သန့်စင်ပြီးတာနဲ့ သူ့အခန်း ထဲဝင်သွားတယ် ဦးလေး"

သည့်စကားကြားရတော့ ဦးဖြိုးထိန်သည် ဒါလီရှိနေမည့် အခန်းရှိရာသို့ ဦးခေါင်းကို စောင်းငဲ့ကြည့်ရင်း

"ဒါလီရေ . . လာလေကွယ် . . ငှက်ပျောသီး လာစားနှ နှိုလာသောက်လှည့်ချေ၊ စကားလေးဘာလေး ပြောကြ အောင်ကွယ်"

ဟူ၍ အသံအုပ်အုပ်လေးဖြင့် လှမ်းအော်လိုက်သည်။

"ဟုတ်ကဲ့ . . လာပါပြီ ဦး"

တစ်အောင့်အကြာမှာတော့ ဒါလီရောက်လာသည်။

ဖီးလိမ်းပြင်ဆင် ဝတ်စားဆင်ယင်ထားသဖြင့် အင်မ အင်မတန်ကို ကျက်သရေရှိလိုက်လေစွဟု မှတ်ယူကာ စာ မည့်အစာ လွတ်မသွားစေရေးအတွက် တံတွေးကို ဂလုခနဲမြို ရင်း . .

"ဒါလီ့ကို ဦးပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေကွယ်"

"ပြောပါဦး . . ဒါလီနားထောင်နေပါတယ်"

"ဒါလီ့ကို ဦး ညတုန်းက ပေးခဲ့တဲ့ပစ္စည်းဆိုတာ အကာ ပဲရှိပါသေးတယ်၊ ဒါလီလိမ္မာရင်လိမ္မာသလို ဦးစိတ်ညွတ် ညွတ်သလောက် စိတ်တိုင်းကျရင်ကျသလောက် ဦးမှာရှိ ပိုင်ဆိုင်တဲ့ ပစ္စည်းတွေဆိုတာ ဒါလီ့အတွက်ပဲ ဖြစ်လာမှာပါ"

သည်စကားကြောင့်ဒါလီ၏ မျက်ဝန်းအစုံမှာ အရော





ကြည်များ ရွှန်းလဲ့သွားချေသည်။

"အဲသည်လို ဦးပိုင်ဆိုင်သမျှ လိုချင်တယ်ဆိုရင် ဦးနဲ့ အမြဲအတူနေမှ ဖြစ်လိမ့်မယ် ဒါလီ"

"ဘယ်လိုနေရမှာလဲ . . ဦးရဲ့ သမီးအဖြစ်နေရမှာလား"

"အို . မဟုတ်တာ . . သမီးအဖြစ်မွေးစားတယ်ဆိုရင် တစ်နေ့တစ်ချိန်ကျ ဒါလီက အိမ်ထောင်ပြုလိုက်တဲ့အခါ သျှောင် နောက်ဆံထုံးပါဆိုသလို ဦးဆီကနေ ခွဲခွာသွားမှာမဟုတ်လား"

ကျင်ငွေ၏ စိတ်ထဲမှာတော့ "အလဲ့ ငါ့ဘကြီးက အခေါ် ပြောတွေ တော်တော်ကြီး တိုးတက်လာပါကလား" ဟု မှတ်ယူ ားလိုက်သည်။

"ဆိုလိုတာကတော့ကွယ် . သမီးအဖြစ်မဟုတ်ဘဲ ဆေး ပေးမီးယူအိမ်ထောင်ဘက်အဖြစ် မကွဲမကွာအတူနေသွားဖို့ပါပဲ၊ သက်တမ်းအရဆိုရင် ဦးက အရင်ဆုံးလူ့လောကထဲကနေ ထွက်ခွာသွားရမှာပါ၊ ဦးမျက်ကွယ်ပြုသွားတဲ့နောက်ပိုင်းတော့ ဒါလီ့သဘောပဲပေါ့လေ၊ ဦးအနေနဲ့ တမလွန်ကနေ ဘာမှသိ နိုင်မှာမှမဟုတ်ဘဲ . . ကိုင်း . . ဦးပြောတာကို ဘယ်လို သဘော ရသလဲ . . ဒါလီ"

မိမိရရ ပိုင်ပိုင်နိုင်နိုင် ပြောဆိုလိုက်သောစကားကြောင့် ဒါလီမှာ ခေါင်းကလေးကို ငုံ့သွားရှာသည်။ လက်မနှင့်လက်သန်း ကုတ်ခြစ်နေသည်ကိုက ဦးဖြိုးထိန်အတွက် တစ်မျိုးလေး သီယဉ်လှပါဘိတော့။

အချိန်မိနစ်ကလေးတွေ အတန်ငယ်ကြာသွားတော့မှ ခေါင်းကလေးကို မော့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ.. ဦးပြောတာလည်း သဘာဝကျပါတယ်၊ မှ[illegible] လည်းမှန်တာပါတယ်၊ တရုတ်အဖော်ရဲ့လက်က လွတ်မြောက်[illegible] ရတာတစ်ခုတည်းနဲ့တင် ဒါလီကျေနပ်လှပါပြီ၊ ဘဝမှာ[illegible] ဘာဖြစ်ဖြစ်ရယ်လို့ စိတ်ကို ဒုံးဒုံးချခဲ့ပြီးသားပါ။

ဒါလီ့အပေါ် တကယ်မေတ္တာထားတဲ့အတွက်လည်[illegible] ကျေးဇူးအများကြီးတင်ပါတယ်၊ အသက်အရွယ် ဘယ်လော[illegible] ပဲကွာဟ၊ ကွာဟ၊ မေတ္တာတရားနဲ့ လွှမ်းခြုံလိုက်ရင် ဘဝ[illegible] တာ နေပျော်စရာကြီးပါ ဦးရယ်၊ ဒါလီ့အနေနဲ့ ဦးကို ငြင်[illegible] အင်အား မရှိတော့ပါဘူး"

သည့်စကားကြောင့် ဦးဖြိုးထိန်ရင်ထဲ လှိုက်ခနဲဖို[illegible] ကြက်သီးတွေ တဖျဉ်းဖျဉ်း ထလာခဲ့လေသည်။ နှလုံးသွေးကြော[illegible] မှာလည်း တဒိတ်ဒိတ်ခုန်လျက်။

"ဒါ .. ဒါ .. ဒါဆိုရင်"

"အို .. ပြောဖို့လိုသေးသလား အစ်ကိုကြီးရယ် .. အစ်[illegible] ကြီးပြုသမျှနုံတော့မယ်၊ အစ်ကိုကြီးကို ဘဝသက်လုံးပုံအေ[illegible] မယ့် ဒါလီအပေါ် မေတ္တာပြယ်တဲ့တစ်နေ့ ဒါလီ့ဘဝဓေ[illegible] ရေစုံမျောရပါလိမ့်မယ် အစ်ကိုကြီးရယ်"

'ဦး' ဆိုသောစကားလုံးမှ 'အစ်ကိုကြီး' ဆိုသည့်စကား[illegible] သုံးကို ပြောဆိုသုံးနှုန်းလိုက်သည့်အတွက် ဦးဖြိုးထိန်အဖို့ [illegible] ဘာသ်မြောင်အောင်ကျိုက်ကာ အိမ်တိုင်ခေါင်မိုးကို ပြောင်း[illegible] [illegible]အောင် ပစ်တိုက်လိုက်ချင်တော့သည်။ သို့သော် ဣန္ဒြေသိက္[illegible] [illegible] ခဲ့ဖြစ်။ တူနှစ်ကိုယ်ရွှေလည်တွဲပြီးနောက် အောင်ပွဲခံ[illegible] [illegible] ထင်သလိုကျဲတော့မည်ဟု စိတ်ကိုချုပ်တည်းထားလိုက်[illegible]





လေတော့၏။

"သည့်စကားကြားလိုက်ရတာ ကျက်သရေမင်္ဂလာရှိ လိုက်လေခြင်းကွယ်၊ အစ်ကိုကြီးပျော်သွားပြီ၊ သိပ်ကိုပျော်သွား ပြီ၊ နေဦးနော်၊ နေဦး၊ ဒါလီ့ဆီက အစ်ကိုကြီး အကြားချင်ဆုံး စကားကို ကြားလိုက်ရတာမို့ မင်္ဂလာအထိမ်းအမှတ်အဖြစ်"

စကားကို သည်မှာတင်ဖြတ်လိုက်ပြီး သကာလ ကုလား ထိုင်မှ ဇွေ့ခနဲထလျက် ၎င်း၏အခန်းထဲသို့ ဝင်သွားလေ၏။ ထို့နောက် ကျွန်းသေတ္တာကြီးကိုဖွင့်လျက် သွားလေသူချန်ရစ်ခဲ့ သော အဖိုးတန်လက်ဝတ်ရတနာများအနက်မှ လက်ကောက် ငါး ကွင်းနှင့် ရွှေဘီးတစ်ချောင်းကို ထုတ်လိုက်သည်။ ပြီးလေသော် ဒါလီရှိရာသို့ ပြန်သွားလျက်

"ဟောဒါက .. အစ်ကိုကြီးနဲ့ ဒါလီတို့ရဲ့ မင်္ဂလာ အထိမ်းအမှတ်အဖြစ်၊ ပြီးတော့ .. အစ်ကိုကြီးရဲ့ အချစ် သင်္ကေတအဖြစ်"

ဟူ၍ အဖြစ်တွေတဖြစ်ဖြစ်မြည်ကာ သူကိုယ်တိုင်ပင် ဒါလီ၏ ဦးခေါင်းထက်သို့ ရွှေဘီးကို စိုက်ပေးလိုက်၏။ လက် ကောက် ငါးကွင်းကို တစ်ကွင်းချင်းဆိုသလို ဒါလီ၏ ဘယ်ဘက် လက်ကလေးကိုကိုင်ကာ တစ်ကွင်းချင်း စွပ်ပေးလိုက်လေသည်။

"ကြည့်စမ်း .. အစ်ကိုကြီးချစ်တဲ့ ဒါလီလေးဟာ ခုကျ တော့လည်း မိုးပေါ်ကကျလာတဲ့ ရွှေစင်ယမင်းရုပ်ကလေး တစ်ရုပ် ဖြစ်သွားပါပေါ့လားကွယ်"

"အို .. ပိုပြီ"

"မပိုပါဘူးကွယ် .. လိုတောင်မှ လိုပါသေး၊ အဟေးဟေး၊



www.burmeseclassic.com

www.burmeseclassic.com



နေပါဦး အနားမှာဘယ်သူမှမရှိတုန်း ဒါလိုကိုမေးရဦးမယ်"

"ဘာများတုန်း ‥ အစ်ကိုကြီးရဲ့"

"ဟောဒီဒါလီလေးဆိုတာ ဘယ်သူ့ရဲ့ အချစ်ဘူးလဲ"

"အစ်ကိုကြီး ‥ ဘူး ‥ အစ်ကိုကြီး ‥ ဘူး"

"ဒါလီလေးဟာ ‥ ဘယ်သူ့ရဲ့အချစ်ဘူးလဲ"

"အစ်ကိုကြီးဘူး ‥ အစ်ကိုကြီးဘူး"

"ဒါလီလေးဟာ"

"တော်ပါတော့ အစ်ကိုကြီးရယ် ‥ ဒါလီမောပြီရှင့် ‥ မီးဖိုချောင်မှာ ကိုကျင်ငွေကို သွားကူလိုက်ဦးမယ်၊ ဟုတ်ပလား"

"ကောင်းပါပြီဗျား ‥ ကောင်းပဗျား"

ဒါလီထသွားလေတော့ အောက်သွားမရှိသော ဦးဖြိုးထိန်မှာ တဟဲဟဲရယ်မောရင်း ကျန်ရစ်ခဲ့လေသတည်း။

❖



# ထင်သာထင် မဝင်တဲ့ပန်းတိုင်

www.burmeseclassic.com

www.burmeseclassic.com

နံနက်စာစားသောက်ပြီးပြီမို့ ဗိုက်ကနည်းနည်း လေးလာ
သည်။ ပြီးတော့ မျက်တောင်တွေကလည်း ခပ်စင်းစင်း။

"ဝါး ‥ တစ်ရေးလောက်တော့ မှေးလိုက်ဦးမှပါ၊ ညတုန်း
ကလည်းကောင်းကောင်းမှ မနှပ်ခဲ့ရဘဲ၊ ကိုင်း ‥ ဒါလီ၊ အစ်ကို
ကြီးတစ်ရေးလောက် မှေးလိုက်ဦးမယ်ဟေ့"

"ကောင်းတာပေါ့ ‥ အစ်ကိုကြီးရယ်၊ ဒါမှလည်း အင်အား
တွေပြည့်လာတော့မှာပေါ့၊ အားရှိမှ ကျန်းမာမှ စိတ်သွားတိုင်း
ကိုယ်က ပါနိုင်တာအစ်ကိုကြီးရဲ့"

"ဟုတ်တာပေါ့ ‥ သိပ်မှန်တာပေါ့၊ ဒါလီရယ် ‥ ဒါလီ
ကလေ သိပ်ပြီးတော့ အမြော်အမြင်ရှိပေတာပဲ ‥ ဟဲ ‥ ဟဲ"

ဦးဖြိုးထိန်က လိုရာဆွဲ၍တွေးတောရင်း သဘောကျနေ
သည်။ ပြီးတော့ ရည်ရွယ်ချက်ရှိရှိနှင့် ၄င်း၏အခန်းထဲဝင်တာ
အသာကလေးမှိန်းနေလိုက်တော့သည်။

နေ့မွန်းတည့်ခါနီးလေမှ ဦးဖြိုးထိန်တစ်ရေးနိုးတော့သည်





"အကြံအစည်ပိတ်၊ တစ်ရေးအိပ်၊ တစ်ရေးနိုးသော် အကြံ
ပေါ်တဲ့၊ တယ်လည်းမှန်တဲ့ စကားပေပဲ၊ တော်တော်ကောင်းလိုက်
တဲ့အကြံကွာ၊ သည်အကြံကို ခုပဲအကောင်အထည်ဖော်ရ
မယ်၊ ညရောက်တဲ့အထိ ဆိုင်းမနေတော့ဘူး၊ 'ကွေးသော
လက်မဆန့်မီ ဆန့်သောလက်မကွေးမီ'တဲ့၊ 'အချိန်နဲ့ဒီရေ
သည် လူမစောင့်' တဲ့"

ကိုယ့်လက်ခုပ်ထဲရောက်နေတဲ့ ရေပဲ။ မြန်မြန်လေး
သောက်ထားတော့ မြန်မြန်လေး ရေငတ်ပြေတာပေါ့။

သည်လိုမျိုး အကြံအစည်တွေက ဝင်ရောက်လာလေ
တော့ ဦးဖြိုးထိန်မနေနိုင်တော့ပြီ။

"ဒါလီရေ ‥ ဒါလီ"

"ရှင် ‥ အစ်ကိုကြီး"

"အစ်ကိုကြီးဆီကို လာပါဦးကွယ်၊ ခေါင်းတွေအုံတုံတုံ
ဖြစ်နေလို့ နည်းနည်းလောက် လာနှိပ်ပေးပါလား"

"ဟုတ်ကဲ့ ‥ လာပြီ ‥ လာပြီ အစ်ကိုကြီး"

တယ်လည်း အလိုက်သိတတ်သည့် ဇနီးလောင်း အလိမ္မာ
သားပါကလားဟူ၍ ဒါလီ့အပေါ်တွင် အမှတ်ပေးလိုက်သည်။ သဲ
ဦးဖြာမက မာယာတွေကြွယ်ဝလှစွာသော ဦးဖြိုးထိန်၏ အကြံ
အစည်ဝယ် မကြာမတင် အချိန်ကာလကလေး၌ဒါလီတစ်ယောက်
ကျက်ဆင်းရတော့မှာပါတကား။

"ဘယ်နားက အုံနေတာလဲ ‥ အစ်ကိုကြီးရဲ့"

"နားထင်နှစ်ဖက်ကပါကွယ်၊ အင်း ‥ ညက အိပ်ရေးပျက်
သွားလို့ထင်ပါရဲ့ ‥ ဇက်ကြောတွေလည်း ထိုးထိုးလာချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်''

''ဒါဆိုဒါလီအကြောဆွဲပေးမယ်နော်''

''ကောင်းတာပေါ့ကွယ် ႋ ဒါလီဆွဲပေးရင် ခဏကလေး
ပျောက်သွားမှာပါ''

''ဟုတ်ကဲ့''

လက်ကောက် ငါးကွင်း၏ ထိခတ်သံနှင့်အတူ ဒါလီ၏
လက်ချောင်းနုနုကလေးတွေက ဦးဖြိုးထိန်၏ နားသယ်ရင်းနှ
ဇက်ကြောတို့အပေါ်ဝယ် စန္ဒရားနှိပ်သည့်အလား လူးလွန့်လှုပ်ရှား
လျက်ရှိနေသည်။

''တောက် ႋ ငါ့လောက်ကံထူးတဲ့လူ ဇမ္ဗူမှာရှိပါအေ
ရဲ့လားဟ၊ အင်း ႋ တစ်ဆင့်ပြီးတစ်ဆင့် တက်ရတော့ မှာ
ႋ ဟီ ဟီ''

သည်လိုအတွေးဝင်နေစဉ်မှာပင် အခန်းဝဆီသို့ ခြေ
ကြားလာရခြင်းနှင့်အတူ 'ဦးလေး ႋ ဦးလေး'ဆိုသည့် ကျင်
အသံကို ကြားလိုက်ရ၍ ဦးဖြိုးထိန်ဒေါသဖြစ်သွားရသည်။ ဘ
နယ် 'အရေးကောင်းနေတုန်း ဒိန်းဒေါင်းက လာ၍ဖျက်' ဆိုတ
မျိုးဖြစ်မနေဘူးလား။

''ဟ ႋ ကမြင်းမသား ႋ မင်း လူမှုရေး နားမလည်ဘူ
လား။ ဘာဖြစ်လို့ အနှောင့်အယှက်လာပေးရတာလဲ၊ သွား
သွား ပြန်ထွက်သွားစမ်းကွာ'

''မ ႋ မဟုတ်ဘူး ဦးလေးရဲ့ ႋ ခြံထဲကို လူငါးယော
ဝင်လာတယ်၊ သူကြီးဦးဆယ်မောင်ရယ်၊ ရာအိမ်မှူး ဦး
သာရယ်၊ ပြီးတော့ လူစိမ်းတစ်ယောက်နဲ့ ပုလိပ်နှစ်ယောက်





''ဟာ ႋ ဘယ်လိုလူတွေလဲကွာ၊ ရွာမှာလည်း ဘုရားပွဲ
ကျင်းပမယ့်အချိန် မရောက်သေးပါဘူး၊ စောစောစီးစီး အလှူ
လာခံရတယ်လို့''

''အလှူလာခံတာ ဟုတ်ပုံမရဘူး။ ကိစ္စတစ်ခုခုပေါ်လို့
လာတာနဲ့ တူတယ်ခင်ဗျ''

ပြောရ၍မှ မဆုံးသေး။ သူကြီး ဦးဆယ်မောင်၏ အသံကို
ကြားရတော့သည်။

''ဗျို့ ဦးဖြိုးထိန် ႋ ဗျို့ ဦးဖြိုးထိန် ထွက်လာပါဦးဗျ၊
ခင်ဗျားတော့ ပြဿနာတက်ပြီ''

သည်စကားကြောင့် ဦးဖြိုးထိန်ရင်ထဲ ဒိန်းခနဲ တက်
ဆင့်သွားလေသည်။ သူ ခုတင်ပေါ်မှ ထလိုက်ချိန်ဝယ် ဒါလီ
လည်း လိုက်ထသည်။ ဦးဖြိုးထိန်အခန်းထဲမှထွက်တော့ ဒါလီ
ည်း လိုက်ထွက်သည်။ အပြင်သို့ ထွက်မိလျှင် ထွက်မိချင်း
ငါးယောက်ထဲမှ ပါလာသော သက်တူရွယ်မျှလူရွယ်ကိုတွေ့
တော့ ငှင်းထံ ဒါလီအပြေးသွားတော့သည်။

ပြီးတော့ လူရွယ်ကိုဖက်တွယ်ကာ ရှိုက်ကြီးတငင် ငို
ကြွေးတော့သည်။

''အမယ်လေး ႋ ကံကြီးပေလို့ပေါ့၊ ကိုကိုညွန့်ရယ်၊ ဒါလီ
လေ၊ ရေတိမ်နစ်တော့မလို့၊ ကိုကိုညွန့် အချိန်မီ ရောက်လာလို့
ပဲ၊ မဟုတ်လို့ကတော့ ဒါလီရဲ့ ဘဝဟာ ဟောဟိုအဘိုးကြီး
ကြောင့် ရေတိမ်နစ်တော့မှာ၊ အဟင့် ႋ ဟင့် ႋ အီး ႋ
ဟီး ႋ ဟီး''

''တိတ်ပါကွယ် ႋ တိတ်ပါ ႋ ကိုကိုညွန့်ရောက်လာပြီ

www.burmeseclassic.com



ပဲဟာ ..ဒါလီဘာမှမဖြစ်တော့ပါဘူးကွယ်၊ အမလေး … တော်ပါသေးရဲ့.. ဒါလီဘာမှမဖြစ်သေးလို့ပေါ့၊ နို့မဟုတ်… ကိုကိုညွှန့်တော့ ပူဆွေးကြေကွဲလို့ကို ဆုံးမှာမဟုတ်တော့ဘူး…

သည်သို့ပြောရင်း ဒါလီကျောပြင်ကလေးအား ပယ်… နယ်နယ်ပွတ်သပ်ပေးရင်း အလွမ်းသယ်နေလေတော့သည်။

"ကဲ .. ကျွန်တော်မပြောဘူးလား .. သူကြီးရယ်၊ … ကံကောင်းထောက်မလို့ပေါ့၊ သူတော်ကောင်းနတ်မဆိုသ… သည်အိမ်ကိုလိုက်ပို့ပေးတဲ့ လူညီးသမားနဲ့တွေ့ပြီး အ… အကြောင်း သိရပေလို့ပေါ့၊ ကျွန်တော်တို့ လင်မယားအဖြ… သားသမီးလိုသဘောထားပြီး ကူညီပေးပါဦး သူကြီးမင်း… ဟောဒီက ပုလိပ်မင်းတို့ရယ်"

လူရှုယ်ဖါ့စကားကြောင့် ဘာကိုမျှနားမလည်ဖြစ်နေ… ကား အစာတော်၊ ရေတော်ဖြစ်သွားသည့် ဦးဖြိုးထိန်ပင်ဖြစ်… သတည်း။

"သူကြီးမင်းရယ်၊ ဟောဒီက ကျွန်တော့်မိန်းမ မြ… ဟာ ဟောဒီရွာမှာ သူ့ရဲ့ကြီးမေရှိတယ်၊ သွားလည်ချင်တယ်… ပြီး ထွက်သွားတာ ပြန်ရောက်မလာတာနဲ့ ကျွန်တော်လ… ညားခါစဇနီးအပေါ် စိတ်အကြီးအကျယ်ပူပင်ပြီး ခုလို… လိုက်လာခဲ့ရာက သူကြီးမင်းတို့ မျက်ဝါးထင်ထင် နာ… ဆတ်ဆတ် မြင်ရကြားရတဲ့အတိုင်း ကြုံရတော့တာပဲ၊ … မည်ရဆိုသလို ဂါတ်ကို အကြောင်းကြားပြီး ဟော… ပုလိပ်မင်းတို့ကိုပါ အကူအညီတောင်းပြီး ခေါ်ခဲ့ရတာ… ခုလိုမျိုး ကျွန်တော့်မိန်းမအပေါ် သွေးဆောင်ဖြားယောင်း…





ဖျက်လိုဖျက်ဆီးလုပ်တဲ့ သူကို ကျွန်တော့်စိတ်နဲ့ ဥပဒေမဲ့ လုပ်လိုက်ရင် အရိုးအသားတောင် ရှာလို့တွေ့မှာ မဟုတ်တော့ဘူး၊ 'ဆံတစ်ပင်တင်း၊ ချစ်ခြင်းမယား၊ ရည်းစားလူလု၊ အူနု ကျွဲခတ်၊ မျက်စပ်ပိုးဝင်'တဲ့၊ အခံရခက်လိုက်လေခြင်းခင်ဗျာ"

"နေပါဦး မောင်ရင်ရယ်၊ ပြဿနာဖြစ်လာရင် လူမှုရေး အရသော်လည်းကောင်း၊ ဥပဒေအရသော်လည်းကောင်း ပြေလည်အောင် ဖြေရှင်းရမှာပေါ့"

ဦးဖြိုးထိန်ခမျာ ဘယ်လိုမှ ချော်လင့်မထားသည့်အဖြစ်အပျက်အများကြောင့် ရင်တွေတလုပ်လုပ်ခုန်လာခဲ့သလို ဒူးတွေလည်း တဆတ်ဆတ်တုန်လာခဲ့သည်။ ပြီးတော့ မူယာမာယာ ကြွယ်ဝစွာသော မိန်းမလည်မဒါလီအားလည်း အံ့အားတသင့် ဖြစ်ရသည်။

"ကိုင်း .. ကလေးမ၊ ငါ ဟောဒီရွှေပန်းပေါ်ရွာကို အုပ်ချုပ်ရတဲ့ သူကြီးပဲ၊ ဘယ်ကဘယ်လိုဖြစ်တယ်ဆိုတာ ဟောဒီက ပုလိပ်မင်းတွေလည်း သိရလေအောင် ရှင်းပြဦး"

"ဟုတ်.. ဟုတ်ကဲ့.. သူကြီးမင်းရှင့်၊ ကျွန်မ မနေ့က ကြီးမေရှိတယ်ဆိုတဲ့ သည်ရွာကိုရောက်ပါတယ်၊ ညနေပိုင်းအချိန်လောက်မှာပါ၊ သည်အိမ်ကို ဝင်စုံစမ်းတော့ ဟောဟိုအဘိုးကြီးက သည်ရွာမှာ ကျွန်မရဲ့ကြီးမေနဲ့ ကြီးမေရဲ့ ခင်ပွန်းဆိုတာ လုံးဝမရှိဘူး ပြောပါတယ်"

"ကျွန်မကိုလည်း လူညီးနဲ့ပြန်မလိုက်နဲ့၊ အချိန်လင့်ပြီ ဆိုပြီး လူညီးကိုပြန်လွှတ်လို့ ကျွန်မမပြန်ရအောင် အခန်းထဲ ပိတ်လှောင်ထားခဲ့ပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..မဟုတ်ဘူး၊ မဟုတ်ဘူး သူကြီး၊ သူပြောတာ လုံးဝမဟုတ်ဘူး"

အလီ၏ မဟုတ်တမ်းတရားစကားတွေကြောင့် ဦးဖြိုးထိန်ခမျာ နာလိုခံခက်ဖြစ်ကာ ပျာပျာသလဲပင် အော်ဟစ်ငြင်းဆိုလိုက်လေသည်။

"နေပါဦး၊ ဦးဖြိုးထိန်၊ သည်မှာ တစ်ယောက်ပြောနေတဲ့စကား မဆုံးသေးဘူးလေ၊ ကျုပ်တို့ရောက်လာကြတော့ ခင်ဗျားအခန်းထဲက ခင်ဗျားရယ်၊ ကလေးမရယ် အတူထွက်လာကြတာ၊ ကျုပ်တို့အားလုံးမြင်တယ်"

"မဟုတ်သေးပါဘူးခင်ဗျာ ..ကျွန်တော့်ဘကြီးဟာ"

"ဟော့ကောင် ..ကျင်ငွေ၊ ငါတို့ရှင်းနေလင်းနေကြတဲ့ ကိစ္စတွေထဲ မင်းဝင်မပါနဲ့၊ မင်းကြီးရာပါအဖြစ် ထောင်ကျသွားမယ် သိလား"

"အယ်..ဟုတ်..ဟုတ်ကဲ့..ကျွန်တော်ဘာဆိုဘာမှ မပြောနဲ့ဆို မပြောတော့ပါဘူးခင်ဗျာ"

ကျင်ငွေခမျာ ၎င်း၏ဘကြီးအတွက် ကြားဝင်ရှင်းလင်းပေးလိုသော်လည်း ကြံရာပါအဖြစ် ထောင်ကျသွားမည်ဆို၍ ဖက်ကလေး ပုသွားရှာတော့သည်။ ဦးဖြိုးထိန်မှာတော့ ကျဉ်းထဲကြပ်ထဲရောက်နေပြီမို့ နဖူးပြင်တစ်ဝိုက်တွင် ချွေးများ သီးလျက်ရှိတော့သည်။

"ကိုင်း..ဘာမှမကြောက်နဲ့၊ အဖြစ်မှန်ကို ရဲရဲသာပြောကလေးမ"

သူကြီးအဖို့ ၎င်း၏တူမတစ်ယောက်အား ဦးဖြိုးထိန်မှ





ထိခလုတ်ထိခလုတ် လုပ်နှုံးခြင်းအပေါ် မကျေနပ်သည့် ဓာတ်ကြက ရှေးကတည်းက ရှိနေခဲ့ပြီးသား။

"ဟုတ်..ဟုတ်ကဲ့ သူကြီးမင်းရှင့်..ကျွန်မမှာလေ ကိုယ့်အဖေအရွယ်၊ ကိုယ့်ဘိုးအေအရွယ်ပဲဆိုပြီး ယုံစားမိခဲ့တာ ငါးပါးကို မှောက်တော့တာပါပဲရှင်"

"အဘိုးကြီးဟာ ကျွန်မကို အခန်းထဲချုပ်ထားပြီး ခြိမ်းခြောက်ပြောဆိုပါတယ်၊ သူ့အလိုကို လိုက်ရင်လိုက်၊ မလိုက်ရင် ဖြင့် လူကိုလည်းသိမ်းပိုက်မယ်၊ ပစ္စည်းတွေလည်းယူမယ် ပြီးရင် ကျွန်မကိုသတ်ပြီး သည်ခြံထဲက ဝက်ပျောတောထဲ မြှုပ်ပစ်မယ်လို့ ပြောပါတယ်ရှင်"

"အောင်မလေး ..လေး ..တယ်လည်းရက်စက်ကြပါကလားခင်ဗျာ ..အသက်အရွယ်ကိုမှ မထောက်၊ ဘာကိုမှအပြစ်မရှိတဲ့ ကျွန်တော့်ရဲ့မယားကို ဒီသချိုင်းတစ်ဖက်လှမ်းနေတဲ့အဘိုးကြီးက စကောလောက်မှ မနက်ပက်စက်တဲ့အကြံကြံရတယ်လို့၊ ကျွန်တော်မကျေနပ်ဘူး၊ သူကြီးမင်း၊ လုံးဝဆိုလုံးဝမကျေနပ်ဘူး။ ပုလိပ်မင်းတို့ အဲသည်အဘိုးကြီးကို လက်ထိပ်ခတ်ပြီး ဖမ်းကြပါ၊ ဂါတ်ရောက် ရုံးရောက်တဲ့အခါ မယားခိုးမှု၊ ခြိမ်းခြောက်မှု၊ သွေးဆောင်ဖြားယောင်းမှုတွေနဲ့ တရားစွဲမယ်ခင်ဗျ"

"နေပါဦး မောင်ရင်ရယ်၊ ပြဿနာကို ပြေလည်အောင် ဦးမင်းတို့ ဖြေရှင်းပေးပါ့မယ်၊ ကလေးမ ဆက်ပြောပါဦး"

"နားနဲ့မနာဖဝါးနဲ့နာပါ သူကြီးမင်းရယ်၊ မနေ့ညက အဲသည်အဘိုးကြီး အတင်းကာရော၊ ဗလက္ကာရလုပ်ဖို့ကြံတော့

www.burmeseclassic.com

www.burmeseclassic.com



**ကျွန်ုလည်း**. နေထိုင်မကောင်းတဲ့ဟန်နဲ့ ပရိယာယ်သုံးပြီး **နောက်ရက်**ကျရင်ဖြင့် သူ့အလိုကို လိုက်ပါမယ့်အကြောင်း **တောင်း**ပန်ခဲ့ရပါတယ်၊ ခု သူကြီးမင်းနဲ့ ကိုကိုညွန့်တို့ရောက် လာတော့ သူ့အခန်းထဲ ဖွတ်ဆွဲခေါ်ပြီး သူ့အလိုဆန္ဒ ပြည့် မြောက်အောင်ကြံစည်နေတဲ့အချိန် သူကြီးမင်းတို့ရောက်လာလို့ ကျွန်မကံကောင်း သွားရတာပါရှင် ․․အဟင့် ․․ဟင့် ․․ အီး ․․ဟီး ․․ဟီး''

''ကိုင်း ․․ကလေးမပြောတဲ့ အပိုင်းပြီးသွားပြီ၊ ကဲ ․․ ဦးဖြိုးထိန်၊ ခင်ဗျားနှယ်ဗျာ၊ သည်အရွယ်ကြီးရောက်တာ တောင် မကောင်းတဲ့စိတ်က မပျောက်နိုင်သေးပဲကိုး၊ ကလေး ပြောတာတွေအပေါ် ခင်ဗျား ဘာများငြင်းချက်ထုတ်ချင်သေး လဲ ․․ပြော''

သည်တော့မှ ဦးဖြိုးထိန်လည်း ဆီးရှက်လောက်ရှိသော မျက်နှာကလေးနှင့်။

''သူပြောတာတွေဟာ လုံးဝဆိုလုံးဝမဟုတ်ရပါဘူး ကလေးမဟာ သူကြီးမေဆိုတာ ရှိမရှိလာစုံစမ်းတဲ့အခါ မရှိ အကြောင်းပြောတော့ရှိုက်ကြီးတငင်ငိုပြီး သူ့အိမ်က ကုန်စုံဆိုင် က တရုတ်ကြီးတစ်ယောက်နဲ့ အတင်းပေးစားမှာကြောက် ထွက်ပြေးလာတာပါ၊ အိမ်လည်းမပြန်ပါရစေနဲ့၊ အိမ်ပြန်ရ မိတွေးဖြစ်တဲ့သူက သတ်မှာ၊ ဒါကြောင့် သည်မှာ နေ တည်းပါရစေလို့ သနားအောင်ပြောတော့ ကျုပ်လည်း သန ပြီး လက်သင့်ခံခဲ့တာပါ''

''ကလေးမ လာစဉ်တုန်းက ဘာလက်ဝတ်လက်စား





မရှိပါဘူး၊ သူကအပျိုပါ၊ ကျုပ်ကိုယူပါမယ်ဆိုတာနဲ့ ကျုပ် လည်းစုဆောင်းထားတာတွေထဲက သူ့ကို ဆင်ထားပေးတာ ပါဗျာ''

''အို ․․သည်အဘိုးကြီးပြောတာတွေ တစ်ခုမှ မဟုတ်ရပါ ဘူး၊ သူကြီးမင်းရယ်၊ သူကြီးမင်းပဲ စဉ်းစားကြည့်ပါတော့၊ ကျွန်မရုပ်ရည်၊ ကျွန်မအသက်အရွယ်နဲ့ သည်လိုမျိုး သချိုင်း ကုန်းမျက်စောင်းထိုးနေတဲ့ သက်ကြီးရွယ်အိုကြီးကို ယူပါ့မလား ရှင့်''

''အင်း ․․ဟုတ်ပေတာပဲ''

''နောက်ပြီး ကျွန်မဝတ်စားတာတွေဟာ ကျွန်မ ယောကျ်ားကိုကိုညွန့် ဆင်ပေးထားတာတွေပါ၊ ကိုကိုညွန့်ဟာ ပန်းတိမ်ဖိုပိုင်ရှင်ပါ၊ မန္တလေးဖြူနယ်တစ်ကြောမှာ 'ညွန့်ဒါလီ ပန်း တိမ်ဖို' ဆိုတာ နာမည်ကြီးပါရှင်''

ထိုအချိန်ဝယ် နှုတ်ဆိတ်လျက်ရှိသော ပုလိပ်သားနှစ် ယောက်က စကားစလာတော့သည်။

''သည်ကလေးမပြောတာ ဟုတ်တယ်သူကြီး၊ ဟောဒီ ကိုညွန့်ဟာ ပန်းတိမ်ဖိုပိုင်ရှင်ပဲ၊ သူတို့ကြွယ်ဝတာ ကျုပ်တို့သိ တယ်၊ သည်တော့ အချိန်ကြာပါတယ်၊ နှစ်ဦးနှစ်ဖက် ပြေ လည်မှုမရှိကြရင် ကျုပ်တို့ဟောဟို ဦးဖြိုးထိန်ကို ဂါတ်တဲရှိရာ လက်ထိပ်ခတ်ပြီး ဖမ်းသွားရလိမ့်မယ်''

ပြောပြောဆိုဆိုနှင့် ခါးကြားတွင် အသင့်ယူလာခဲ့သော လက်ထိပ်ကို ထုတ်လိုက်သည်။

ဦးဖြိုးထိန်တစ်ယောက် မျက်လုံးမျက်ဆံပြူးရပါရောပြီ။



www.burmeseclassic.com

www.burmeseclassic.com



"သည်း ။ သည်လိုလည်းမလုပ်ကြပါနဲ့ဗျာ၊ ကလေးမတို့ပြေလည်တဲ့အထိ ညှိကြတာပေါ့၊ ကျုပ်အဖမ်းခံရရင် ရွှေပန်းပေါ်ရွာမှာ ကျုပ်ဘဝရေစုံမျောရပါလိမ့်မယ် သူကြီးမင်းရယ်"

"သိပ်သေချာတာပေါ့ ဦးဖြိုးထိန်ရယ်၊ ဘယ်သူမပြု မိမိမှုတဲ့ ရှုပ်လာရင်ရှင်းရမှာပဲ၊ သည်တော့ ။ ဟောဒီက ကလေးမရဲ့ယောကျ်ားကျေနပ်အောင် ခင်ဗျားညှိပေတော့ ။ ညှိလို့အဆင်ပြေရင် အကြောင်း မဟုတ်ဘူး၊ မဟုတ်လို့ကတော့ ခင်ဗျားလည်းထောင်ကျမှာပဲ၊ ခင်ဗျားတူ ကျင်ငွေလည်း အဖျားခတ်မှာပဲ၊ နောက် အေး အေးချမ်းချမ်း ဖြစ်နေကြတဲ့ ခင်ဗျားသားသမီးတွေလည်း ရွာမှာအရှက်ရပြီး ခေါင်းဖော်နိုင်ကြမှာ မဟုတ်ဘူး"

"ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ၊ ကျုပ်လည်း သည်လိုမျိုးအဖြစ်မခံဝံ့ပါဘူး"

"ဒါဖြင့် ခင်ဗျားနဲ့ ကလေးမယောကျ်ားတို့ ညှိကြဗျာ"

သို့ဖြင့် ဦးဖြိုးထိန်လည်း ရှေ့မျက်နှာနောက်ထား၍ ရိုကျိုးခယစွာ ကိုမောင်မောင်ညွန့်ဆိုသူအား တစ်နေရာသို့ ခေါ်သွားလေသည်။

"သူငယ်ရယ်၊ ဘကြီးကိုသနားပါကွယ်၊ သူငယ်ရဲ့မိန်းမကို တစ်စက်ကလေးတောင်မှ မထိရသေးပါဘူး၊ သည်ကိစ္စကျေအေးနိုင်ဖို့ရာ ဘကြီးဘာလုပ်ပေးရမလဲ၊ ပြောပါကွယ် ပြောပါ"

"ခက်တာပဲဗျာ၊ ကျုပ်မိန်းမ ရေတိမ်နစ်လို့ကတော့ စိတ်ထဲက သတိမှာမဟုတ်တော့ဘူး၊ ကျုပ်တို့လင်မယား သာ





ပျက်မှာ အသေအချာပဲ။ အခုကိစ္စမှာ ကျွန်တော်တို့လင်မယား တောင်းဆိုတာကို ဖြည့်ဆည်းပေးရမယ့်အပြင် ခုပေါ်လာတဲ့ ပုလိပ်နှစ်ယောက်ကိုလည်း နှုတ်ပိတ်ခပေးရမယ်၊ သူတို့က မကျေနပ်ရင် ပြဿနာက ငြိမ်းမှာမဟုတ်ဘူး၊ ခုကိစ္စဟာ သာမန်ကိစ္စ မဟုတ်ဘူး။ ရာဇဝဝတ်မှုခင်ဗျ၊ ရာဇဝတ်မှု"

"ဟုတ်ပါတယ်ကွယ်၊ ဘကြီးတောင်းပန်ပါတယ်၊ ဘကြီးအနေနဲ့ ဘယ်ရွေ့ဘယ်မျှအထိ ပေးရမယ်ဆိုတာပြောပါကွယ်၊ စိတ်အေးရအောင် ကျေအေးပေးပါ"

"အင်း ။ ဒါဆိုရင် ဘကြီးအနေနဲ့ ကျွန်တော့်မိန်းမ လက်ဝတ်လက်စားကိစ္စကို ဘာမှမပြောနဲ့တော့၊ ပြောရင်ဖယားက ရှုပ်လာဦးမယ်"

"အေးပါကွယ်၊ အေးပါ မပြောတော့ပါဘူး"

"ဒါဖြင့် ကျွန်တော့်မှာ ပုလိပ်တွေကို နှုတ်ပိတ်ဖို့ရယ်၊ ကျွေးမွေးဖို့ရယ်၊ သွားဖို့လာဖို့ရယ်၊ နစ်နာမှုတွေကို ပေါင်းစပ်လိုက်ရင် ငွေသားချည်း ငါးသောင်းပေးမှ ကျေအေးပေးနိုင်မယ်"

"အယ် ။ များလှချည်လားကွယ်၊ မသကာ ငါးထောင်လောက်ဆို"

"ဒီမှာ ။ ဘကြီး ။ ဒါ ကုန်ရောင်းကုန်ဝယ်လုပ်နေတာမဟုတ်ဘူးဗျ၊ ဆစ်လားဘာလားမလုပ်နဲ့၊ ပေးမယ်ဆိုပေး၊ မပေးဘူးဆိုရင် ကျွန်တော့်ကဏ္ဍပြတ်ပြီ၊ ဘကြီးလက်ထိပ်တန်းလန်းနဲ့ ဂါတ်တဲကို လိုက်ခဲ့ပေတော့"

ပြောပြောဆိုဆိုနှင့် မောင်ညွန့်က လှည့်ထွက်မည်ဟု ဟန်



www.burmeseclassic.com

www.burmeseclassic.com



ပြင်လိုက်ရာ ဦးဖြိုးထိန်လည်း ပျာပျာသလဲနှင့် ..

"နေ .. နေပါဦးကွယ်၊ အဲသလိုဇွတ်ကြီးမလုပ်လိုက်ပါနဲ့၊ ပေးဆို ပေးပါမယ်ဗျာ၊ ခဏလေးစောင့်ပါ"

ဟူ၍ တောင်းပန်စကားဆိုလိုက်ပြီးနောက် ၎င်း၏အခန်းရှိရာ ထွက်သွားပြီး ငွေငါးသောင်းကို ထုတ်လာကာ အားလုံးစုံရာရှေ့တွင် ကာယကံရှင်လက်ထဲသို့ ထည့်လိုက်ရလေတော့သတည်း။

❖



မြို့ပေါ်ရှိကောင်းပေ့ဆိုသော ပျော်ပွဲစားရုံထဲမှာတော့ ာလိမ်ကကျစ်ငတေ၊ အရပ်ပျက်မလေး မိပျံလွှားနှင့် ငတေ၏ ာက်ရင်းတပည့်ကျော်နှစ်ဦးဖြစ်သော ကျောက်လုံးနှင့်သာလောင် ို့မှာ နေ့ခင်းက ရွှေပန်းပေါ်ရွာမှ ဦးဖြိုးထိန်၏ အဖြစ်သနစ်ကို ှိန်ပြောင်းစမြို့ပြန်ကြရင်း တဝါးဝါးတဟားဟားပွဲကျလျက် အထူး ာကြားထားသော စားသောက်ဖွယ်ရာများကို မှာယူစားသောက် နကြလေသည်။

"ဟား .. ဟား .. ဟား .. တို့အာစရိ ကိုငတေကတော့ ဖြင့် အစီအမံတွေက ကွက်တိပဲ၊ ဆရာ့ကို ဆရာတင်ရတာ တန်ဖိုး ရှိလိုက်တာ ဆရာရယ်၊ ဟုတ်တယ်နော် သာလောင်"

"ဟုတ်သမျှ 'ဟုတ် .. ဟုတ် .. ဟုတ်' လို့တောင် မြည် နေသေးတော့ ကျောက်လုံးရာ၊ သည်ပွဲမှာ ပျံလွှားမကလည်း တကယ့်ကို သရုပ်ဆောင်ကောင်းမှကောင်းပဲ"

"အံမယ်၊ ရှင်တို့နှစ်ယောက်လည်း တကယ့်ပုလိပ်ယောင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်လာခဲ့တာ အပီအပြင်ပါပဲ၊ ဘာပဲဖြစ်ဖြစ်အစ်ကိုတော့ အလုပ်လုပ်ရတာ ပျံလွှားမတော့ သိပ်ပျော်တာပဲ''

''ပျော်ကြဟာ ။ ။ ပျော်ကြ ။ ။ ဒါပေမဲ့ အနေအထိုင်တော့ တော့ ပိရိကြပစေ၊ ငါတို့အလုပ်က လူပေါ်လူဖော်လုပ်ပြီး ကလိမ်ကကျစ်ကျရတဲ့အလုပ်ဟ၊ ဟန်ကိုယ့်ဖို့၊ မာန်သူ့ ဆိုတာ သိပ်အရေးကြီးတယ်''

ခေါင်းဆောင်ငတေက ခေါင်းဆောင်ပီသစွာနှင့် တပည့် တပန်းတို့အား သင်ခန်းစာညွှန်ကြားပေးနေသည်။

သည်ဓာတ်လမ်းကို ပီပြင်အောင် ကပြနိုင်ရန်အတွက် ငတေက ဓာတ်ဆရာလုပ်ခဲ့ရသည်။

''အလုပ်တစ်ခုကို ပီပြင်အောင် အကောင်အထည်ဖော် နိုင်ဖို့အတွက် အစကောင်းဖို့လိုတယ်ကွ၊ 'အစကောင်းမှ အနှောင်းသေချာတယ်' ဆိုတဲ့စကား မင်းတို့လည်း ကြားဖူး တာပဲ မဟုတ်လား၊ သည်ခွင်ကိုအပီအပြင်ရိုက်နိုင်ဖို့ တစ်ခေါက် ကြိုလောက်ကတည်းက နွားပွဲစားအဖြစ်နဲ့ ရွှေပန်းပေါ်ရွာကို သွားပြီး အသေအချာ လေ့လာထားရတာ''

မှန်သည်။

ငတေတို့က အလုပ်တစ်ခုလုပ်လျှင် ပီပြင်အောင်လုပ် သည်။ ပိရိအောင်ကြံသည်။ သို့ဖြင့် သည်ဓာတ်လမ်း၌ သူသည် ကိုကိုညွှန့်၊ ပျံလွှားမသည် ။ ။ ဒါလီ။ ကျောက်လုံးနှင့်သာလောင်း တို့သည် အယောင်ဆောင် ပုလိပ်သားနှစ်ယောက်အဖြစ် ပီပြင်စွာ သရုပ်ဆောင်ခဲ့သည် မဟုတ်ပါလား။

''မင်းတို့ကို ငါဝေစုခွဲပေးတဲ့ အတိုင်းအတာအပေါ် တွေ





နပ်ကြတယ်မဟုတ်လား''

''ဟာ ။ ။ ကျေနပ်ပါတယ်ဆရာတေရယ်၊ ကျေနပ်ပါတယ်၊ နောက်ခွင်တွေရှိရင်လည်း တပည့်တို့ကို ခေါ်သုံးပါနော်''

''အေး ။ ။ သုံးမယ်၊ ဒါပေမဲ့ မင်းတို့ငါ့အပေါ် သစ္စာရှိဖို့ လိုတယ်နော်''

''စိတ်ချပါဆရာရယ်၊ ဆရာ့အတွက်ဆို အသက်ပေးပြီး သား''

''ဟုတ်ပါတယ်၊ ကိုကိုတေရယ်၊ ပျံလွှားမလည်း ကိုကို တေ့အတွက်ဆိုရင်''

''အေးပါ ။ ။ အေးပါ။ ကိုင်း ။ ။ ကိုယ့်နေရာ ကိုယ့်ဒေသ ပြန်ပြီး အေးအေးလူလူနေရုံစ်ကြဦး၊ ငါ ခွင်လေးတစ်ခု လေ့လာ ထားတာရှိတယ်၊ အကောင့်အထည်ဖော်ခါနီးကျရင် သဏ္ဍာန် လုပ်သရုပ်တူစေဖို့ လေ့ကျင့်ပေးဦးမယ်၊ အဲ ။ ။ အဲဒီကျရင် ။ ။ ပျံလွှားမ''

''ရှင် ။ ။ ပြောပါ ကိုကိုတေ''

''ညည်း ။ ။ ဆံပင်ရှည်ကို ခေါင်းတုံးတုံးသင့်ရင် တုံးရ မှာနော်''

''အို ။ ။ ဒါလေးများ''

''ဟား ။ ။ ဟား ။ ။ ဟား''

အောင်သေအောင်သားစား၍ အောင်ပွဲခံနေကြသော ဝိုင်း လေးက ရယ်မောပျော်ရွှင်သံများဖြင့် သီးသန့်အခန်းကလေး တွင်း ပွဲတင်ထပ်သွားကြလေသတည်း။

❖



www.burmeseclassic.com

www.burmeseclassic.com

# ရွှေပေလွှာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ရွာ၏ နာမည်လေးက ချစ်စရာ။

'နံ့သာပု'. . . တဲ့။

တစ်ချိန်ကသည်ရွာကလေးမှ နံ့သာပုငှက်ပျောသီးများ အကြီးအကျယ်ထွက်ရှိခဲ့သဖြင့် ပညတ်သွားရာ ဓာတ်သက်ပါ သကဲ့သို့ ငှက်ပျောတစ်မျိုး၏အမည်တွင်ရစ်နေသည့် ငြိမ်းချမ်း လှသော ရွာကလေးတစ်ရွာဖြစ်ချေ၏။

ပြီးတော့ သည်ရွာကလေးသည် ရောဝတီမြစ်ကမ်း နှင့် မနီးမဝေးမှာတည်ရှိပြီး ရေလမ်းခရီးကို အများဆုံးအသုံး သော ရွာကလေးလည်းဖြစ်ချေ၏။ ရွာသူရွာသားအများစုမှာ ဗု ဘာသာကိုးကွယ်ကြသည့် ရိုးသားသော ကရင်တိုင်းရင်းသား အများစု မှီတင်းနေထိုင်ကြရာ တောရွာကလေးဖြစ်သည်။

တောရွာကလေးဟု မည်ကာမတ္တဆိုသော်ငြား အိမ်ခြေ နှစ်ရာထက်မနည်းရှိကာ အိမ်ကြီးရခိုင်တွေ ပေါများလှ၏ ခြံ ဆီးခြံစာကြွယ်ဝသော လယ်ယာမြေများပိုင်ဆိုင်ကြသည့်အတွက်





က်ပျိုးရေး၌လွန်စွာမှ သီးနှံများအောင်မြင်ဖြစ်ထွန်းကြလေသည်။ သူရွာသားအများစုသည် ဘာသာတရားကို လွန်စွာမှ ကိုင်းရှိုင်း ပြီး ရွာနီး၌ ဆုတောင်းပြည့်စကြာဗောဓိရွှေဟောင်း စေတီတော် ကြီးရှိ၏။ စီးပွားဥစ္စာချောင်လည်သူများရလေကား ရွာဦးဘုန်းတော် ကြီးကျောင်းကို သစ်ကောင်းများဖြင့် ခန့်ညားထယ်ဝါစွာ ဆောက် ပ်လှူဒါန်းထားကြလေသည်။

နံ့သာပုရွာသူရွာသားများသာမက အခြားရွာနီးချုပ်စပ်က နံ့သာပုရွာဦးဘုန်းတော်ကြီးအား ဆည်းကပ်ကိုးကွယ်ကြလေ၏။

ဆရာတော်ကြီးသည် အတိတ်၊ တဘောင်၊ စနည်းတို့ကို ကြည်သူဖြစ်၏။ လပြည့်လကွယ် ဥပုသ်သီတင်းသီလပေးသည့် တ်များ၌ တပည့်ဒကာ၊ ဒကာမအပေါင်းအား ဗဟုသုတရစိမ့် သာဒ္ဒ ဆုံးမသြဝါဒ ပေးလေ့ရှိလေ၏။

"ဟဲ့ . . ဒကာတို့ . . အတိတ်တို့၊ တဘောင်တို့စနည်းတို့ ဆိုတာ ခေတ်အဆက်ဆက်ပေါ်ထွန်းလေ့ရှိတယ်၊ တဘောင် ပေါ်လာရင် ချေဖျက်ဖို့ဆိုတာ မလွယ်ကူလှဘူး၊

တို့များမန္တလေးနေပြည်တော်ကြီးကောင်းစားစဉ်က ကြည့် ပါလား၊ သီပေါမင်း နန်းတက်မယ့် နိမိတ်နဲ့ ပတ်သက်ပြီး တဘောင်စကားပေါ်ခဲ့တာလေကွယ်၊

နန်းတွင်းလုပ်ကြံမှု လှိုင်းဂယက်တွေကြားမှာ ပေါ်ထွက် လာတဲ့တဘောင်စကားကွယ့် . . ဘာ . . တဲ့၊

'ရွှေမိုးရွာလို့ . . ဘယ်မအေး၊

ငွေမိုးရွာလို့ . . ဘယ်မအေး။

ပထမပြန်ရှင်လူထွက်

www.burmeseclassic.com



နန်းတက်မှအေး'တဲ့၊ ဒါပထမပြန်အောင်ထားတဲ့ သီ... ကိုယ်တော်လေး နန်းတက်ရမယ်ဆိုတဲ့ တဘောင်... အဲနန်းတက်ပြီးပြန်တော့ တိုင်းပြည်မှာ တဘောင်... ပေါ်လာပြန်သေးတယ်၊ ဘာတဲ့။

'တုံးအောက်က တီတွန်

လူလွန်မ သား။

မုန့်ဆီကြော် အလယ်အက်

ပြည်ဖျက်မယ့်။ ။ သား' တဲ့ဟ။ သီပေါကိုယ်တော်... မယ်တော်က သီလရှင်လူထွက်ဆိုလားပဲ၊ အဲသည်အ... တိုင်းပြည်တစ်ဝက်ဟာ နယ်ချဲ့တွေလက်ထဲကျနေပြီ"

ဒကာ၊ ဒကာမအပေါင်းအဖို့ ဗဟုသုတကြွယ်ဝ... ကျောင်းထိုင်ကိုယ်တော်ကြီးကို ကိုးကွယ်ဆည်းကပ်ရ... တကယ့်ကို ကျေနပ်နှစ်သက်နေကြသည်။ ဘုန်းတော်ကြီး... အဂ္ဂိရတ်ဖိုထိုးခြင်းကို ဝါသနာပါသူဖြစ်လေရာ ဒကာ၊ ဒ... အပေါင်းက ဘုန်းတော်ကြီးအတွက် ဖိုရုံဆောက်ပေးထား... မီးသွေးမပြတ်လပ်စေရန် စီမံဆောင်ရွက်ပေးထားရ၏။

"ဘုန်းကြီးဓာတ်လုံးအောင်လို့ကတော့ ဟောဒီနံ့သာ... တစ်ရွာလုံး အကြီးအကျယ်ကို ချမ်းသာသွားစေရမယ်...

သည်မိန့်တော်မူချက်နှင့်ပင် ဒကာ၊ ဒကာမအပေါင်း... မီးသွေးကိစ္စ၊ လုံကိစ္စ၊ ဆေးဒါန်းသတ္တုကိစ္စ၊ ပြဒါးကိစ္စတို့အ... ဘာဝန်ကျေပြီးသား ဖြစ်ကြလေသည်။

တစ်နေ့နံနက်ခင်း၌ ဘုန်းတော်ကြီးသည် ...ကြာ... ရွှေဟောင်းစေတီတော်ကြီးအား ဆီမီးများကပ်လှူအပြီးတွင် ...





လင့်သော အရာတစ်ခုအား တွေ့ရလေတော့သည်။ ထိုအရာကား ရွှေပေလွှာတစ်စောင်ဖြစ်၏။ ပေရွက်ပေါ်တွင် ရွှေပိန်းချထားပြီး ၎င်းအပေါ်၌ မင်အနက်ဖြင့်ရေးထားသောစာဖြစ်ချေ၏။ ဘုန်းတော်ကြီးလည်း အံ့အားတသင့်ဖြင့် ရွှေပေလွှာကို ကောက်ယူလိုက်သည်။

"တော်တော်လေး အံ့အားသင့်ဖို့ကောင်းလှချည့်လား။ ငါစောစောကပဲသည်နေရာကဖြတ်လာခဲ့တာ။ ရွှေပေလွှာမပြောနဲ့ ညောင်ရွက်ကပေလးတစ်ရွက်တောင် မတွေ့ခဲ့ဘူး၊

ကေန္တ တန်ခိုးရှင်တစ်ဦးဦးက ချခဲ့တာနဲ့တူတယ်၊ မှန်းဖတ်ကြည့်ရအောင်"

ပြောပြောဆိုဆိုနှင့်ပင် မီးရောင်ဖြင့် ရွှေပေလွှာကိုဖတ်ကြည့်လိုက်လေသည်။

*'ဂြိ ။ နမောဗုဒ္ဓါယ သိဒ္ဓံ'*

*အို ။ နံ့သာပုရွာရှိ ကျေးရွာသူကျေးရွာသားအပေါင်းတို့။ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲကြပါကုန်လော့။ လှူအချင်းချင်း၊ လှည့်ပတ်ခြင်း ကင်းရှင်းကြပါကုန်လော့။ ဤ ရွှေပေလွှာကိုဖတ်သော် အကျိုးအာနိသင်ပြည့်ဝကြကုန်လတ္တံ့။*

*ယခုလာမည့် သီတင်းကျွတ်လပြည့်နေ့ အရုဏ်တက်အချိန်၌ ဂန္ဓာရီစခန်းလှည့်နေသည့် ပုဂ္ဂိုလ်ထူးထွ... ယောက် ဤစကြာဗောဓိဆုတောင်းပြည့်ရွှေဟောင်းစေတီသို့ ကြွရောက်ဖူးမြော်လတ္တံ့။*

*ထိုဂန္ဓာရီပုဂ္ဂိုလ်ထူးအား ဝင့်ဖိတ်ကြသူများ၊ လိုအင်*

www.burmeseclassic.com



*ဆန္ဒဖြည့်ဆည်းပေးကြသူများ စည်းစိမ်ဥစ္စာ ဒီရေအလား တိုးပွားကြ ကုန်လတ္တံ့။*

*အထက်မှ စေလွှတ်သဖြင့် အမိန့်အရ ကြွရောက်လာသော ဂန္ဓာရီပုဂ္ဂိုလ်ထူးသည် ခေတ္တရက်အနည်းငယ်သာ စံမြန်းနေထိုင်ခွင့်ရမည်ဖြစ်၍ ကံထူးသူအိမ်ရှင်အဖို့ ရတနာခုနှစ်သွယ် အမှန်တကယ်ပင် စုံညီရလတ္တံ့။*

*(အထက်အမိန့်အရ)*

"လက်ရေးက ညီညာလို့နေတာပဲ၊ ဒါ သာမညျောင်ညတော့ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး၊ ငါ့ရွာက ဒကာ၊ ဒကာမတွေတော့ ဟန်ကျပြီ၊ တကယ့်ကို ဟန်ကျပြီ"

သို့ဆိုလျက် ဘုန်းတော်ကြီးလည်း ရွှင်လန်းအားရခြင်းများစွာဖြင့် ကျောင်းကြီးပေါ်သို့ မြန်းလာခဲ့တော့၏။

❖



# ဂန္ဓာရီပုဂ္ဂိုလ်ထူး

www.burmeseclassic.com

www.burmeseclassic.com

နှံ့သာပုကျေးရွာရှိ ဒကာဒကာမများဖြစ်ကြကုန်သောကျေးရွာသူကျေးရွာသားအပေါင်းမှာ ဘုန်းတော်ကြီးထံမှ ရွှေပေလွှာကိုလက်ဆင့်ကမ်းဖတ်ကြရင်း အုတ်အော်သောင်းတင်း ဖြစ်နေကြလေသည်။

"ဟော့ . . သည်ရွှေပေလွှာထဲက အကြောင်းအရာတွေကိုတခြားရွာတွေ မသိစေနဲ့နော်. . ရွှေပေလွှာထဲမှာပါတဲ့ မ,စချင်တဲ့ ပုဂ္ဂိုလ်က ငါတို့နှံ့သာပုရွာသူရွာသားတွေကိုပဲ ရည်ညွှန်းထားတာ၊ တော်ကြာ စိတ်ကွက်သွားရင် မလွယ်ဘူး"

"သိတင်းကျွတ်လပြည့်နေ့ကလည်း ရောက်နိုင်ခဲလိုက်တာကွာ"

"သိပ်လည်းမလိုတော့ပါဘူးကွယ်၊ ရက်ပိုင်းလေးပဲလိုတော့တဲ့ဥစ္စာ၊ အဲ . . ရွှေပေလွှာထဲမှာပါတယ်နော်၊ 'ငါးသီးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲကြပါကုန်လော့' တဲ့၊ ကြားလား . . ကိုကြည်သိန်း၊ မလေးရဲ့တောဆိုင်သွားပြီး ခွက်ပုန်း





ကစ်တာတွေကို ရှောင်တော့"

"အောင်မာ. . ကျုပ်ကိုချည်း မြားဦးမလှည့်ပါနဲ့၊ ကိုငြိမ်းသူရာ၊ ခင်ဗျားခုတစ်လော ပျော်ဘွယ်လေးရွာက မဘုတ်ဆုံအိမ်ကို သွားသွားတက်နေတာ မသိဘူးမျှား မှတ်နေလား။ အဲဒါမှ ဒု–သ–န–သော ဗျာ၊ ဒု–သ–န–သော"

ယောကျ်ားသားတိုင်းက ထိုပုံထိုနည်း သောသောညံ့သလိုမိန်းမသားတွေတိုင်းကလည်း လက်ပံပင်ဆက်ရက်ကျသည့်အလား။

"ဟဲ့ . . ရှင်ကြည်မွှေ့၊ ရွှေပေလွှာထဲမှာ ငါးပါးသီလမြဲရမယ်တဲ့"

"အေးလေ၊ အဲဒါဘာဖြစ်သလဲ၊ လှဲ့ဝင်းကြည်ရဲ့"

"ဘာဖြစ်ရမလဲ၊ နင်ခုတစ်လော အရပ်ထဲငါးလှည့်ရောင်းတာတယ်အလေးခိုးဆိုပဲ၊ ဟိုတစ်နေ့က ဘကြီးညိုမှိုင်း ညည်းဆီက ငါးပုတ်သင်လေးဆယ်သားဝယ်တာ၊ သူ့အိမ်က ချိန်ခွင်နဲ့ ပြန်ချိန်ကြည့်တော့ သုံးဆယ့်ငါးကျပ်သားပဲရှိတယ်တဲ့၊ ကြုတ်ကျက်လည်း လိပါဦးအေ"

"ဟဲ့ . . ကောင်မ ညည်းက ကာယကံရှင်က မနာရဘဲကြားက ဘာဖြစ်လို့နာနေရတာလဲ၊ ကျုပ်ကသာ ပြောနေတာ၊ ညည်းကရော အဇလေးမခိုးဘူးတဲ့လား၊ ညည်းရောင်းတဲ့မျှစ်တို့၊ ပဲငါးပိတို့ ဝယ်မိကြသူတွေခမျာ မသိရှာလို့ပဲအေ၊ ညည်းအလေးခိုးပုံကလည်း သင်းပ။ အလေးကို ဖင်ဘက်ကခွက်ထားတဲ့အပြင် သွေးတောင်မှ သွေးထားသေး"

"ရှုးတိုးတိုးပြောပါကောင်မရယ်၊ ဘေးကဟာမတွေသိ



www.burmeseclassic.com

www.burmeseclassic.com



သွားရင် ပွသွားလိမ့်မယ်၊ ညည်းကို နောက်ဆိုမပြောတော့ ပါဘူးအေ''

"ဒါလည်းမပြောတော့ပါဘူးအေ၊ အဲ.. သည်ကနေ... စပြီး ရွှေပေလွှာထဲပါတဲ့အတိုင်း ဂန္ဓာရီပုဂ္ဂိုလ်ထူး ကြွ... မချင်း၊ ကြွလာပြီး တို့နံ့သာပုရွာက ပြန်ကြွမသွားမချင်း ညည်း... ရောကျုပ်ရော အလေးမခိုးစတမ်း .. ဘယ့်နှယ်လဲ''

"ကောင်းတယ် .. ကောင်းမ၊ ကောင်းတယ်၊ ဒါမှတို့မှာ... ရဲ့ဘဝမြင့်မားအောင် ဂန္ဓာရီပုဂ္ဂိုလ်ထူးက စောင့်ရှောက်မှာ... အေ့၊ စောင့်ရှောက်မှာ''

သည်လိုမျိုး နံ့သာပု ရွာသူရွာသားအပေါင်း ... ဆိုစည်းလိုက်ကြ၊ ရွာထဲရောက်ပြန်တော့လည်း တစ်အိမ်... တစ်အိမ်ကူးသန်းလိုက်ကြရင်း လာလတ္တံ့သော သီတင်းကျွတ်... လပြည့်နေ့ အရုဏ်တက်ချိန်ကို ငံ့လင့်စောင့်မျှော်ကြကာ ဒါ... သီလခံယူသူခံယူကြ၏။ ထိုမှတစ်ဆင့်တက်၍ ရှစ်ပါးသီလခံယူ... ကိုးပါးသီလဆောက်တည်သူတွေ ပေါ်ထွက်လာခဲ့သည်။ မေ... တွေပို့ကြမည်။ ပုတီးတွေလည်းပင်းဆွဲကြသည်။ ရုပ်ပွားတော်... ဆင်းတုတော်စေတီတော်ရှေ့တွင် ယောဂီတဘက်ကို ပခုံး... တင်လျက် တစ်ဂျောက်ဂျောက်နှင့် စိပ်နေကြသည်။

နံ့သာပုတစ်ရွာလုံးသည် သီတင်းကျွတ်လပြည့်နေ့အရုဏ်... တက်ကို မျှော်လင့်လျက်ရှိကြ၏။ ထိုသို့မျှော်လင့်သူများထဲ၌ ... ဦး ဘုန်းတော်ကြီးလည်း ပါဝင်သည်ဆိုက ယုံနိုင်ကြပါမည်လော... မယုံမရှိပါလေနှင့်။

"ဂန္ဓာရီပုဂ္ဂိုလ်ဆိုတာ အထက်လိုင်းဘိုးတော်ပဲ၊ ဒါ ထွက်...





ရပ်ပေါက်ကျင့်နေတဲ့ ပုဂ္ဂိုလ်ထူးပေါ့၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာတွေ ဖြစ်နေရင် တူးတာပဲ၊ မှော်ဝင်ဓာတ်လုံး ထိုးနိုင်ဖို့ရာ နည်း နိဿယတွေ တောင်းယူရမယ်၊ အနည်းဆုံးတော့ တစ်ခါ လျက်ထားရင် တော်တော်နဲ့ မဆာဘဲ အာဟာရသိဒ္ဓိပေါက်စေ တဲ့ ပြဒါးပြာကို တောင်းရမယ်''

ဘုန်းတော်ကြီးလည်း သူ့အတွေးနှင့်သူ။

သို့ဖြင့် သီတင်းကျွတ်လပြည့်နေ့သို့ရောက်ခါနီး အဖိတ် နေ့ညသို့ ရောက်လာခဲ့လေသည်။

"တို့တော့ ရွာထဲပြန်မအိပ်တော့ဘူးကွယ်၊ ဇရပ်ပေါ်မှာပဲ အိပ်တော့မယ်''

"ကောင်းတာပေါ့၊ ဒါမှ မနက်ဖြန်သီတင်းကျွတ်လပြည့် နေ့ အရုဏ်တက်မှာ ကြွလာမယ်ဆိုတဲ့ ဂန္ဓာရီပုဂ္ဂိုလ်ထူးကို တွေ့မြင်ခွင့်ရမယ် မဟုတ်လား''

"အဲဒါကြောင့်ပဲပေါ့ကွယ်၊ ခုဆို တို့နံ့သာပုက ရွာသူ ရွာသားတွေ ရွာထဲမှာတောင် သိပ်မရှိကြတော့ဘူး၊ ကျောင်း ပေါ်မှာ ဇရပ်ပေါ်မှာ ဆွမ်းစားဆောင်မှာ အုန်းအုန်းကို ထလို့ ပဲဟေ့၊ သည်အထဲ ဆကာကြီးက စပါးကိစ္စနဲ့ရောက်လာတဲ့ ဆန်စက်သူဌေးကိုကိုလေးဆိုရင် ပုတီးကြီး လည်ပင်းစွပ်လို့ တစ်ညလုံးမအိပ်ဘဲ တရားမှတ်ရင်း စောင့်နေမယ်ဆိုပဲ''

"ငါကတော့ကွာ တစ်မေးလောက်တော့ မေးမှဖြစ်မယ်၊ နို့မဟုတ်ရင် နောက်တစ်နေ့လုံး ခေါင်းတွေကြည်တော့မှာ မဟုတ်ဘူး၊ သည်တော့ အရုဏ်တက်ခါနီးကျမှ နှိုးပါကွာ၊ နော်၊ သည့်အတွက် ရွာပြန်ရောက်ရင် သားခွဲစပြုနေတဲ့

www.burmeseclassic.com



ကြက်မတမ်းလေးတစ်ကောင် လက်ဆောင်ပေးပါ့မယ်ကွာ ..

နော် သာဂိ''

နံ့သာပုတစ်ရွာလုံးကား မကြာမတင်ကြုံကြိုက်လာတော့မည့် အနေအထားပေါ်တွင် ရင်ခုန်နေခဲ့ကြသည်။ မိန်းမကြီးအချို့ဝိုင်းက ညလုံးပေါက်မအိပ်ဘဲနေမည်ဆိုကာ လက်ဖက်တွေသုပ်ထားကြသည်။ လူကြီးဝိုင်းကလည်း လက်ဖက်ခြောက်ကို ခါးထူနေအောင်ခတ်ကာ ရေနွေးကြမ်းသောက်ရင်း စောင့်စားနေခဲ့ကြလေသည်။

သို့ဖြင့် ညသည်တဖြည်းဖြည်း နက်သည်ထက်နက်လာသည်။

ပြည့်ဝန်းဝိုင်းစက်တော့မည့် ငွေစန္ဒာလရထားသည်ပင် ခရီးတာ အတော်ပေါက်ခဲ့ပါပကော။

ည(၁၂)နာရီထိုးပြီဆိုတော့ နောက်တစ်နေ့ တစ်နည်းသီတင်းကျွတ်လပြည့်နေ့သို့ ပိုင်ပိုင်နိုင်နိုင်ကြီး ကြွသွားခဲ့ပေပြီ။

နံနက် . . . (၁)နာရီ

နံနက် . . . (၂)နာရီ

နံနက် . . . (၃)နာရီ

နံနက် . . . (၄)နာရီ

သည်အချိန်မှာပင် အိပ်ရာမှနိုးလာကြသူများ မအိပ်ဘဲနေကြသူများက အိပ်ပျော်နေသောသူတို့အား အလိုက်သိစွာ နှိုးကြတော့၏။

မျက်နှာသစ်သူ သစ်ကြ၏။

ကိုယ်လက်သန့်စင်သူ သန့်စင်ကြ၏။





သည့်နောက် သန့်ရှင်းသောအဝတ်အစားတို့ကို လဲလှယ်ဝတ်ဆင်ကာ ; ဂန္ဓာရီပုဂ္ဂိုလ်ထူးကြွရောက်လာမည်ဆိုသော စကြာဗောမိဆုတောင်းပြည့် ရှေးဟောင်းစေတီတော်ပရိဝုဏ်သို့ အာရုံစူးစိုက်မိလေသည်။

''တုတ် . . . တုတ် . . . တုတ် . . . တုတ် . . . တုတ် . တုတ်''

ကုလားတက်ခေါက်သံ ပေါ်ထွက်လာချေပြီ။

ဖြည်းဖြည်းကလေးအသံထွက်ပေါ်ရာမှ တဖြည်းဖြည်းဆက်သွားလိုက်၊ ဆက်သွားရာမှ ပြန်ပြီး ဖြည်းဖြည်းကလေးအသံထွက်လိုက်နှင့် အရုဏ်ဦး၏ ကျေးလက်ဂီတတေးသွားတစ်ခုဖြစ်ပေမည်လား။

အရုဏ်တက်ချိန်ရောက်ပြီ။

ကောင်းကင်ပြင်၌ ပတ္တမြားရည်တွေ စီးလည်ကျတော့သည်။

ထိုအချိန်ဝယ် အပေါ်ယောဂီ၊ အောက်ယောဂီ၊ နဖူးပတ်ပဝါယောဂီတို့ဖြင့် ယောဂီတွေသမ်းနေသော လူရွယ်တစ်ဦးသည် ပေသီးအရွယ်ပုတီးကုံးကြီးကို ပခုံးတွင် သိုင်းလွယ်ကာ ဘယ်ကဘယ်လိုဝင်လာလေမှန်းမသိ။ ခြေလှမ်းမှန်မှန်တည်ကြည်သော စကျွန်ခြေအပြည့်ဖြင့် တစ်ငှမ်းချင်းဆိုသလို စကြာဗောမိ ဆုတောင်းပြည့်ရှေးဟောင်းစေတီတော်ပရိဝုဏ်အတွင်းသို့ ဝင်ရောက်လာခဲ့သည်။ လူရွယ်သည် ပတ်ဝန်းကျင်ကိုအမှုမထား။ ဘေးဘီရှေ့နောက်ဝဲယာကို တစ်ချက်ကလေးမှပင် စောင်းငဲ့၍သော်လည်းကောင်း၊ လှည့်၍သော်လည်းကောင်း မကြည့်ခဲ့။ အရှေ့လူချိုကို

www.burmeseclassic.com



သာ မျက်နှာမှ၍ လျှောက်လှမ်းလာခဲ့၏။

"ဟာကွာ . . . ရာဇက္ကန္ဒြေကတော့ အပြည့်ပဲဟေ့ မျက်နှာထားကလည်း ခပ်တည်တည်ပဲကွာနော်"

"တည်ပေမဲ့ . . . ခက်ထန်တဲ့ပုံတော့ လုံးဝမရှိဘူး"

"ယောဂီဝတ်စုံနဲ့ဆိုတော့ ကျက်သရေရှိလိုက်တာ"

"ဒါတောင် ခပ်လှမ်းလှမ်းကမြင်ရတာ၊ အနီးကပ်သာ တွေ့လိုက်ရမယ်ဆိုရင် ဘယ်ကလောက်တောင် အံ့သြကြည် ညိုဖွယ်ရာတွေ မြင်ရလိမ့်မယ် မပြောတတ်ဘူး"

"ဟော . . . ဟော . . . စေတီတော်ကြီးကို လက်ျာရစ်ရစ်ပြီး ပူဇော်နေပြီ"

မှန်သည်။

ယောဂီဝတ်စုံနှင့် လူရွယ်သည် စေတီတော်ကြီးကိုသာ လျှင် အာရုံပြုလျက် လက်ျာရစ်သုံးပတ်တိတိ လှည့်လည်ပူဇော် ခဲ့၏။ သည်မြင်ကွင်းကို ကျောင်းအပေါ်ထပ်မှ ပြတင်းတံခါးကို ဖွင့်လျက် ကြည့်ရှုနေသော ဘုန်းတော်ကြီးလည်း မြင်တွေ့ရပါ သည်။

"ရွှေပေလွှာထဲမှာပါတဲ့အတိုင်းတော့ ဟုတ်နေပြီဟေ့"

"တင်ပ့ါ . . ဘုရား . . ဟောဟော . . အရှေ့ဘက်မုခ်မှာ ထိုင်ပြီး စေတီတော်ကို ဖူးမြော်နေပါတယ်ဘုရား"

"အေး . . တွေ့တယ် . . တွေ့တယ်၊ သည်ပုဂ္ဂိုလ်က အထက်ကစေလွှတ်လိုက်တဲ့ ပုဂ္ဂိုလ်ဟုတ်မဟုတ် ဒါစုံစမ်း ကြည့်ဦးမယ်၊ ဟာ . . ဟာ . . . ငါ မစုံစမ်းရသေးခင် ရွာသူရွာ သားတွေဟာ အလျှိုအလျှိုနဲ့ စေတီရင်ပြင်ဝင်းထဲ ဝင်သွား





ကြပါကလား၊ တစ်လွဲ‌ေစ်ချော်တွေဖြစ်ရင်တော့ ခွပါပဲ"

ဘုန်းတော်ကြီး ညည်းညူသည့်အတိုင်းပင် နှံ့သာပုရွာသူ ရွာသားအပေါင်းတို့သည် စိတ်ဆန္ဒကို မချုပ်တည်းနိုင်ကြတော့ ဘဲ ဂန္ဓာရီ ပုဂ္ဂိုလ်ထူးနှင့် ဆုံတွေ့ကြရန်အလို့ငှာ အသာအယာ င် ချဉ်းကပ်ခဲ့ကြလေသည်။

ယောဂီလူရွယ်သည် ပတ်ဝန်းကျင်ကို လုံးဝအမှုထားဟန် တူ။ ၄င်း၏ဘေးနှစ်ဘက်နှင့် နောက်ကျောဘက်၌ ပရိသတ် တွေ အုံခဲနေသော်ငြား တုန်လှုပ်မှုမရှိ။ ပကတိ တည်ကြည်ငြိမ် ဆက်စွာဖြင့် စေတီတော်ကြီးအား ရှိခိုးဝတ်ဖြည့်ဆုတောင်းနေခဲ့၏။ ပြီးလေသော် ထိခြင်းငါးပါးဖြင့်ကန်တော့ပြီး နေရာမှထကာ အနောက်ဘက်သို့ ပြန်လှည့်လေရာ အနောက်ဘက်တွင် အုံခဲ နေသော လူအုပ်ကြီးလည်း ရှုံခနဲ ဖြစ်သွားလေသည်။

"ဆရာလေး . . ဆရာလေး . . ခဏရပ်ပါဦး ဆရာလေး"

"ဟုတ်ပါတယ် ဆရာလေး . . ခဏရပ်ပါဦး"

အားလုံးက ဝိုင်းဝန်းပြောဆိုတားမြစ်မှုကြောင့် ဂန္ဓာရီ ပုဂ္ဂိုလ်ထူးတစ်ဖြစ်လည်း ယောဂီဆရာလေးသည် ရှေ့ဆက်လှမ်း မည့်ခြေလှမ်းကို တုံ့ခနဲ ရပ်လိုက်သည်။

"ဘယ်ကိုမှ ပြန်မကြွပါနဲ့ . . ကျွန်တော်မျိုးတို့ အိမ်ကို ကြွမြန်းတည်းခိုပါဆရာလေး"

"ဟုတ်ပါတယ်ဆရာလေး . . ခေတ္တခဏဆိုသလို ကျွန်တော် မျိုးတို့ရွာမှာရှိတဲ့ ဘယ်အိမ်ကိုမဆို စိတ်တိုင်းကျ ကြွရောက် ခိုနားစံမြန်းနိုင်ပါတယ် ဆရာလေး"

"ကျွန်တော်မျိုးမတို့ အိမ်က နှစ်ထပ်အိမ်ကြီးပါ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



လေး၊ အပေါ်ထပ်တစ်ထပ်လုံး အားနေပါတယ်၊ စိတ်ကြိုက် တည်းခိုဖို့ရာ ဖိတ်ကြားပါတယ် ဆရာလေး''

လူတိုင်းနီးပါးပင် သူ့အိမ်ကြွပါ၊ ကိုယ့်အိမ်ကြွပါဟူ၍ ဖိတ်ခေါ်သံတို့မှာ စေတီတော်ပရဝုဏ်အတွင်း လျှံသွားလေတော့၏။

လင်းအရုဏ်၏ မှိုင်းမှုန်ဝိုးဝါး မြူထုကြားမှ ပတ္တမြားရောင် ဝင်း၊ ရှင်နေမင်းလည်း ချက်ချင်းပင်ကြာ ထွက်ပေါ်လာပေဦးတော့ မည်။

ထိုစဉ်မှာပင် ထိုလူစုအပါးသို့ ဘုန်းတော်ကြီး ကြွရောက် လာခဲ့သည်။ ဤတွင် ယောဂီဆရာလေးသည် နေရာတွင် ထိုင် ချလျက် ပုဆစ်ဒူးတုပ်၍ ရှိခိုးလေတော့၏။ ပြီးလေသော် လက် အုပ်ကလေး တဆဆနှင့် ..

''အရှင်ဘုရား .. တပည့်တော်ကို ဘာများအမိန့်ရှိပါ ပါသလဲဘုရား''

''အိမ်း .. အထွေအထူးတော့ မရှိပါဘူး ဒကာရယ် ဒကာက တစ်ခါဖူးမျှ သည်ရပ်သည်ရွာကို ရောက်လာဖူးပုံ မရဘူး''

''မှန်ပါတယ်ဘုရား .. တပည့်တော် ဟောသည့် နံ့သာ ရွာကို တစ်ခါဖူးမျှ ရောက်မလာခဲ့ဘူးပါဘုရား၊ ခုဟာက အထက်ပုဂ္ဂိုလ်တွေရဲ့ အမိန့်အရ ခေတ်ကျပြီး သည်နေရာ သည်ဒေသကို ခေတ္တခဏဆိုသလို ရောက်ရှိလာခဲ့တာပါ ဘုရား''

''အင်း .. ဟုတ်ပြီ .. ဟုတ်ပြီ .. ကိုင်း .. ဒါဆိုရင် အလာပသလ္လာပစကားကလေးများ ပြောကြ ဆိုကြရအောင်





ကျောင်းပေါ်ကို ခေတ္တကြွခဲ့ပါဦးကွယ်''

''တင်ပါ့ .. ဘုရား''

သို့ဖြင့် ဘုန်းတော်ကြီးက ရှေ့မှ ယောဂီလူရွယ်က နောက် မှ လိုက်ပါသွားခဲ့၏။ အနောက်ဘက်မှာတော့ လိုက်ပါလာသည့် လူတန်းကြီးတွေက မနည်း။

ကျောင်းပေါ်ရောက်တော့ ဘုန်းတော်ကြီးက ကော်ဇော ပေါ်တွင်ထိုင်ပြီး ၄င်း၏ရှေ့ရှိ သင်ဖြူးဖျာပေါ်ဝယ် ယောဂီလူရွယ် ကို ထိုင်စေသည်။ ပရိသတ်သည်လည်း ကျောင်းဆောင်ပေါ်၌ ပြည့်လျှံနေပါပကော။ ကပ္ပိယကြီးက ယောဂီလူရွယ်သောက်သုံး နိုင်ရန် ရေနွေးကြမ်းနှင့်အတူ ကော်ကညှင်းပေါင်းတစ်ပန်းကန် ကို ချပေးလေသည်။

''ဒကာလေးက ဘယ်ကလာလို့ ဘယ်ကိုသွားရဦးမှာ တဲ့တုံး''

''အရှင်ဘုရား .. တပည့်တော်အနေနဲ့ အဝေးတစ်နေ ရာကလာလို့ အဝေးတစ်နေရာကို ပြန်လည်သွားရဦးမယ်လို့ပဲ မှတ်ယူထားပါဘုရား၊ ဒုက္ခဆင်းရဲခြင်းကင်းရာအမှန် မြတ် နိဗ္ဗာန်စခန်းရှိရာကို မရောက်မချင်း တပည့်တော်ဟာ သံ သရာခရီးသည်အဖြစ် ဘဝခရီးအထပ်ထပ်ကို လျှောက်လှမ်း နေရမယ့်သူပါ။

သည်လိုမျိုးလျှောက်ရတာလည်း မောလှပါပြီ၊ ငြိမ်းအေး ချမ်းသာစွာလည်း နားချင်ပါပြီ၊ နားနိုင်အောင်အတွက်လည်း အထက်က ချမှတ်တာတွေကို လိုက်နာ၊ အထက်က ညွှန် ကြားတာတွေကို ဆောင်ရွက်၊ အထက်ကစေရာတွေဆီ ခရီး



www.burmeseclassic.com

www.burmeseclassic.com



ဆက်နဲ့ ချီတက်လျှောက်လှမ်းနေရဦးမှာပါ ဘုရား”

သည်အဖြေစကားကြားလိုက်ရတော့ ဘုန်းတော်ကြီးအဖို့ ယောဂီလူရွှယ်အား လွန်စွာမှ လေးစားသွားခဲ့ရချေ၏။

“ကြည့်စမ်း၊ သည်ပုဂ္ဂိုလ်ရဲ့အဖြေစကားဟာ ပေါ့ပေါ့ တန်တန်မဟုတ်ဘူး၊ အင်မတန်မှ လေးနက်တယ်၊ ဒါ တော်တော်ကလေးရင့်ကျက်နေတဲ့ သဘောပဲ”

လေးစားသွားခဲ့ရသည်နှင့်အမျှလည်း ကျေနပ်အားရခြင်း တွေဖြစ်ပေါ်လာပြီး နုံ့သာပုရွာကလေး၏ အနာဂတ်အတွက် ဝမ်းမြောက်ကြည်နူးသွားခဲ့ရသည်။

“ဒါထက် ‥ ဒကာတော်ရဲ့ အမည်နာမနဲ့ မျိုးရိုးဇာတိ ပဝတ္တိကလေးများကကောကွယ်”

“အရှင်ဘုရား ‥ ပုထုဇဉ်သတ္တဝါကွေမှန်သမျှ ရုပ်နဲ့နာမ်ပဲ ရှိပါတယ်၊ အဲသည်မှာလည်း ပညတ်နဲ့ ပရမတ်ဆိုတာရှိပါ သေးတယ်၊ တပည့်တော်ရဲ့ အမည်နာမနဲ့ မျိုးရိုးဇာတိ ပဝတ္တိကိုသိလို့လည်း မည်သူမည်ဝါမျှ အကျိုးများနိုင်ဖွယ် မမြင်ပါဘူး ဘုရား”

“ဟုတ်လိုက်လေကွယ် ‥ ဟုတ်လိုက်လေ၊ ဘယ်သူမှ ကိုယ့်ကိုယ်ကိုတောင် ကိုယ်ပိုင်ကြတာမှ မဟုတ်ဘဲ၊ ပညတ် ကို ပရမတ်ထင်နေတော့လည်း အလကားပဲပေါ့”

“တင်ပါ့ဘုရား”

“ကိုင်းပါကွယ်၊ ဘုန်းကြီးနောက်ဆုံးသိလိုတာကတော့ လွန်ခဲ့တဲ့ သီတင်းနှစ်ပတ်လောက်က ဟောဒီစကြာတော် ဆုတောင်းပြည့်ရှေးဟောင်းစေတီတော်ကြီးရဲ့ ပရိဝုဏ်ထဲက





နေ ရွှေပေလွှာတစ်ခု ရခဲ့တယ်၊ ရွှေပေလွှာထဲမှာ ပါတဲ့ အတိုင်းဆိုရင် သည်ကနေ့ဟာဖြင့် တကယ့်ကို တိုက်တိုက် ဆိုင်ဆိုင်ဖြစ်နေပြီ။

သည်တော့ ရွှေပေလွှာထဲမှာပါတဲ့ ‘ဂန္ဓာရီပုဂ္ဂိုလ်ထူး’ ဆိုတာ ဒကာပဲမဟုတ်လား”

ဘုန်းတော်ကြီး၏ မေးလျှောက်မှုအဆုံးမှာတော့ ယောဂီ လူရွယ်လည်း မသိမသာဆိုသလို ပတ်ဝန်းကျင်အား တိမ်းငဲ့ကြည့် လိုက်သည်။ သည်အပြုအမူကပင်လျှင် ပရိသတ်အပေါင်း၏ သိ လိုစိတ်အား နှိုးပင့်နေသည်နှင့် မခြား။ အားလုံး၏ နားများသည် ယောဂီလူရွယ်ထံမှ ခုန်ပေါက်ထွက်ကျလာမည့် စကားသံတို့အား တစွင့်စွင့်။

“အရှင်ဘုရား ‥

တပည့်တော်ဟာ ရတနာသုံးပါးကို ဦးထိပ်ထားပြီး ငါး ပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ လုံခြုံအောင် ထိန်းသိမ်းနေသူ ဖြစ်တော့ကာ အရှင်ဘုရားအပေါ် လိမ်ညာပြီး မလျှောက်ဝံ့ ကြောင်းပါဘုရား။ အရှင်ဘုရားနဲ့တကွ ရွာသူရွာသား၊ ဒကာ ဒကာမအပေါင်းတွေ နှုတ်လုံကြမယ်ဆိုရင်တော့ တပည့်တော် မှန်တဲ့အတိုင်း လျှောက်ထားပါမယ်ဘုရား”

“ဒကာရယ်၊ ငါလည်းနှုတ်လုံပါတယ်၊ ငါ့ ဒကာ ဒကာ မတွေဆိုတာကလည်း ငါကဒါဆို သူတို့ကလည်း ဒါပါပဲ၊ သည့်အတွက်တော့ ဘာမှမပူနဲ့၊ စိတ်ချ”

“တင်ပါ့ဘုရား ‥ တပည့်တော် စိတ်ချသွားပါပြီ ဘုရား သည်တော့ မှန်ရာကို လျှောက်တင်ရရင် တပည့်တော်ဟာ



www.burmeseclassic.com

www.burmeseclassic.com



နှံ့သာပုရွာက အရှင်ဘုရားရဲ့ ဒကာဒကာမအပေါင်းကို ကြီးပွားချမ်းသာဖို့ရာ စောင်မကြည့်ရှုဖို့ ရောက်လာတဲ့ ဂန္ဓာရီပုဂ္ဂိုလ်ထူးပါပဲ ဘုရား''

"ဟယ် ‥ ဝမ်းသာလိုက်တာကွယ်၊ ဝမ်းသာလိုက်တာ၊ ဒါထက်ဒကာ့အနေနဲ့ သည်ကိုရောက်လာရတာဟာ တခြားဘာရည်ရွယ်ချက်တွေများ ရှိပါသေးသလဲ''

"တင်ပါ့ဘုရား၊ တပည့်တော်ဟာ အထက်ပုဂ္ဂိုလ်တွေရဲ့ တာဝန်ပေးစေစားချက်အရ မြန်မာပြည်ရှိ အနယ်နယ်အရပ်ရပ်ကို ဂန္ဓာရီလှည့်လှမ်းရပါတယ်ဘုရား၊ ရောက်တဲ့အရပ်ဒေသမှာ ရှေးဟောင်းသမိုင်းဝင်စေတီတော်တွေကို ပျက်စီးယိုယွင်းနေရင် ပြုပြင်ရပါတယ်၊ အသစ်ပြန်လည်တည်ဖို့လိုအပ်ရင်တည်ရပါတယ်။

ဟောဟို စကြာဗောဓိဆုတောင်းပြည့်ရှေးဟောင်း စေတီတော်ကြီးဟာ ပုဂံခေတ်နောက်ပိုင်းတည်ခဲ့တဲ့ စေတီတစ်ဆူဖြစ်ပြီး သိင်္ဂုတ္တရကုန်းတော်က လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်ပုံစံအတိုင်းပါပဲ၊ အဲသည်မှာ တပည့်တော်အနေနဲ့ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်လှူခဲ့တဲ့ သီရိဓမ္မာအသောကရာဇာမင်းကြီးထံကနေ ဘုရားရှင်လက်ထက်က ရဟန္တာတွေရဲ့ ဓာတ်တော်အချို့ရထားတာရှိပါတယ်၊ အဲဒါတွေကို ဌာပနာနိုင်ဖို့ရာအတွက် လာရောက်လှူဒါန်းဖို့ရာလည်း အကြောင်းတစ်ရပ်အဖြစ် ပါဝင်ပါတယ်ဘုရား''

"ဟော ‥ ကြားရတာ တယ်လည်းကျက်သရေမင်္ဂလာ





ရှိလိုက်တာကွယ်၊ တို့များနှံ့သာပုရွာက စကြာဗောဓိဆုတောင်းပြည့်စေတီဘော်ကြီးတော့ ပိုပြီးတန်ခိုးထွားဦးတော့မှာပဲ၊ ဒကာလှူမယ်ဆိုတဲ့ ရဟန္တာတွေရဲ့ဓာတ်တော်တွေကို လာမယ့်တပေါင်းလပြည့်နေ့ကျရင် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကျင်းပရင်း ဌာပနာလိုက်မယ်၊ အဲသည့်ဓာတ်တော်တွေ ဒကာနဲ့အတူပါလာသလား''

"ခု မပါသေးပါဘူး၊ ဒါပေမဲ့ တပည့်တော် သည်ရွာက မထွက်ခွာခင်မှာ အရှင်ဘုရားထံ ဆက်ကပ်ခဲ့ပါမယ်၊ တပည့်တော်ကို ညွှန်ကြားနေတဲ့ ပုဂ္ဂိုလ်တွေ မကြာခင်ဓာတ်တော်အချို့ယူပြီး လာကြမှာပါဘုရား''

"အိမ်း ကောင်းတာပေါ့ကွယ်၊ ကောင်းတာပေါ့''

"တပည့်တော်ကို ခွင့်ပြုပါဦးဘုရား''

ထိုစဉ်မှာပင် ကျောင်းပေါ်၌ရှိနေကြကုန်သော မြင်ကွင်းစအဆုံးကို ရင်သပ်ရှုမောဖွယ်ရာ ကြားနေခဲ့ကြရ၊ မြင်နေခဲ့ကြသော ရွာသူရွာသားအပေါင်းတို့မှာ လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ ဤတွင် ရွာ့မျက်နှာဖုံးဟုဆိုရမည့် လူကြီးအချို့က ရှေ့တိုးလာခဲ့၏။

"ဆရာလေးခင်ဗျား၊ ဆရာလေးဟာ သာမန်နှယ်နှယ်ရရ ပုဂ္ဂိုလ်မဟုတ်ဘဲ၊ ကျွန်တော်မျိုးတို့ရပ်ရွာနဲ့ လောကီနယ်ပယ်ကောင်းမှု၊ ဘာသာရေးနယ်ပယ်ကောင်းမှုတို့ကို သယ်ပိုးရွက်ဆောင်ပေးနေတဲ့ သူတော်စင်ဖြစ်တာကို သိနားလည်ထားကြပါတယ်။

အဲဒါကြောင့် သူတော်စင် ဆရာလေးအပေါ် တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ကျေရအောင်လို့ ကျွန်တော်မျိုးတို့ရဲ့ ဒုဝိဂေဟာမှာ ခေတ္တဖြစ်စေ၊ စိတ်အလိုဆန္ဒရှိသရွေ့ဖြစ်စေ တည်းခိုစံမြန်းစေချင်ပါတယ်ခင်ဗျာ"

"ဟုတ်ပါတယ်ဆရာလေးခင်ဗျာ၊ ကျွန်တော်မျိုးတို့ထားရှိတဲ့ မေတ္တာစေတနာကို အသိအမှတ်ပြုပေးစေလိုပါတယ်ခင်ဗျား"

အားလုံးကဝိုင်းဝန်း၍ မေတ္တာရပ်ခံတောင်းပန်နေကြကုန်၏၊ ရုတ်တရက် ယောဂီလူရွယ်သည် ဘာမျှအဖြေပြန်မပေးသေး

"ဒကာလေးရယ်၊ ဘုန်းကြီးတို့ နံ့သာပုရွာကလေးဆိုတာ အင်မတန်မှဧည့်မျှော်တဲ့ ရွာကလေးပါ၊ ဧည့်သည်လာရင် မျှော်ကိုနေကြတာပဲ၊ ခုရောက်လာတဲ့ ဒကာလေးဆိုတာကျတော့ ဧည့်သည်တောင်မှ ရိုးရိုးဧည့်သည်မဟုတ်ဘူး၊ ရပ်ရွာကို အကျိုးပြုမယ့် သာသနာတော်ကို ထွန်းလင်းစေမယ့် သူတော်စင်ပုဂ္ဂိုလ်ဆိုတော့ သူထက်ငါ အလုအယက်ဆိုသလို ဖိတ်ခေါ်ကြတဲ့အပေါ်မှာ ကရုဏာတရား ငဲ့ညှာပွားပြီး လိုက်လျောစေချင်ပါတယ်ကွယ်"

"တင်ပါ့ ဘုရား၊ ခု တပည့်တော်ကို ဖိတ်ခေါ်နေကြတာဟာ တစ်ယောက်တည်းမဟုတ်ဘူး၊ တစ်အိမ်တည်းမဟုတ်ဘူး၊ သည်တော့လည်း' စဉ်းစားရတာပေါ့ ဘုရား"

"အိမ်း . . . ဒါလည်း ဟုတ်ပေသားပဲကွယ်"

"သို့ပေတယ်လို့ ကိစ္စတော့မရှိပါဘူးဘုရား၊ တပည့်တော်ရဲ့အာရုံမှာ အထက်ပုဂ္ဂိုလ်တွေပေါ်ပေါ်လာပြီး သူတို့စီမံညွှန်ကြားတဲ့အတိုင်း နာခံရပါတယ်၊ ကိုယ့်သဘောနဲ့ကိုယ်





ဆုံးဖြတ်ခွင့်မရှိပါဘူး ဘုရား။

သည်တော့. သည်ကျောင်းပေါ်ကဆင်းပြီးသကာလ၊ နံ့သာပုရွာထဲဝင်တဲ့အခါ အာရုံထဲပေါ်လာပြီး ညွှန်ကြားမယ့်အိမ်ကျရင်ဖြင့် ခေတ္တတည်းခို စံမြန်းပါ့မယ် ဘုရား"

"ကောင်းပါပေ့ကွယ်၊ ကောင်းပါပေ့"

ဘုန်းတော်ကြီးအား ဝပ်ချပြီး ကျောင်းပေါ်မှဆင်းလေတော့ ရွာသူရွာသားအပေါင်းတို့သည် မြင်မကောင်းလောက်အောင် ယောဂီလူရွယ်၏နောက်မှ လိုက်လာခဲ့လေသည်။

"ဟုတ်တာပေါ့၊ တည်းခိုမှာက တစ်ယောက်တည်း။ လက်သင့်ခံချင်တဲ့အိမ်တွေက တစ်ရွာလုံးနီးပါးဆိုတော့ ဆရာလေးခမျာမယ် အခက်တွေ့မယ်ဆိုရင်လည်း တွေ့စရာပဲ၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ ဆရာလေးမှာအစောင့်အရှောက်တွေက အများကြီးဆိုတော့ သူ့ဟာနဲ့သူ အဆင်ပြေသွားမှာပါ"

"ဘယ်အိမ်မှာပဲ တည်းတည်းလေ၊ ဆရာလေးအနေနဲ့ကတော့ တို့များတစ်ရွာလုံးကို ကြီးပွားချမ်းသာအောင် မ,စမှာပဲဟာ"

ရွာသူရွာသားအပေါင်းတို့မှာ ယောဂီလူရွယ်သွားရာနောက် သို့ တကောက်ကောက်လိုက်ရင်း အချင်းချင်းတီးတိုးတီးတိုး သဖန်းပိုးလုပ်မိကြလေတော့သည်။

"ဟော ‥ ဆရာလေး ‥ ခြံထဲဝင်သွားပဟော့"

"ဟယ် ‥ အဲဒါ ဆန်စက်ပိုင်ရှင် ဦးအံ့ပွားကြီးရဲ့ အိမ်ဟာ"

"ဦးအံ့ပွားကြီးတော့ ပွတာပဲ"

အမှန်တကယ်လည်း ဆန်စက်ပိုင်ရှင် ဦးအံ့ပွားကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်ဂေဟာသို့ ဆရာလေးဦးတည်လာခဲ့ဖြင့် လွန်စွာမှ ဝင်း
မြောက်ဝမ်းသာဖြစ်ခဲ့ရချေ၏။ သည်အိမ်က နံ့သာပုရွာထဲမှာ
ပြိုင်စံကင်းလောက်အောင် အကောင်းဆုံးဖြစ်ချေသည်။ သည်အိမ်
ဂေဟာကို အစိုးရတော်မူသော ဦးအံ့ပွားတို့ ဇနီးမောင်နှံမှာ သား
ထောက်သားခံမရှိဘဲ ကိုကျိုတက်ချမ်းသာလျက် အခိုင်းအစေ
အလုပ်သမားအချို့နှင့် နေထိုင်လေသည်။

ထိုခဏယောဂီလူရွယ်ထံမှ အသံထွက်ပေါ်လာသည်။

"အားလုံး ခေတ္တဂဏနားထောင်ကြပါ . .

ကျုပ်ရဲ့အာရုံထဲမှာ ပေါ်လာတာက သည်အိမ်ဂေဟာ
ခေတ္တစံမြန်းတည်းခိုပြီး တစ်ရွာလုံးကို မ,စရမတဲ့။ သူ
တော့ သည်အိမ်ဂေဟာရဲ့ ပိုင်ရှင်ဟာဘယ်သူပါလဲခင်ဗျာ

"ကျွန်တော် . . . ကျွန်တော်ပါဆရာလေး၊ 'စ
ဆန်စက်' ပိုင်ရှင် အံ့ပွားပါခင်ဗျ"

"ကျုပ် သည်ဂေဟာမှာ ခေတ္တစံမြန်းဖို့ရာ ဓာတ်ကျတယ်

"ဝမ်းသာလိုက်တာဆရာလေးရယ်၊ ဝမ်းသာလိုက်တာ
ဆရာလေးရဲ့ အစောင့်အရှောက်တွေကိုလည်း ရှိကြီးခိုးပါ
ခင်ဗျာ"

ဦးအံ့ပွားမှာတော့ သူ့လိုဘပြည့်ဝသွားလေခြင်းအတွက်
အကြီးအကျယ်ဝမ်းမြောက်နေမိတော့၏။ ထို့ကြောင့်ပင် ၄င်း
အိမ်ဂေဟာမှ လူများအား စီစဉ်ဆောင်ရွက်စရာရှိသည်တို့
စီစဉ်ဆောင်ရွက်ရန် ညွှန်ကြားသမှုပြုလေတော့၏။ ဦးစွာခြံစောင့်
ကြီး ဦးသောင်းယဉ်အား . . .

"ဗျို့ အဘိုးကြီးသောင်းယဉ်၊ သည်ကနေ့ကစပြီး ခြံ





ဝင်တာထွက်တာတွေဂရုပြုနော်၊ ဆရာလေး စိတ်ဒုံနှောင့်
အယှက်ဖြစ်စရာတွေ ကြုံမလာစေနဲ့ မှတ်ပလား"

"ကျုပ်အတွက်တော့ စိတ်ချပါသူဌေးရယ်၊ တက်လူမော်
တို့အုပ်စု ကစော်ရည်ခပ်တွေတွေနဲ့ ခြံဝန်းကျင်ကို သေးလာ
ပန်းပြီး အော်ကြီး ဟစ်ကျယ်သီချင်းတွေဘာတွေ လာဆိုလို့
ကတော့ ကျုပ်ရဲ့ လောက်လေးစာတွေ့သွားမယ်"

"ဟုတ်ပြီဗျာ၊ ဟုတ်ပြီ"

ဦးအံ့ပွားလည်း ခြံတွင်းရှိ အလုပ်သမားအသီးသီးအား
သူ့နေရာနှင့်သူ ထောင့်စေ့ရန် တိကျသေချာညွှန်ကြားခဲ့ပြီးသည့်
နောက် ယောဂီဝတ်ပုဂ္ဂိုလ်အား အိမ်ဂေဟာအပေါ်ထပ်ရှိ ဘုရား
ခန်းမအနီးသို့ ပင့်ဆောင်ခေါ်ယူသွားလေသည်။

ဦးအံ့ပွား၏ ဇနီးသည်မှာလည်း အလိုက်တသိ။

ဘုရားခန်းနှင့်ကပ်လျက်ရှိသောအခန်းအား ရှင်းလင်းသုတ်
သင်ကာ ခမ်းနားလှပစွာပင် ခုတင်၊ မွေ့ရာ၊ စောင်၊ ခြင်ထောင်
တို့ကို ခင်းကျင်းထားလေ၏။ အခန်းကိုလည်း အပြင်လူ မမြင်ရ
အောင် ကန့်လန့်ကာများကို လုံခြုံစွာ ကာရံပေးထားလေ၏။

"ဟောဟိုက ဆရာလေးနားနေအိပ်စက်ဖို့ အခန်းပါ။
အစစအရာရာ ပြင်ဆင်ပြီးသွားပါပြီ"

"နားချင်စိတ်မရှိသေးပါဘူး သူဌေးရယ်၊ ကျုပ် ဘုရား
ခန်းမှာပဲ အာရုံပြုချင်ပါသေးတယ်"

"အဆင်သင့်ပါပဲ ဆရာလေး"

ကြွယ်ဝချမ်းသာရုံမက ဘုရားတရားသံဃာအပေါ် ကြည်
ညိုကြကုန်သည့် ပုဂ္ဂိုလ်ဖြစ်၍လည်း ဘုရားခန်းသည် တင့်တယ်



www.burmeseclassic.com

www.burmeseclassic.com



စွာ ကြည်ညိုသပ္ပာယ်ဖွယ်ကောင်းလှ၏။ ပန်းတို့သည်လည်း အရောင်စုံ၊ အသွေးစုံ၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းတို့မှာလည်း ဘုရားကျောင်းဆောင်ပေါ်၌ အစုံအလင်အပြည့်အဝ။

သည်လို ရှိရင်းစွဲမှာပင် နံ့သာပုကျေးရွာအတွင်းရှိ လူကြီး လူငယ်ပုပုရွရွ ကျားမအပေါင်းက သိဒ္ဓိရှင်ဆရာလေးအတွက် ရည်စူး၍ အချိုအချဉ်ပွဲများ ကောင်းပေ့ညွှန့်ပေ့ဆိုသည့် ဟင်း ခဲဖွယ်များကို ယူဆောင်လာရာ ရွာဦးကျောင်းဘုန်းတော်ကြီး ဆွမ်းဝိုင်းထက်ပင် များစွာသာလွန်နေပေတော့၏။ အားလုံးသည် ကြီးမားခိုင်ခံ့သော ဆန်စက်သူဌေးကြီး ဦးအံ့ပွား၏ အိမ်ကြီး အပေါ်ထပ်တွင် ကျပ်ညပ်နေပေတော့သည်။

"ဟော့၊ မင်းတို့လာကြတာလည်း လာကြတာပေါ့၊ ကွ သည့်အတွက်တော့ ငါဘာမှမပြောလိုပါဘူး။ ဒါပေမယ့် ဆရာလေးစိတ်အနှောင့်အယှက်ဖြစ်လောက်အောင် ဆူ တာတွေ၊ စကားပြောကြတာတွေ မလုပ်ကြပါနဲ့၊ စိတ် မကြည်မလင်ဖြစ်သွားရင်မကောင်းဘူး။ ငါဆိုလိုတာကို မင်း သဘောပေါက်ကြမှာပါ"

"ဟာ ‥ သဘောပေါက်ပါတယ် သူဌေးရယ်၊ သဘော ပေါက်ပါတယ်၊ စိတ်ချပါ၊ ဆရာလေးသာမက သူဌေး စိတ်အနှောင့်အယှက်မဖြစ်စေရဘူးလို့ ကတိပြုပါတယ်"

ဦးအံ့ပွားနှင့် ရွာသူရွာသားအပေါင်းတို့ အပေးအယူ တည့် သွားကြသည်။ ထိုအချိန်တွင် ယောဂီပုဂ္ဂိုလ်တစ်ဖြစ်လည်း သိဒ္ဓိ ရှင်ဆရာလေးသည် ဘုရားအာရုံပြု ပုတီးစိပ်နေရာမှ ခေတ္တနား လိုက်ပြီး ပရိသတ်ကို တစ်ချက်ကလေးမှ လှည့်မကြည့်ဘဲ ဦးအံ့ပွား





သာ စူးစိုက်ကြည့်ရင်း စကားဆိုလေသည်။

"သူဌေးကြီးကို ပြောရဦးမယ်"

"အမိန့်ရှိပါ ‥ ဆရာလေး"

"သူဌေးကြီးနဲ့တကွ ဟောဒီက ရွာသူရွာသားအားလုံးတို့ အနေနဲ့ ဆည်းကပ်သင့်သူအမှန်ကို ဆည်းကပ်ကြတာတွေ့ ရတဲ့အတွက် အလွန်ပဲဝမ်းသာပါတယ်၊ အဲသည်အတွက် လည်း အားလုံးဟာ အကျိုးထူးတွေ ခံစားကြရမှာပဲ"

အသည်းခိုက် နှစ်ခြိုက်ဖွယ်စကား။

လေးနက်တည်ကြည်စွာ ပြောဆိုလိုက်သောစကားကြောင့် အံ့ပွားနှင့်တကွ ရွာသူရွာသားအပေါင်း၏ မျက်ဝန်းအစုံတို့မှာ ရောင်တွေ လက်သွားကြသည်။ ရင်ထဲမှာလည်း အတိုင်းမသိ းဆီထိသွားကြသည်။

"တစ်ခုကျုပ်ပြောချင်တာက လာမယ့်သုံးလေးရက် လောက်ကျရင်ဖြင့် ဟောသည် ကျုပ်ခေတ္တစံမြန်းနေရာ ဂေဟာဆီကို ပုဂ္ဂိုလ်ထူးတွေ ရောက်လာကြဦးမယ်၊ သူတို့ဟာ အထက်က စေလွှတ်လိုက်တာပါပဲ၊ ကျုပ် ထွက်ရပ်လမ်း မမြန်းမချင်း လမ်းကြောင်းမတိမ်းပါးရအောင် ကွပ်ကဲသမှု ပြုကြတဲ့ ပုဂ္ဂိုလ်တွေပဲပေါ့"

"ဟုတ်ကဲ့ ‥ ဆရာလေး"

"ကျုပ်ပြောလိုတာက အဲသည်ပုဂ္ဂိုလ်ထူးတွေ ရောက် လာကြပြီဆိုရင် သူဌေးအပါအဝင် ရွာသူရွာသားတွေကို ကျုပ် တို့မမြင်ချင်ဘူး၊ အဲ ‥ သူဌေးတို့အနေနဲ့ မြင်ချင်တယ်ဆိုရင် ကျုပ်တို့ မမြင်နိုင်တဲ့ အကာအကွယ်ကနေ ချောင်းမြောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်ကြည့်နိုင်ခွင့်ရှိပါတယ်၊ ကျုပ်တို့ ပြောဆိုနေကြတာကိုလည်း အကွယ်ကနေ နားထောင်ခွင့်ရှိပါတယ်၊ အဲဒါတွေကို သတိထားစေချင်တာပါပဲ"

"စိတ်ချပါဆရာလေးရယ်၊ စိတ်ချပါ"

အားလုံးအပေးအယူတူညီမှုတသွားကြသည်။ သည့်နောက်မှာတော့ ဖွယ်ဖွယ်ရာရာ ပြင်ဆင်စီမံထားသော ထမင်းဟင်းလျာတို့ကို စားသောက်ရန် စားသောက်ဝိုင်းရှိရာသို့ ဂန္ဓာရီဆရာလေးလည်း ဣန္ဒြေသမ္ပတ္တိအပြည့်ဖြင့် မြန်းကြွလာခဲ့လေတော့သတည်း။

❖



# သူထက်သူ

www.burmeseclassic.com

www.burmeseclassic.com

နှံ့သာပုရွာဘုန်းတော်ကြီးကျောင်းမှာတော့ မိုးသောက်အရုဏ်တက်ချိန်မို့ ဘုန်းတော်ကြီးလည်း အရုဏ်ဆွမ်းစားပြီးသည်နှင့် ကျောင်းအောက်ဆင်းကာ စင်္ကြံလမ်းကို တံမြက်စည်းလှဲနေလေသည်။

ထိုအခိုက်ဝယ် ကျောင်းဝင်းအတွင်းသို့ ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ်တစ်ဦးသည် နောက်ပါတစ်ဦးနှင့်အတူ ဝင်ရောက်လာခဲ့ကြပြီး ဘုန်းတော်ကြီးအပါး ရောက်လေသော် နေရာတွင် ထိုင်ချလိုက်ရင်း ပုဆစ်ဒူးတုပ် ဝတ်ဖြည့်ကြလေသည်။

"ဘယ်ကလာပြီး ဘယ်ကိုသွားကြမလို့လဲ ဒကာတို့"

"တပည့်တော်တို့ လာရာအရပ်ကိုတော့ ပြောရင်လည်း အကြောင်းထူးမှာ မဟုတ်တဲ့အတွက် မပြောပါရစေနဲ့ဘုရား။ အဲ တပည့်တော်တို့သွားမယ့်အရပ်ဆိုတာကတော့ ဟောသည်နှံ့သာပုဆိုတဲ့ရွာပါပဲ ဘုရား"

"ဟော ‥ ဟုတ်လား။ ကိုင်း ‥ ကျောင်းပေါ်တက်ခဲ့ကြ





ပါဦး။ စကားစမြည်လေး ဘာလေးပြောကြတာပေါ့"

"တင်ပါ့ဘုရား"

သို့ဖြင့် ဘုန်းတော်ကြီး၏ ဖိတ်ခေါ်ချက်အရ အာဂန္တုဧည့်သည်နှစ်ဦးလည်း ကျောင်းတော်ပေါ်သို့ ရောက်ခဲ့ကြလေသည်။ ကျက်သရေခန်းနံဘေးမှာတော့ ဧည့်သည်များထိုင်ရန် သင်ဖြူးများ အဆာပြေစားသောက်ကြရန် မုန့်ပဲသွားရည်စာတွေက အဆင်သင့်။ ချက်ဆိုနားခွက်က မီးတောက်သော ကပ္ပိယကြီးဦးသံခိပ်၏ အစီအမံပင်ဖြစ်လေသည်။

"ကိုင်း ‥ ဒကာတို့၊ ဘုန်းကြီးကို သိသင့်သမျှအသိပေးကြပါ၊ ပြီးတော့ လိုအပ်တဲ့ အကူအညီရှိရင်လည်း တောင်းကြပါ"

"တင်ပါ့ဘုရား ‥ တပည့်တော်နဲ့ ဟောသည်က တပည့်တို့ဟာ ထွက်ရပ်လမ်းကို လျှောက်လှမ်းနေကြတဲ့သူတွေပါ၊ နေရပ်ကတော့ လူသူအရောက်အပေါက်မရှိတဲ့ မဟာမြိုင်တောအုပ်ထဲက ဆိုပါတော့"

"နေပါဦး ‥ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တွေ စံမြန်းနေကြတယ်ဆိုတဲ့ တောကြီးမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား၊ မှန်ပါတယ်ဘုရား။ အဲသည် တောအုပ်ထဲရောက်လာတဲ့ပုဂ္ဂိုလ်တွေဟာ နောင်ပွင့်တော်မူမယ့် အရိမေတ္တေယျဘုရားရှင်ကို ဖူးမြော်ပြီး ဘုရားရှင်ဟောကြားမယ့်တရားနဲ့အတူ ကျွတ်တမ်းဝင်ကြမှာပါဘုရား"

"ဟာ ‥‥ တယ်လည်း ကောင်းပါလား ဒကာတို့"

"အဲသည် တောအုပ်ထဲရောက်လာနိုင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ထွက်ရပ်လမ်းပေါက်တွေချည်းပါပဲ ဘုရား"

"ဒီ ‥ ဒါဖြင့် ဒကာ ‥ ဒကာတို့ဟာ"

"သည်အကြောင်းကို သည်လောက်နဲ့ပဲ ရပ်ထားစေချင်ပါတယ်ဘုရား"

"ကောင်းပါပြီဒကာ၊ ကောင်းပါပြီ၊ ဒကာကြီးတို့အခု လာရင်းကိစ္စကကော"

"တင်ပါ့ဘုရား၊ တပည့်တော်တို့ သိလိုတာက အရှင်ဘုရားတို့ရွာကို သည်ရက်ပိုင်းအတွင်းမှာ ယောဂီဝတ်စုံနဲ့ လူရွယ်ပုဂ္ဂိုလ်တစ်ယောက် ရောက်ခဲ့လာမလား သိလိုပါတယ်ဘုရား"

သည်စကားကြားလိုက်ရတော့ ဘုန်းတော်ကြီး၏ စိတ်ထဲ လှုပ်ခတ်သွားခဲ့လေသည်။

ထူးပါဘိ။ ဆန်းပါဘိ။

တစ်မြန်နေ့ကတင် ယောဂီဝတ်ပုဂ္ဂိုလ်က သူဌေးဦးအံ့ပွားအား မကြာမတင်ကာလအတွင်း ပုဂ္ဂိုလ်ထူးတွေလာကြမည်ဟူသောစကားကို ဆိုခဲ့ဖူးသည်။ အရာရာသည် အံ့သြဖွယ်ကောင်းလေစွဟု ဘုန်းတော်ကြီးအောက်မေ့လိုက်ချေသည်။ ဒကာဦးအံ့ပွားအိမ်မှာရှိနေတာလည်း ပုဂ္ဂိုလ်ထူး။ ခု ရောက်လာတာလည်း ပုဂ္ဂိုလ်ထူး။ အားလုံးသည် ထူးပေစွ၊ ဆန်းပေစွတကား။

"ဒကာကြီး၊ ဒကာကြီး ရည်ညွှန်းပြောဆိုတဲ့ ပုဂ္ဂိုလ်ဟာ ကျုပ်တို့ရွာကို ရောက်နေပါတယ်၊ ရွာအရှေ့ပိုင်းက ဆန်စက်သူဌေး၊ ဒကာအံ့ပွားရဲ့အိမ်ဂေဟာမှာ စံမြန်းနေပါတယ်"

သည်စကားကြားရတော့ ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်





ပြီးမှာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားပုံရလေသည်။ ဘေးနားရှိ ပည့်ဖြစ်သူမှာ ဘာမျှမပြော။ စည်းနှောင်ထုပ်ပိုးထားသည့် ထုပ်ကိုပိုက်ရင်း၊ ဆရာအရှင်နှင့် ဘုန်းတော်ကြီးတို့ ပြန်လှန် ပြောဆိုနေကြသည့်ကိုသာ ငြိမ်သက်တိတ်ဆိတ်စွာဖြင့် နားထောင် နေလေသည်။

"ဟာ ‥ ဒါဆိုရင် တိုင်းရက်တဲ့ ပက္ကလာ ‥ မိုးရွာသည်နှင့် အဆင်သင့်ပေါ့ဘုရား၊ တပည့်တော် သူနဲ့တွေ့ရအောင် အထက်ကပုဂ္ဂိုလ်တွေရဲ့ ညွှန်ကြားမှုနဲ့ ရောက်လာခဲ့တာပါဘုရား ‥ ။ တပည့်တော် သူနဲ့တွေ့ရအောင် သွားလိုပါတယ်ဘုရား၊ လမ်းညွှန်ပေးရုံမက အပမ်းမကြီးဘူးဆိုရင်ဖြင့် အရှင်ဘုရားပါ လိုက်ပါကြွရောက်စေလိုပါတယ်ဘုရား"

"ဟာ ‥ ကောင်းတာပေါ့ဒကာ၊ ဒကာပြောတဲ့ ပုဂ္ဂိုလ်လေးဆိုတာ ဘုန်းကြီးနဲ့အဆက်အသွယ်ရှိပါတယ်၊ အမျိုးဘာသာ သာသနာအကျိုးကို သယ်ပိုးစောင့်ရှောက်မယ့် တကယ့်သူတော်စင်ဖြစ်တာမို့ ကျုပ်တို့ နံ့သာပုတစ်ရွာလုံးက ဝမ်းသာနေကြတာ"

"ဒါတော့ အမှန်ပဲအရှင်ဘုရား ‥

အဲသည်ပုဂ္ဂိုလ်လေးဟာ ဓာတ်ကျရာကို ဂန္ဓာရီခရီးလှည့်ရင်း ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်နေတဲ့ လ်ထူး၊ ပုဂ္ဂိုလ်မြတ်ပါ။ သူကြွရောက်လာခြင်းဟာ နံ့သာပု ရွာလုံးအတွက်တော့ တကယ့်ကို တန်ဖိုးဖြတ်လို့ မရနိုင်ပါဘူး င်ဘုရား"

"ကောင်းပါပေ့ ဒကာ၊ ကောင်းပါပေ့၊ ကိုင်း၊ ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



တို့၊ ဒကာအံပွားရဲ့ အိမ်ဂေဟာကို သွားကြရအောင်လား"

"တင်ပါ့ဘုရား. . . တင်ပါ့"

သို့ဖြင့် ဘုန်းတော်ကြီးမှ ဦးဆောင်လျက် ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်နှစ်ဦးလည်း နှံ့သာပုရွာအရှေ့ပိုင်းဆီသို့ ထွက်လာခဲ့ကြပါသတည်း။

❖



# ယုန်ရုပ်တွေကို ရေးကြသည်

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ဘုန်းတော်ကြီးနှင့်တကွ ပုဂ္ဂိုလ်ထူးနှစ်ပါးတို့ ကျောင်းတော်မှ ထွက်ခွာလာချိန်ဝယ် သိဒ္ဓိရှင်ဆရာလေးသည် အခါးရည်ကို သောက်သုံးရင်း သူဌေးကြီးဦးအံ့ပွားအပါအဝင် ရပ်ရွာလူကြီးအချို့၊ ကျေးရွာသူကျေးရွာသားအချို့နှင့် စကားလက်ဆုံကျနေလေ၏။

ထိုစဉ်ခဏ သိဒ္ဓိရှင်ဆရာလေး၏ အမူအရာမှာ ရုတ်ခြည်းပြောင်းလဲသွားပြီး ဆတ်ခနဲဆိုသလို ဘုရားကျောင်းဆောင်ရှိရာသို့ ရှိုနိုးဦးတင်လိုက်သည်။ သည့်နောက် ဦးအံ့ပွားတို့ဘက် လှည့်လိုက်လေသည်။

"လူကြီးမင်းတို့ကို ကျုပ်ပြောစရာရှိတယ်"

"ဟုတ် ‥ ဟုတ်ကဲ့ ‥ ပြောပါ ‥ ပြောပါ ‥ ဆရာလေး"

"မကြာခင်မိနစ်ပိုင်းလေးအတွင်းမှာ ကျုပ်ရဲ့ဆရာနှစ်ဦးဟာ သည်ကို ရောက်လာကြပါလိမ့်မယ်၊ ဝတ်ဖြူစင်ကြယ်တွေ ဝတ်ထားလိမ့်မယ်၊ သူတို့ရောက်လာမယ်ဆိုတာကို ခုလေးတင်





ပဲ အထက်ပုဂ္ဂိုလ်တွေက အကြောင်းကြားကြတယ်"

ထိုစဉ်ခဏ ရွာသားတစ်ယောက်က ဝရန်တာမှနေ၍ လမ်းမကို လှမ်းကြည့်သည်။

"ဟုတ်တယ်ဗျို့၊ ဟုတ်တယ်၊ ဆရာတော်ကြီး ဦးဓဆာင်လို့ ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်နှစ်ဦး လာနေကြပြီ"

"ဟာ ‥ တယ်လည်း မှန်ပါလား"

"ဟုတ်ပါရဲ့ မယုံနိုင်လောက်အောင်ပါပဲလားကွယ်"

"အို ‥ အကြားအမြင်ရတယ်ဆိုတာ ဒါပဲထင်ပ"

အားလုံးသည် ဂန္ဓာရီပုဂ္ဂိုလ် သိဒ္ဓိရှင်ဆရာလေး၏ နိမိတ်စကားမှန်ကန်မှုကြောင့် အံ့အားတသင့်ဖြစ်နေကြသည်။

"ကိုင်း ‥ သူဌေးကြီး ဟိုနေ့က ကျုပ်ပြောထားတာ မှတ်မိတယ်နော်"

"မှတ်မိတယ်၊ မှတ်မိတယ်၊ ကိုင်း ‥ ဦးစိန်လင်းတို့၊ ဦးဌေးအောင်တို့ လာကြဗျာ၊ ဆရာလေးတို့ အနှောင့်အယှက်မဖြစ်ရအောင် တင်းတိမ်နောက်ဘက် ဝင်ကြရအောင်"

"ဝင်မယ်၊ ဝင်မယ်၊ အဲသည်ကပဲ ခိုးကြည့်၊ ခိုးနားထောင်ကြတာပေါ့၊ ဟော့ ‥ သာဂိတို့ ကြက်တင်းရိုးတို့ ဘာလုပ်နေကြတာလဲ၊ လာကြ၊ လာကြ"

"ဟုတ်ကဲ့ ‥ ဟုတ်ကဲ့ပါဗျာ"

သူဌေးဦးအံ့ပွားမှအစပြုလျက်၊ သူကြီးဦးစိန်လင်းအလယ်၊ ကြက်တင်းရိုးတို့ ရွာသူရွာသားတွေအဆုံး၊ ဘုရားခန်းနှင့် မလှမ်းမကမ်းရှိ တင်းတိမ်ကာရံထားသည့် အခန်းတွင်းသို့ဝင်ကာ ကိုယ်ယောင်ဖျောက်လိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်အောင့်မျှကြာသောအခါ ဘုန်းတော်ကြီးဦးဆောင်လျက် ပုဂ္ဂိုလ်နှစ်ဦးသည် အိမ်ဂေဟာအပေါ်သို့ တက်ကာ ဘုရားခန်းသို့ လှမ်းလင့်ဝင်ရောက်လာခဲ့ကြသည်။

"ကြွတော်မူပါဘုရား"

ဘုန်းတော်ကြီး ကြွလာသည်ကို မြင်သည်နှင့် သိဒ္ဓိရှင်ဆရာလေးသည် နေရာမှထကာ ခရီးဦးကြိုပြုလိုက်ပြီး ပက်လက်ကုလားထိုင်ကို ထိုးပေးလိုက်သည်။ ဘုန်တော်ကြီးထိုင်ပြီးသည့်အခါဝယ် သိဒ္ဓိရှင်ဆရာလေးသည် ဘုန်းတော်ကြီးအား ရှိခိုးဦးနှိမ်ချလိုက်သည်။ အဆိုပါမြင်ကွင်းကို တစ်ဖက်တင်းတိမ်အတွင်းရှိ ဦးအံ့ပွားအပါအဝင် ရွာသူရွာသားအပေါင်းတို့သည် ချောင်းမြောင်းကြည့်ရှုနေကြလေသည်။

"ဘယ်လိုလဲ . . လုပ်ငန်းကိစ္စအဝဝ အဆင်ပြေပြီလား ကိုယ်တော်လေး"

သည်စကားကို ဆိုလိုက်သူက ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ်ဖြစ်၏။ ထိုအမေးစကားကို သိဒ္ဓိရှင်ဆရာလေးက ဖြေကြားလိုက်သည်။

"ပြင်တုန်းဆင်တုန်း၊ အမိဋ္ဌာန်ဝင်တုန်းရှိပါသေးတယ် ဘိုးတော်"

"အိုး . . တယ်လည်း အချိန်ဆွဲပေသကိုး၊ သည်သီတင်းကျွတ်လအတွင်းမှာ ဌာပနာကိစ္စအဝဝပြီးပြည့်စုံဖို့ အထက်ကချမှတ်ထားခဲ့တာ မေ့သွားပလား ကိုယ်တော်လေး"

"မမေ့ပါဘူး ဘိုးတော်၊ သည်သီတင်းကျွတ်လအတွင်းမှာပဲ ဟောဒီနံ့သာပုရွာရဲ့ စကြာဗောဓိဆုတောင်းပြည့်ဈေး





ဟောင်းစေတီတော်ကြီးကို ဌာပနာဖို့အတွက် အလိုရှိတဲ့ဓာတ်တော်တွေ ကျလာဖို့ရှိပါတယ်"

"နေပါဦးကိုယ်တော်လေးရဲ့၊ ဘယ်လိုပုံ ဘယ်လိုနည်းနဲ့များ ဓာတ်တွေကျလာမယ်ဆိုတာ ပြောပါဦး"

"ဓာတ်တော်တွေကို ပင့်လာမယ့်သူကတော့ ဣတ္ထိယပုဂ္ဂိုလ်တစ်ဦးပါပဲ၊ ပဋ္ဌာန်းဆက်ရှိပေလို့ သီရိလင်္ကာကျွန်းကရလာခဲ့တဲ့ ဘုရင်အသောကမင်းကြီးရဲ့ ဗုဒ္ဓဓာတ်တော်တွေပါပဲ၊ သည်ဓာတ်တော်တွေဟာ ဟောဒီနံ့သာပုကျေးရွာရဲ့ စကြာဗောဓိဆုတောင်းပြည့် ဈေးဟောင်းစေတီတော်ကြီးရဲ့ ဌာပနာတော်တိုက်မှာ ကိန်းဝပ်ရပါလိမ့်မယ်၊ အဲသည်အခါကျရင် တစ်ရွာလုံးအပေါ်ကို နက္ခတ်နဲ့ကိုက်ညီလိုက်လျောစွာ ရတနာမိုးကြီးရွာချလိမ့်မယ်"

ကိုယ်တော်လေးဆိုသော သိဒ္ဓိရှင်ဆရာလေးထံမှ စကားတွေကို ပြတ်သားစွာကြားနေရသော တင်းတိမ်နောက်ဘက်မှ လူအချို့၏မျက်နှာက ပျားရည်တို့ မက်ဖျန်းထားသည့်သဖွယ် ချိုမြလန်းဆန်းသွားကြကုန်၏။

"ကောင်းပြီ၊ ကိုယ်တော်လေး၊ သည်လိုဆိုပြန်တော့လည်း ကိုယ်တော်လေးဟာ တကယ်ပဲ ဖွဲလုံ့လဝီရိယထက်သန်တဲ့ပုဂ္ဂိုလ်ရယ်လို့ သတ်မှတ်ရပြန်ပါပြီ၊ သည်ဂန္ဓာရီခရီးစဉ်ဟာလည်း ကိုယ်တော်လေးရဲ့ ဖွဲလုံ့လဝီရိယနဲ့ အောင်မြင်မှုရရှိမှာ အသေအချာပါ၊ ကိုင်း တပည့်ကျော်ဩဘာ . . မင်းအထုပ်ကို ဖြည်ပေရော့"

ကုလားထိုင်ပေါ်၌ သက်တောင့်သက်သာ သီတင်းသုံး



www.burmeseclassic.com

www.burmeseclassic.com



နေသည့် ဘုန်းတော်ကြီးက ဘိုးတော်ဆိုသော ပုဂ္ဂိုလ်၏တပည့် ဩဘာဆိုသူ ဝတ်ဖြူစင်ကြယ်ဖြည့်လာမည့် အထုပ်ကို စိတ်ဝင်စားစွာငေးကြည့်နေ၏။ ထို့အတူ တင်းတိမ်ကို အသာလှပ်ဟာလျက် ဦးအံ့ပွားတို့မှာလည်း အသံတိတ် ချောင်းကြည့်နေကြ၏။

အဝတ်ထုပ်ကို ဖြည်လိုက်တော့ အရောင်တဖိတ်ဖိတ်လက်နေသည့် ငွေဖလားကြီးတစ်လုံးကို တွေ့ရ၏။ ပြီးတော့ ယွန်းသေတ္တာကြီးတစ်လုံး။ သည်ယွန်းသေတ္တာကို ဖွင့်လိုက်တော့ ကတ်ပြားချပ်တွေ တော်တော်များများ ထွက်လာသည်။

"အဲသည်ကတ်ပြားချပ်တွေဟာ ရေးထားတဲ့ အင်းတွေဆိုတာ နုယ်နုယ်ရရ မဟုတ်ဘူး၊ လိုတရအင်းတွေပဲ၊ ဟောဒီဖလားက အလှူခံဖလား၊

သဒ္ဓါတတ်အားနည်းများမဆို ထည့်ဝင်လှူဒါန်းကြတဲ့နေရာမှာ နွားထီးငါးကျပ်၊ နွားမငါးကျပ်လုပ်နေလို့ မရဘူး၊ အလှူငွေ (၁၀၀၀ိ/–) ကျပ်နဲ့အထက် ထည့်တဲ့သူကိုမှ ဟောသည်အင်းချပ်ကို တုံ့ပြန်ပေးရမယ်၊ သူ့အောက်ကိုပေးလို့ မဖြစ်ဘူး၊ ကတ်ပြားအရေအတွက်က နည်းနေတယ်"

"ဒါထက် ဘိုးတော်တို့က ဒီမှာဘယ်လောက်နေမှာလဲ"

"မနက်ဖြန် မင်းကွန်းဘက်ကူးရမယ်၊ အဲသည်မှာလည်း ကိုယ်တော်လေးလိုပဲ ဂန္ဓာရီစခန်းလှည့်နေတဲ့ ပုဂ္ဂိုလ်တစ်ပါးဆီကိုသွားပြီး အထက်က ညွှန်ကြားချက်တွေကို တင်ပြပေးစရာရှိတယ်"

"ကျွန်တော့်အတွက်တော့ စိတ်ချပါ ဘိုးတော်"

"ခုလောက်ဆို စိတ်ချရပါပြီ၊ ဝီရိယကို မလျှော့ပါနဲ့၊





ပန်းတိုင်နီးလာပြီ၊ သဘောပေါက်ပါ"

ထိုစဉ်မှာပင် အိမ်အောက်ထပ်ဆီမှ သူဌေးကတော်က လင်တော်မောင်ကို လှမ်းခေါ်သံပြုလေ၏။ ထိုအခါတင်းတိမ်နောက်ကွယ်မှ သူဌေးဦးအံ့ပွားလည်း အောက်သို့ ဆင်းသွားလေ၏။ ခဏကြာသောအခါ ငယ်ရွယ်ပျိုမြစ်လှပ၍ ချစ်မက်စဖွယ်ကောင်းသော ဆံကေသာကြော့ကြော့နှင့် ချောချောမောမောအမျိုးသမီးငယ် တစ်ဦးသည် ယွန်းအစ်ကလေးတစ်ခုကို ကိုင်ဆောင်ကာ သူဌေးဦးအံ့ပွားနှင့်အတူ ရောက်ရှိလာလေ၏။

"ဩော် . . စောစောက ကိုယ်တော်လေးပြောတဲ့အတိုင်း ရောက်လာခဲ့ပြီကိုး"

"မှန်ပါတယ်ဘိုးတော်၊ တပည့်တော်မလည်း အထက်က ညွှန်ကြားတဲ့အတိုင်း ဟောဒီက ဂန္ဓာရီကိုယ်တော်လေးရှိရာကို သိရှိလာကျွန်းက ပင့်ဆောင်လာတဲ့ ဓာတ်တော်တွေ လာရောက်ပေးအပ်တာပါ၊ ဟောဒီမှာ"

ပြောပြောဆိုဆိုနှင့် သူမနှင့်အတူတကွ ပင့်ဆောင်လာခဲ့သော ဓာတ်တော်များဟုဆိုသည့် ယွန်းသေတ္တာဘူးငယ်ကလေးကို ဘိုးတော်နှင့်ဂန္ဓာရီဆရာလေးတို့၏ ရှေ့မှောက်တွင် ချလိုက်လေသည်။

သည်ခဏ ဘိုးတော်က ယွန်းသေတ္တာကလေးကို ခပ်ဟဟကလေးဖွင့်လိုက်လေသောအခါ မည်သည့်ရနံ့နှင့်မျှမတူသော မွှေးကြိုင်သင်းပျံ့သည့် အမွှေးရနံ့သည် အိမ်ဂေဟာအပေါ်ထပ် တစ်ထပ်လုံးသို့ လှိုင်ပျံ့သွားလေသည်။

"အင်း . . ဟောဒီနံ့သာပုလ္လာကတော့ တကယ့်ကို ထူးခြား



www.burmeseclassic.com

www.burmeseclassic.com



မယ့် ဇော်တိကရွာကလေးတစ်ရွာပါပဲ''

''သာသနာလည်း စည်ပင်ပွင့်လန်းမှာဖြစ်သလို တစ်ရွာလုံး လည်းနေလေ့အောင်း မြင်းဖောင်းမကျန် သုံးမကုန်ဖြန်းမကုန် အလုံးစုံကြွယ်ဝချမ်းသာတော့မှာပဲ''

ထိုအခိုက်မှာပင် ချောမောလှပသော လုံမပျိုသည် ဘုန်းတော်ကြီးအား ရှိခိုးဦးတင်လျက် ..

''အရှင်ဘုရား .. တပည့်တော်မဟာ တစ်ဖက်တစ်လမ်းကနေ သာသနာ့တာဝန်ကို ထမ်းဆောင်ခွင့်ရတာ အင်မတန်မှ ဝမ်းမြောက်ဝမ်းသာရှိလှပါတယ် ဘုရား။

တပည့်တော်မ တောင်းဆိုလိုတာက သာသနာတော်ကို စိတ်ရောကိုယ်ပါ ပြည့်ပြည့်ဝဝ ထမ်းဆောင်ချင်လို့ တပည့်တော်မကို ဘိက္ခုနီ သာသနာ့ဘောင်ကို သွတ်သွင်းပေးတော်မူပါဘုရား''

''သာဓုဗျာ၊ သာဓု၊ သာဓု .. ခုဘုန်းကြီး နေ့ဆွမ်းဘုဉ်းပေးဖို့ရာ အချိန်နီးကပ်လာပြီမို့ ကျောင်းကို ပြန်ကြွတော့မယ်၊ ဒကာမလေးမှာ သင်္ကန်းပရိက္ခရာတွေပါရဲ့ မဟုတ်လား''

''ပါ .. ပါတယ်ဘုရား။ အိမ်အောက်ထပ်က အထုပ်ထဲမှာ ရှိပါတယ်ဘုရား''

ထိုစဉ်မှာပင် အပါးတွင်ရှိနေသည့် သူဌေးကြီးဦးအံပွားအား သိဒ္ဓိရှင်ဆရာလေးသည် လှည့်ကြည့်လိုက်သည်။

''ကိုင်း .. သူဌေးကြီး ..

ကြုံတိုင်းကြုံခိုက်ဆိုသလို ကျုပ်အတွက် ရည်မှန်း





ချက်ပြုတ်ထားတာတွေ ဘုန်းတော်ကြီးကို လှူပါရစေ၊ ဆွမ်းဝတ် ပြုပါရစေ''

''ဟာ .. ပြုပါ .. ပြုပါ ဆရာလေး။ ဆရာလေးတို့အတွက် ဘာမှမပူပါနဲ့၊ အားလုံးကို ချက်ပြုတ်ဖို့ရာ စီစဉ်လိုက်မှာပါ''

''မလိုပါဘူး သူဌေး၊ ကျုပ်တို့ဟာ ကျုပ်တို့ရိက္ခာနဲ့ ကျုပ်တို့ လာခဲ့ကြတာပါ၊ မကြာခင် မျက်ဝါးထင်ထင် တွေ့မြင်ရမှာပါ၊ ကိုင်း .. ကိုယ်တော်လေး၊ ဘုန်းတော်ကြီးကို ဆွမ်းကပ်ဖို့ လုပ်တော့''

''ဟုတ်ကဲ့ .. ဘိုးတော်''

ဦးအံပွား၏ အစီအစဉ်ဖြင့်ပင် ဘုန်းတော်ကြီးမှာ ကျောင်းသို့ ဆွမ်းကိစ္စအတွက် ပြန်ကြွမသွားဖြစ်တော့ဘဲ သည်အိမ်ဂေဟာ၏ အပေါ်ထပ်မှာပင် ဆွမ်းကွမ်းကိစ္စကို လက်စသတ်လိုက်လေတော့သည်။

''ကိုင်း .. သူဌေးကြီး၊ ဆွမ်းအနုမောဒနာခေါ်ရအောင် တင်းတိမ်နောက်က ပုဂ္ဂိုလ်တွေအားလုံး ခေါ်လိုက်ပါ''

သူကြီး ဦးစိန်လင်းအပါအဝင် ရွာသူရွာသားအပေါင်းမှာ မြင်ကွင်းဆန်းများကို မျက်ဝါးထင်ထင် တွေ့မြင်ကြားသိရတော့မည်မို့ ဝမ်းသာအားရစွာဖြင့် တိမ်းတိမ်ကိုဖယ်ရှားလျက် အသီးသီး ကိုယ်စီကိုယ်ငှ ထွက်လာခဲ့ကြတော့သည်။

''တစ်ခါတည်း ကိစ္စပြတ်အောင် ဆွမ်းအနုမောဒနာ ခေါ်ပြီးတာနဲ့ ဒကာမလေးကို ဘိက္ခုနီအဖြစ် ပြောင်းလဲပစ်ရမယ်''

''တင်ပါ့ ဘုရား''

''သည်တော့ ဒကာမလေးလည်း ဆွမ်းအာဟာရအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဖြည့်စရာရှိတာဖြည့်ထား''

''တင်ပါ့''

သည့်နောက် မိန်းမပျိုလည်း အိမ်အောက်သို့ဆင်းကာ သူမ၏ အထုပ်ကိုဆွဲယူလာလေသည်။ ပြီးလေသော်အိတ်အတွင်းမှ ငှက်ပျောသီးလေးလုံးကို ထုတ်ယူကာ ရေစင်စင်ဆေးလိုက်သည်။ ထို့နောက် ဘိုးတော်တစ်လုံး၊ ကိုယ်တော်လေးတစ်လုံး၊ ဘိုးတော်၏တပည့် ဩဘာကတစ်လုံးနှင့် သူမအတွက်တစ်လုံး။

ဘုန်းတော်ကြီးအပ်ါအဝင် ပရိသတ်အပေါင်း၏ အာရုံသည် ငှင်းတို့လေးဦးထံသို့ စုပြုံကျရောက်နေလေသည်။ ထိုစဉ် ဘိုးတော်က ၄င်း၏ ရှုံ့ကြီးအိတ်အတွင်းမှ ပုလင်းငယ်တစ်လုံးကို ထုတ်ကာ ပုလင်းထဲမှ ပြာအချို့အား တစ်ယောက်စီ၏ လက်ဖဝါးအတွင်းသို့ အနည်းငယ်မျှ ထည့်ပေးလိုက်သည်။ ထိုအခါတွင် လေးယောက်သားလည်း ငှက်ပျောသီးအခွံနွာပြီးသားအား ပြာနှင့်တို့၍ တို့၍ မြိန်ရည်ယှက်ရည် စားသောက်ကြလေသည်။

''ဆရာလေး..ထမင်းဟင်းတွေ ချက်ပြုတ်ပြီးပါပြီ၊ ပွဲဆင်လိုက်ရတော့မလား''

''မလိုတော့ဘူး သူဌေး၊ ဟောဒီပြဒါးပြာအစွမ်းကြောင့် ဘာမှ မစားဘဲ နေလို့ရသွားပြီ''

အမှန်တကယ်လည်း သူတို့အားလုံး၏အသွင်က ဟင်းမျိုးသားမည်းစုံလင်စွာသော ထမင်းပွဲအား စိတ်ဝင်စားဟန်မရှိ။

သည့်နောက် ကျောင်းသို့ပြန်မကြွမီ မိန်းမပျိုအား ဆံချစေကာ ဘိက္ခုနီမအသွင်သို့ ပြောင်းပေးလိုက်လေသည်။ ပရိသတ်အားလုံးမှာမူ စိတ်ဝင်တစား။





''တို့ဟော့ တစ်သက်နဲ့တစ်ကိုယ် မမြင်ဘူး၊ မတွေ့ဘူး၊ မကြုံဘူးတဲ့ အရာတွေကို မြင်ဖူး၊ တွေ့ဖူး၊ ကြုံဖူးလိုက်ရပြီ၊ တော်တော်လည်း ထူးဆန်းပြီး အံ့ဩဖွယ်ကောင်းလိုက်တာ၊ တို့တတွေ ကံအလွန့်အလွန်ထူးပေလို့ ခုလိုမျိုးသူတော်ကောင်း သူတော်စင်တွေနဲ့ ဆုံစည်းရပေတာပဲ''

''ဟုတ်တာပလေ၊ သည်သာသနာမှာ ကြုံရခဲတဲ့ ကျုပ်တို့ နံ့သာပုရွာ ဘုရားဌာပနာအတွက် သံသရာပါသွားရလေအောင် အလှူဒါနလေးတွေ ထည့်ဝင်မှဖြစ်မယ်''

''ဒါပေါ့ကွာ၊ ဒါပေါ့၊ ငါလည်း မိန်းမနဲ့တိုင်ပင်ပြီး ထည့်မယ်၊ သူငါးရာ၊ ငါ ငါးရာ၊ ပေါင်း တစ်ထောင်ပေါ့ကွာ၊ ဒါဆိုရင် လိုတရအခင်းကာတ်ပြားလည်းရမယ်''

အားလုံးကိစ္စဝိစ္စတွေ ပြီးပြတ်စဲပြီမို့ ဘုန်းတော်ကြီးက ကျောင်းပြန်ကြွရန် သက်နိုးကို မြင်လိုက်သည်။ ပြီးနောက် ဘိုးတော်ဆီသို့ထံ တိမ်းငဲ့လိုက်ရင်း....

''ဒကာကြီးတို့ မဆာကြဘူးလား''

''လုံးဝဆာလောင်မှု မရှိပါဘူး ဘုရား''

''ဘယ်လို အစွမ်းသတ္တိများကြောင့်ပါလိမ့်''

''မှန်ရာကို ဝန်ခံရရင်တော့ဖြင့် ပြဒါးပြာရဲ့ စွမ်းအားကြောင့်ဆိုပါတော့ဘုရား..အဲသည်ပြဒါးပြာနဲ့ ငှက်ပျောသီးကို တို့စားရရင် ဆာလောင်မှုတွေ လုံးဝမရှိတော့ပါဘူး အရှင်ဘုရား''

''ဟန်ကျလိုက်လေကွယ် ..ဒကာတို့ ဘုန်းကြီးကို မလှူနိုင်ဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့ . . လျှူနိုင်ပါတယ်ဘုရား . . တပည့်တော် မနက်ကျ ရင်ဖြင့် သီးသန့် ပုလင်းငယ်တစ်လုံးနဲ့ ကိုယ်တော်လေးမှ တဆင့် ကပ်လှူခဲ့ပါ့မယ် ဘုရား"

"သာဓုဗျာ . . သာဓု . . သာဓု . . ဒကာတို့နဲ့ ခုလိုမျိုးဆုံ ရတွေ့ရတာ ကံထူးပေတာပဲ၊ ကျုပ်တင်မကပါဘူး၊ ကျုပ်တို့ နဲ့သာပုတစ်ရွာလုံး ကံထူးပေတာပေါ့၊ ကိုင်း . ဘုန်းကြီးလည်း ဒကာဒကာမတွေ လှူတန်းထားခဲ့တဲ့ ဝတ္ထုငွေကြေးကလေး ကနေ ဒကာတို့ အလှူခံကြမယ့် ဗောဓိစကြာရှေးဟောင်းဆု တောင်းပြည့်စေတီတော် ဌာပနာဖို့ရာအတွက် ငွေသား နှစ် ထောင် မွေ့ဆော်ဦး စတင်လှူပါရစေ"

"ဟဲ့ . ဒကာကြီး အံ့ပွား၊ ခဏစိုက်ထားလိုက်စမ်း၊ ငါ့ ကျောင်းလာတော့ ပြန်ယူ၊ ဟုတ်ပလား"

"တင်ပါ့ဘုရား၊ တပည့်တော်စိုက်ထားလိုက်ပါ့မယ်၊ အဲ ဆရာလေးရေ . ကျွန်တော်လည်း အလှူတော်ငွေ နှစ်ထောင် ထည့်ဝင်ပါရစေ"

"သာဓုဗျာ၊ သာဓု . သာဓု"

သူဌေးကြီးဦးအံ့ပွားမှ ဘုန်းတော်ကြီးအတွက်နှင့် ၎င်း အတွက်ပေါင်း ငွေသားလေးထောင်တိတိကို ငွေဖလားခွက်သစ် ကြီးထဲသို့ ထည့်ဝင်လှူဒါန်းလိုက်သည်။

ထိုအခါဝယ် သူကြီးဦးစိန်လင်းက တစ်ထောင့်ငါးရာ၊ ရာ အိမ်မှူးဦးဌေးအောင်က တစ်ထောင်၊ ဆယ်အိမ်မှူး ဦးသန်းမြတ် စိုးက တစ်ထောင်စသဖြင့် ထည့်ဝင်လှူဒါန်းကြသည်။ ဤတွင် အခြားသော ရွာသူရွာသားအပေါင်းလည်း အလှူတော်ငွေထည့်





ဝင်ရန် အလျှိုအလျှိုအိမ်ဂေဟာမှ ဆင်းသက်ကာ ၎င်းတို့နှင့် သက်ဆိုင်ရာအိမ်များဆီသို့ မပြေးရုံတစ်မည်။ ခြေလှမ်းကြဲကြီးများ ဖြင့် သုတ်ခြေတင်ကြလေတော့သည်။

"ကိုယ်တော်လေးရေ ငွေသားတစ်ထောင်ကနေ အထက် ကို ထည့်ဝင်ကြသူတွေအတွက် လိုတရအင်းချပ်ကလေးတွေ ဝေပေးပေတော့"

"ဟုတ်ကဲ့ . . . ဘိုးတော်"

ဆရာလေးလည်း ဘိုးတော်မှာကြားသည့်အတိုင်း လိုတရ အင်းချပ်ကလေးများကို ဝေပေးတော့သည်။

"ဒကာကြီး"

"ဘုရား"

"ငွေတစ်ထောင်လှူရင် လိုတရအင်းချပ်တစ်ချပ် ပေး တယ်နော်"

"တင်ပါ့ဘုရား"

"ကျုပ်က နှစ်ထောင်လှူတာပဲ၊ နှစ်ချပ်မရဘူးလား"

"အာ . . ရ . ရပါတယ်ဘုရား၊ ရပါတယ်ဘုရား"

ဆရာလေးလည်း ဘုန်းတော်ကြီးအား အင်းချပ်တစ်ချပ် ထပ်မံဆက်ကပ်လိုက်လေရာ ဘုန်းတော်ကြီးလည်း သဘောကျ သွားပြီး အိမ်ဂေဟာမှ ပြန်လည်ကြွမြန်းသွားလေသည်။

"ဆရာလေး"

"ပြောပါ သူဌေး"

"ကျွန်တော် အလှူထည့်တာလည်း နှစ်ထောင်ပဲ၊ ဒီည တော့ အင်းချပ်တစ်ချပ်များရမလားဟင်၊ ကျွန်တော့်ရဲ့ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်မအတွက်ပါ''

''ဩော် ‥ ဟုတ်ပေတာပေါ့၊ ရော့ ‥ ရော့''

ထိုအခါ သူကြီးဦးစိန်လင်းကလည်း တစ်စခန်းထလာသည်။ သူထည့်ထားသည်က တစ်ထောင့်ငါးရာဆိုတော့ ကိုးလို့ကန့်လန့်။ သည်တော့ အင်းတစ်ချပ်ထပ်၍တောင်းခံနိုင်ရန် ဦးအံပွားထံမှ ငါးရာထပ်ချေးပြီး နှစ်ထောင်ပြည့်အောင် ဖြည့်ကာ လိုတရအင်းချပ်နှစ်ချပ်ဖြစ်အောင် ဖန်တီးရယူလိုက်လေသည်။

သည်ခဏမှာပင် အလှူငွေလက်ခံရာ အိမ်ဂေဟာ အပေါ်ထပ်ဆီသို့ ရွာသူရွာသားများ ကိုယ်စီကိုယ်င အလှူငွေများ ကိုင်စွဲလျက်ရောက်ရှိလာကြလေရာ ဝင်းသာမစဲ တသဲသဲဆိုသကဲ့သို့။ ထို့ကြောင့်ပင် မကြာခင်ကာလအတွင်း ငွေဖလား၌ ငွေစက္ကူများပြည့်မောက်လာသည့်အတွက် အလှူငွေစာရင်းကို ဘိက္ခုနီမကလေး မသီလစာရီက ရေးမှတ်ပေးလေသည်။

သို့ဖြင့် ညနေခင်း ရောက်တော့မှပင် လှူဒါန်းသူ စဲတော့သည်။ ထိုအခါ သိဒ္ဓိရှင်ဆရာလေးက ဦးအံပွားကို လှမ်းခေါ်လိုက်သည်။

''သူဌေးကြီးရေ၊ ကျုပ်တို့ အားလုံးလည်း ပန်းနေကြပါပြီ၊ သည်တော့ အလှူငွေလက်ခံတာကို သည်ကနေ့အဖို့တော့ ရပ်ဆိုင်းလိုက်ပါဦးမယ်''

''အဲ ‥ ဆရာလေးရေ၊ နံ့သာပုရွာနဲ့ ရွာနီးချုပ်စပ်က ပျော်ဘွယ်လေးတို့၊ ပိတ်စွယ်တို့၊ လက်ပံကုန်းတို့၊ ထူးကြီးတို့၊ ရွှေလေ့ချောင်တို့ကလည်း သည်သတင်းကြားရလို့ လာပြီးလှူချင်နေကြသတဲ့''





''ဒါဆိုလည်း မနက်ဖြန်ကျမှ လက်ခံမယ်လို့ အကြောင်းပြန်ပေးပါဗျာ၊ ကျုပ်ရဲ့ဆရာ ဘိုးတော်ဓာတ်စီးဖို့ရာ ရှိနေတယ်၊ အနှောင့်အယှက်မဖြစ်စေချင်ဘူး။ သည်တော့ ညပိုင်းရောက်ရင် လူဝင်လူထွက်မရှိရလေအောင် ဘယ်ညွှသည်မှ လက်မခံစေချင်ဘူး''

''ကောင်းပါပြီ၊ ဆရာလေးရယ်''

ဂန္ဓာရီဆရာလေး၏ စေစားမှုကို အကောင်အထည်ဖော်ရန် ဦးအံပွားလည်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်လေတော့သတည်း။

❖



www.burmeseclassic.com

www.burmeseclassic.com

# မလွဲသာ၍ခွဲခွာသည်လား

www.burmeseclassic.com

www.burmeseclassic.com

တစ်မိုးသွောက်၍ နံနက်ခင်းသို့ ရောက်ခဲ့လေပြီ။

သူကြီးဦးစိန်လင်း၊ ရာအိမ်မှူး ဦးဌေးအောင်၊ ဆယ်အိမ်မှူး ဦးသန်းမြတ်စိုးတို့သည် သူဌေးဦးအံ့ပွားနှင့်အတူ အိမ်ဂေဟာအပေါ်ထပ်သို့ တက်လာခဲ့ကြသည်။

အပေါ်သို့ရောက်လေသော် ဂန္ဓာရီဆရာလေးတစ်ဦးတည်းသာ ရေနွေးကြမ်းသောက်နေသည်ကို တွေ့ရလေသည်။ ဆရာလေး၏ ရှေ့မှာတော့ ငွေဖလားတစ်လုံးနှင့် ဓာတ်တော်တွေ ထည့်ထားသည့် ယွန်းသေတ္တာတစ်လုံး။

"ဆရာလေးခင်ဗျား ..။ ဘိုးကော်နဲ့တကွ ပုဂ္ဂိုလ်တွေ မတွေ့ပါလား"

"မတွေ့ဆို သူတို့အားလုံး ပြန်ကြွသွားပြီလေ"

"ဘယ်အချိန်ကများ ပြန်ကြွသွားပါလိမ့်"

"အရုဏ်မတက်ခင်လောက်ပဲ ပြန်ကြွသွားကြတာ"

အားလုံးအံ့အားတသင့်ဖြစ်သွားကြသည်။ အထူးသဖြင့်





အံ့အားသင့်သွားရသူမှာ ဦးအံ့ပွားပဲဖြစ်သည်။

"အို့ .. ဟုတ်လား၊ ကျွန်တော်လည်း မနက်အစောကြီးကတည်းက နိုးနေတာပါ၊ ကိုယ်လက်သန့်စင်နေတုန်း ကြွသွားတာဖြစ်လိမ့်မယ်"

ထိုအခါဝယ် သူကြီးဦးစိန်လင်းက ..

"ခင်ဗျား တော်တော်ခေါက်ပါလား ကိုအံ့ပွားရယ်၊ အဲသည်ပုဂ္ဂိုလ်တွေဆိုတာ နှယ်နှယ်ရရလို့ ခင်ဗျားထင်နေသလား၊ ရုပ်သက်သက်မဟုတ်ဘဲ နာမ်လောကမှာပါ သွားလာကျင်လည်ကျက်စားနေတဲ့ ပုဂ္ဂိုလ်ထူးတွေဗျ၊ သူတို့မှာ အစွမ်းအာနိသင်တွေ၊ တန်ခိုးတွေရှိကြတယ်၊ စိတ်သွားတိုင်း ကိုယ်ပါနိုင်ကြတယ်၊ ဒါကို ကျုပ်တို့ လူသာမန်တွေအနေနဲ့ ဘယ်လိုလုပ်မြင်နိုင်ကျွေ့နိုင်စွမ်းရှိမှာတဲ့တုံး။ ဟုတ်ဘူးလား ဆရာလေးရယ်"

"ဒါကတော့ သူကြီးမင်းက ရှေ့နောက်တွေးခေါ်တတ်ပြီး ဉာဏ်ပညာဗဟုသုတပြည့်စုံကြွယ်ဝတဲ့ ပညာရှင်ပေပဲဟာ၊ ခန့်မှန်းပြီး အမှန်ကိုယူဆနိုင်တာပေါ့"

သည်လိုမျိုးပြောဆိုလိုက်သောစကားက ဂုဏ်တင်ရာရောက်သွားလေသည့်အတွက် သူကြီးဦးစိန်လင်းအဖို့ အင်မတိအင်မတန် သဘောကျသွားလေတော့သည်။

"အင်း .. သည်ကနေ့ဟာ အလှူခံရမယ့်ရက်ပဲ၊ နောက်ရက်ရောက်ရင်ဖြင့် ကျေးရွာလူကြီးတွေ၊ ရပ်မိရပ်ဖတွေ ရှေ့မှောက်မှာ ဘုရင်အသောကမင်းကြီးရထားတဲ့ ဗုဒ္ဓရဲ့ဓာတ်တော်တွေကို စကြာဗောဓိရွှေးဟောင်းဆုတောင်းပြည့်ဗေတီ



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဌာပနာတဲ့အခါ ထည့်သွင်းပူဇော်ဖို့ ဆရာတော်ဘုရားထံ အပ်နှံပါ့မယ်''

''အဲသည်ဓာတ်တော်သေတ္တာကို ဂေါပကတွေမှတစ်ဆင့် စေတီတော်ကြီးကို လှူဒါန်းပါ၊ လှူဒါန်းပြီး တစ်မိုးသောက်တာနဲ့ မကြုံစဖူးထူးကဲလှစွာ စကြာဗောဓိစေတီတော်ကနေ ရောင်ခြည်တော်တွေ လွှတ်ပါလိမ့်မယ်၊ အဲသည်အချိန်မှာပဲ စေတီတော်ရဲ့ ပရဝုဏ်အတွင်းကို ပဲမိုးတွေရွာပါလိမ့်မယ်၊ ပဲတွေနဲ့အတူ ရတနာ့ပစ္စည်းငွေလည်း ပါပါလိမ့်မယ်၊ သည်တော့ကာ သူဌေးနဲ့တကွ ရပ်ရွာကို အုပ်ချုပ်နေတဲ့ သူကြီးအပါအဝင် ရပ်မိရပ်ဖအပေါင်းက တစ်ရက်တည်းသာရှိတော့တဲ့ အလှူခံကိစ္စကို ပြည့်စုံအောင်၊ မလှူတန်းရ မရှိလေရအောင် ဝိုင်းဝန်းပေးစေချင်ပါတယ်''

''ဟာ ‥ သည့်အတွက်တော့ ဘာမှမပူနဲ့ဆရာလေး၊ စိတ်သာချ၊ ကိုယ့်ရပ်ကိုယ့်ရွာအရေးပဲဟာ၊ ကျွန်တော်တို့ အားလုံး တက်တက်ကြွကြွနဲ့ ဝိုင်းဝန်းကူညီပေးကြမှာပါ ဆရာလေးရယ်''

''ကောင်းတယ်ဗျာ၊ ကောင်းတယ်၊ ဒါကြောင့်လည်း အထက်ပုဂ္ဂိုလ်တွေက 'နံ့သာပုရွာကလေးကို အစွမ်းကုန်မ,ဖို့ရာ ကျုပ်တို့ကို တာဝန်ပေးပေတာပဲ၊ စိတ်သာချ အတည်ဝိဇ္ဇာမ,မည်ဆိုတဲ့ကိန်း မကြာခင်ဆိုက်ပေတော့မယ်၊ အထူးသဖြင့်သူဌေးအပါအဝင် သူကြီးတို့လို ငွေအားနဲ့သာမက လူအားပါ ကူညီပေးကြသူတွေကို ပို့ပြီးမ,ခဲ့မယ်ဆိုတာ မှတ်ပေရော့''





''ဝမ်းသာလိုက်တာ၊ ဆရာလေးရယ်''

သို့ဖြင့် အလှူခံနောက်ဆုံးရက်ဖြစ်သည့် သတ်မှတ်ထားသောငှင်းရက်၌ နံ့သာပုကျေးရွာတစ်ရွာလုံးသာမက ရွာနီးချုပ်စပ်ရှိရွာတွေကပါ လှည်းတွေကိုယ်စီ မောင်းနှင်လျက် ရောက်ရှိလာကြကာ ထည့်ဝင်လှူဒါန်းကြလေသည်။

ထိုညနေမှာပင် ဂန္ဓာရီဆရာလေးသည် ဦးအံ့ပွားအပါအဝင် သူကြီးအဖွဲ့ကိုခေါ်ကာ ရွာဦးဘုန်းတော်ကြီးထံ သွားရောက်ခဲ့လေသည်။

''အရှင်ဘုရား‥

ဟောဒါ စကြာဗောဓိဆုတောင်းပြည့် ရှေးဟောင်း စေတီတော်ကြီးအတွက် ဌာပနာဖို့ရာဓာတ်တော်တွေပါဘုရား၊ ဂေါပကအဖွဲ့နဲ့တိုင်ပင်ပြီး စေတီတော်ကြီးထံ ကပ်လှူမယ်ဆိုရင် နောက်တစ်နေ့အရုဏ်တက်မှာ စေတီတော်ကြီးကနေ အံ့မခန်းထူးကဲလှတဲ့ ရောင်ခြည်တော်တွေ လွှတ်ပါလိမ့်မယ်ဘုရား''

''ဟေ‥ ဟုတ်လား''

''မှန်ပါတယ်ဘုရား‥ ရောင်ခြည်တော် လွှတ်ပြီးသကာလ စေတီတော်ရဲ့ ပရဝုဏ်အတွင်းကို ပဲမိုးတွေနဲ့အတူ ရတနာမိုးတွေ သွန်းဖြိုးပါလိမ့်မယ်ဘုရား''

''ဟယ်‥‥ ပွတာပဲ''

''တင်ပါ့‥ ဘုရား၊ ဟောဒီမှာ အရှင်ဘုရားအတွက် နဝကမ္မအလှူတော်ငွေ သုံးထောင်ကျပ်၊ ဆက်ကပ်လှူဒါန်းပါရစေဘုရား''



www.burmeseclassic.com

www.burmeseclassic.com



"သာဓုဗျာ ‥ သာဓု ‥ သာဓု ‥ ဒါထက် ‥ ဒကာရေ႕ ဟိုဘိုးတော်က ဘုန်းကြီးအတွက် ပြဒါးပြာပေးမယ်ဆို"

"မမေ့ပါဘူး ‥ ဘုရား။ တပည့်တော် တစ်ခါတည်း ယူလာခဲ့ပါတယ် ‥ ဆက်ကပ်ပါရစေ ဘုရား"

"သာဓု ‥ သာဓု ‥ သာဓု ‥ ဒကာတော် လျှောက်လှမ်းနေတဲ့ခရီးလမ်းတစ်ခုလုံးချောမွေ့ပြီး လိုရာပန်းတိုင်ရှိရာကို အံရောက်လှမ်းနိုင်ပါစေဗျာ"

'ဒ်ပေးတဲ့ဆုနဲ့ ပြည့်ပါစေ အရှင်ဘုရား ‥ တပည့်တော် အနားယူဖို့ရာ ပြန်ခွင့်ပြုတော်မူပါဘုရား ‥ သည်ည ဂေါပက အဖွဲ့နဲ့အတူ ဓာတ်တော် သေတ္တာကို ကပ်လှူမှာလားဘုရား"

"ဟ ‥ လှူရမှာပေ့ါ ဒကာရဲ့၊ ဒါဆိုငါလည်းပဲ ကြို တောင့်ကြိုခဲ့ဆိုသလို ရောင်ခြည်တော်ႀတွကို ဖူးရမယ်၊ ပဲမိုး ရတနာမိုးနဲ့လည်း ကြုံရမယ်၊ မှတ်ဖူးလား"

"မှန်ပါတယ် ‥ ဘုရား"

"ပြီးတော့ ဘာမှဆာလောင်မှုမရှိရလေအောင် သိဒ္ဓိဝင် ပြဒါးပြာကို လျက်ထားမယ်လေ"

"လျော်ကန်သင့်မြတ်လှပါတယ်ဘုရား ‥ သိဒ္ဓိဝင်ပြဒါးပြာ ဟာ တစ်ခါလျက်တာနဲ့ တစ်နေ့လုံး ဘာမျှဆာလောင်မှု မရှိဘဲ အာဟာရသိဒ္ဓိ ပြည့်မြောက်ပါတယ်ဘုရား၊ ကဲ‥ တပည့် တော်ကို ခွင့်ပြုပါဘုရား"

"ကောင်းပြီ ‥ ဒကာ၊ ကောင်းပြီ၊ ဒကာလည်း ပင်ပန်း ရှာပါတယ်၊ သွားတော့ ‥ သွားပေတော့"

ဂန္ဓာရီဆရာလေး ကျောင်းပေါ်မှ ဆင်းသွားသောအခါ





ုန်းတော်ကြီးလည်း ဂေါပကအဖွဲ့နှင့်တကွ ဦးအံပွား၊ ဦးစိန်လင်း တို့အပါအဝင် ရပ်မိရပ်ဖများကို ဆင့်ခေါ်၍ စေတီတော်ကြီး ား ဓာတ်တော်များ လှူဒါန်းရေးကို စီစဉ်ရလေသည်။

သည်အစီအစဉ်၏နောက်ဆက်တွဲ၌ အရဏ်တက်ချိန်ဝယ် ရောင်ခြည်တော်များလွှတ်မည်ဆိုသည့်သတင်း၊ ပဲမိုးများ၊ ရတနာ ိုးများ ရွာသွန်းလိမ့်မည်ဆိုသောသတင်းကြောင့် နံ့သာပုရွာသူ ရွာသားများသာမက ရွာနီးချုပ်စပ်မှ လူအပေါင်းတို့သည် လှည်း ာပ်ကြီးချီလျက် ရွာဦးကျောင်း ပတ်ဝန်းကျင်ကို ဝိုင်းပတ်ကာ ခန်းချကြလေတော့၏။

"ကြည့်စမ်းပါဦး၊ သူကြီးရယ်၊ ကျုပ်တို့ရွာစည်ကားပုံ များ ဘယ်ရပ်ဘယ်ရွာက မီနိုင်ပါ့မလဲ"

"ဒါပေ့ါ ‥ ဦးအံပွားရဲ့၊ မီနိုင်မယ်မထင်ကြနဲ့၊ ကိုးဆယ်ဆ ကွာလိမ့်မယ်ဆိုတာလေ"

"ကျုပ်တော့ ဒီလိုလုပ်ချင်တယ်ဗျာ၊ ပိုပြီးတော့ စည်စည် ကားကားလေး မြိုင်မြိုင်ဆိုင်ဆိုင်လေးဖြစ်သွားရလေအောင် သာစည်နယ်ကပြောင်းလာပြီး ကျုပ်တို့ရွာက မှဆိုးမ နှစ်လင် ကွာတင်တင်ကွေးကြီးနဲ့ အိမ်ထောင်ကျနေတဲ့ သာစည် မောင်ကြည်သိန်းရဲ့ ခြမ်းပဲ့တီးဝိုင်းကလေး ထည့်ပေးရင် ကောင်းမလားလို့၊ ကျုပ်ပဲ ကမကထလုပ် အကုန်အကျ ခံမှာပါ"

"ကောင်းတယ်ဗျာ၊ ကောင်းတယ်၊ ကျုပ်တို့အုပ်ချုပ်ရေး အဖွဲ့အပိုင်းကလည်း ပွဲခင်းလုံခြုံရေးအတွက် ထိန်းသိမ်းစောင့် ရှောက်ရေးကို အပြည့်အဝ တာဝန်ယူပေးရတာပေ့ါဗျာ"

www.burmeseclassic.com



သို့ဖြင့် ထိုညအဖို့ ရွာဦးဘုန်းတော်ကြီးကျောင်းသည် လွန်စွာမှ စည်ကားမြိုင်ဆိုင်သွားလေ၏။ သာစည်မောင်ကြည်သိန်းကလည်း အဆိုကောင်းအဟဲကောင်း၊ ခြိမ်းပုံဇကြးနောင်ဆရာစိန်ခေတ်ထွန်း၏လက်သံနှင့်လိုက်ဖက်ပန်ရလိုက်ပါဘိတော့ ..။

"ချစ်ခြင်းအစဆိုတာ ..မျက်စိ ..ပသာဒပါပဲ ခင်ဗျား.. မလွှဲသာ ..ခွဲ ..ဟဲ ..ဟဲ ..ခွာ .."

သည်ပွဲသို့ ရောက်လာကြသူတိုင်း မလှူရမရှိလေအောင် ပွဲခင်းအတွင်း အလှူခံပေး၍သည်း ငွေတစ်သောင်းနီးပါး ရရှိလိုက်ပြန်၏။ ထိုငွေကို ကာလသားခေါင်းက ဂန္ဓာရီဆရာလေးထံ ည (၁၀း၀၀) နာရီမထိုးမီသွားအပ်ရ၏။ သည့်နောက်ပိုင်းအခ်ဌာန်ဝင်စရာရှိ၍ မည့်သူမျှ အလာမခံဟုဆိုထားသည်မဟုတ်လား။

❖



# နာလည်း . . . နာသည်
# နံလည်း . . . နံသည်

www.burmeseclassic.com

ခြမ်းပုံတီးဝိုင်းကလေးထည့်ထားသည့်အတွက် ကျောင်းပရိဝုဏ်အတွင်းမှာတော့ ဘုစုခရုကလေးငယ်များမှအပ အားလုံးသည် အိပ်ချင်စိတ်အလျဉ်းမရှိကြ။

သူတို့၏ စိတ်အာရုံသည် မိုးသောက်အရုဏ်တက်ချိန်နီးလေ စိတ်လှုပ်ရှားလေပင်ဖြစ်သည်။

သူဌေးဦးအံပွားဆိုလျှင် သူတစ်ဦးတည်းသာမဟုတ်။

သူ၏အသက်ဘူး ဇနီးသည်ကိုပါ ခေါ်ထား၏။

သူကြီးဦးစိန်လင်းတို့ ရာအိမ်မှူး ဦးဌေးအောင်တို့သည်ကော ဘာထူးမှာတဲ့တုံး။ ကြင်ဖော်မှာ ကြင်ဖော်ဘက်ကယ်နှင့်လည်ယှက်ကာ တူစုံနှဲ၍ ပွဲလည်းကြည့်ကြမည်။ ရောင်ခြည်တော်လည်း ဖူးကြမည်။ ပြီးတော့ ကံပေး၍ရလာမည့် ရတနာပဲမိုးကိုလည်း စောင့်စားကြမည်သာ။

ထို့အတူ ဘုန်းတော်ကြီးမှာလည်း ရောင်ခြည်ဘော်ကိုဖူးရုံသာမက ရတနာမိုး၏ ပက်အဖျန်းပါ ခံယူလိုလှသည်မို့





အရုဏ်ဆွမ်းကို မဘုဉ်းတော့ဘဲ သိဒ္ဓိဝင် ပြဒါးပြာကိုသာ လျက်ခဲ့လေသည်။

တစ်စ, တစ်စနှင့် ‥ မိုးသောက်အရုဏ်သို့ ချဉ်းခဲ့ပေပြီ။

ခြမ်းပုံပြဇာတ်ကလည်း ငိုချင်းကို လက်စသတ်လျက် ဆုံးခန်းတိုင်ခဲ့ပေပြီ။ သည်ည တင်ဆက်ကပြသော ဇာတ်ထုပ်မှာ၊ ပုဗ္ဗနိမိတ်ဟု ဆိုရမည်လားမသိ။ ဇာတ်ဆရာ သာစည်မောင်ကြည်သိန်း အထူးမွမ်းမံရေးသားကာ တေးပြုစာဆို ချစ်နှင်းဆွေ၏ ဂီတသံနှင့်ပေါင်းစပ်ထားသည့် ထိုဇာတ်တစ်ပုဒ်ဖြစ်ချေသည်။

ဇာတ်ထုပ်အမည်ကား 'မြေပါလည်းဆုံး၊ သားလည်းဆုံး' တဲ့။

"ဟော့ ‥ မိုးတောင် စင်စင်လင်းတော့မယ်၊ စကြာဗောမိစေတီတော်ကြီးက ရောင်ခြည်တော် မလွှတ်သေးပါလားဟ"

"ဟုတ်ပါရဲ့ ‥ နေလုံးတောင် ပြူနေပြီ၊ ရောင်ခြည်တော်မှ မလွှတ်ဘူးဆိုရင် ဘယ်ရတနာပဲမိုးက ရွာမလဲ"

"တစ်ခုခုတော့ လွဲချော်မှု တိမ်းစောင်းမှုတွေ ရှိနေပြီထင်တယ်"

"ဟော့ ‥ သိဒ္ဓိရှင်ဆရာလေး၊ ကြွမလာဘူးလား"

"မတွေ့မိဘူး"

"ဗျို့ ‥ သူဌေးဦးအံပွား၊ ခင်ဗျားရဲ့ဆရာလေး အခြေအနေကြည့်ပါဦးဗျာ၊ ဘာတွေများ ဖြစ်နေပြီလဲ ‥ လို့"

"ဟုတ်တယ်၊ လာဗျာ၊ သွားကြည့်ကြရအောင်၊ ဒါတွေဘယ်လိုဖြစ်တယ်ဆိုတာ ဆရာလေးမှ ရှင်းပြနိုင်မှာ"

www.burmeseclassic.com



သူရွှေဦးအံပွားလည်း သူကြီး ဦးစိန်လင်းတို့နှင့်အတူ ဆရာလေးစံမြန်းနေမည့် အိမ်ဂေဟာဆီသို့ ဦးတည်သွားနေကြပါပြီ။

သို့သော်. . သို့ပါသော်ငြား။

နေရာများ၌ ကြားမစေ့ဆိုသကဲ့သို့။

ရေသာများ၌ ငါးမတွေ့ဆိုသော အဖြစ်မျိုး။

သူရွှေကြီးဦးအံပွားတို့ ဖနီးမောင်နှံခမျာ မိုးသာစင်စင် လင်းသွားခဲ့သည်။ တစ်မေးမျှမအိပ်ရသလို ရောင်ခြည်တော်ကိုလည်းဖူးမတွေ့ခဲ့ရ။ ရတနာမိုးကိုလည်း မချိုးခဲ့ရ။

ဘုန်းတော်ကြီးသည်ကော။

ဘုန်းတော်ကြီးမှာလည်း သိဒ္ဓိဝင်ပြဒါးပြာအားကိုးဖြင့် အရဏ်ဆွမ်းကို မဘုဉ်းမိသဖြင့် ဝမ်းတစ်လုံးဟာရုံမက ဗိုက်အတွင်းသို့ အမွှေခံရ၍ ဝမ်းတွေတဖျောဖျောသွားလျက် တစ်ကိုယ်လုံးဟိုက်ကာ နုံးချိသွားခဲ့ရရှာသည်။

"သွားပြီ . . ကိုအံပွားရေ၊ ရှင်တို့ အထွတ်အမြတ်ထားနေကြတဲ့ ဆရာလေးဆိုတာ မရှိတော့ဘူး။ အလှူခံပစ္စည်းတွေလည်းတစ်ခုမှ မရှိတဲ့အပြင် ကျွန်မတို့ဘီရိုကြီးတစ်ခုလုံးလည်းပွင့်လို့ . . အီး . . ဟီး . . ဟီး . . ကျွန်မတို့အဖြစ်ကနာလည်းနာသေး၊ နံလည်း နံသေး"

"တောက်၊ လုပ်ရက်လိုက်တဲ့ လူလိမ်တွေကွာ၊ သူပြောတာလည်း အမှန်သာ၊ နံ့သာပုရွာကလေးကို အစွမ်းကုန်မတဲ့၊ အထူးသဖြင့် သူရွှေဆိုတဲ့ ငါအပါအဝင် သူကြီးတို့လိုငွေအားနဲ့သာမက လူအားပါ အကူအညီပေးကြသူတွေကို





ပို့ပြီး 'မ' ခဲ့မယ်ဆိုတာလေ၊ အောင်မယ်လေး ရက်စက်လိုက်ကြတာဗျာ၊ ရက်စက်လိုက်ကြတာ"

နံ့သာပုတစ်ရွာလုံး အသားနီလန်အောင် ခံစားနေကြရချိန်ဝယ် . . ငတေတို့အုပ်စုမှာမူ မြို့ပြပေါ်ဝယ် ဟန်ဆောင်မျက်နှာဖုံးများကို ခွာချလျက် တဟီးဟီးတဟားဟား။

"ဟေ့ . . ကတုံးမ၊ ဦးထုပ်ချွတ်လေဟာ"

"နေစမ်းပါ ကိုကျောက်လုံးရယ်၊ သည်ပွဲမှာ ပီပြင်အောင်သရုပ်ဆောင်နိုင်မယ့် အဖေရး ခေါင်းတစ်လုံးတော့ပြောင်သွားပြီ"

"ပြောင်လည်း ဘာအရေးလဲဟာ၊ နောက် ဆံပင်ပြန်ပေါက်မယ့် ဥစ္စာပဲ၊ တို့များရဲ့ခေါင်းဆောင်ကြီး ခွဲပေးတဲ့ ဝေစုနဲ့ဆိုရင် ဆယ်ခါပြန်တန်ပါတယ်ဟာ"

"ဟုတ်တော့လည်း ဟုတ်ပါတယ်လေ"

"ကိုင်း . . ကိုယ်စားချင်သောက်ချင်တာကို ဆန္ဒရှိသလောက် မှာစားကြ၊ ပြီးရင် ဘယ်သူဘယ်ဝါမှ မရိပ်မိရလေအောင် လူစုခွဲကြမယ်၊ အလုပ်ရှိရင် ငါတိတ်တခိုးဆက်သွယ်မယ်"

ခေါင်းဆောင်ငတေ၏စကားကို အားလုံးက မြေဝယ်မကျနားထောင်ကြသည်။ ငတေခေါင်းဆောင်ပြီး လုပ်ရှားလျှင် မပီပြင်တာ ဘာမှမရှိခဲ့။

ငတေက လူတစ်မျိုး။

သူသည် လောကကြီးကို ကလိမ်ကကျစ်ကျဖို့ရာအတွက် မွေးဖွားလာသော လူတစ်ယောက်ဟု သူ့ကိုယ်သူ ခံယူထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တစ်ခုလုပ်မည်ဆိုလျှင် အဝင်,အထွက်ကို လေ့လာသည်။ သမိုင်းကြောင်းကို လေ့လာသည်။ ပတ်ဝန်းကျင်အနေအထားကို လေ့လာသည်။ ကလိမ်ကကျစ်ကျရမည့် အဓိကပုဂ္ဂိုလ်နှင့်အသိုင်းအဝိုင်းကို ကျေညက်နေအောင်လေ့လာပြီးမှ အလေ့အကျင့် အထပ်ထပ်လုပ်၍ အလုပ်ကိုအကောင်အထည်ဖော်တတ်သည်။

သည့်အတွက်ကြောင့်ပင် သူ့အလုပ်လုပ်ရာ၌ ဟာကွက်ဟူ၍ လုံးဝမရှိ။

ယခု နံ့သာပုတစ်ရွာလုံးကို 'မ' ခဲ့သည့်ကိစ္စ၌လည်း အဓိကစွမ်းဆောင်၍ အားလုံးကို သပ်သပ်ရပ်ရပ်၊ ပိပိရိရိရှိအောင် ကြိုးကိုင်ခဲ့သူမှာ သူပဲဖြစ်သည်။

သည့်ဇာတ်လမ်းကို ဇာတ်ပေါင်းခန်းဖွင့်လေသော် သီလရှင် သီလစာရီသည် ပျံလွှားမ၊ ဘိုးတော်သည် ကျောက်လုံး၊ ဩဘာသည် သာလောင်ဖြစ်လျက် ဂန္ဓာရီပုဂ္ဂိုလ်ထူးဆရာလေး (ဝါ) ကိုယ်တော်လေးဆိုသူမှာ ငတေဖြစ်လေသတည်း။

သည့်ပွဲမှာလည်း သူတို့အဖွဲ့သည် တကယ့်ကို မြိုးမြိုးမြက်မြက်ကလေးရခဲ့သည်။ သူက ငါဦးဆောင်တာပဲဆိုပြီး တနင့်တပိုး ခေါင်းပုံမဖြတ်။ လေးယောက်အတွက်ဝေစုကို ငါးပုံခွဲသည်။ သည့်အထဲမှာမှ သူက နှစ်ပုံယူသည်။ သည့်အတွက်အားလုံးသည် ကျေကျေနပ်နပ်။

"ခု ..ရလာတာနဲ့ လိမ်လိမ်မာမာ လုပ်ငန်းတစ်ခုခု လုပ်ကိုင်စားသောက်မယ်ဆိုရင် ပူပင်စရာမလိုတော့ပါဘူးကွာ၊ ကျောက်လုံးနဲ့သာလောင်တို့ သောက်သောက်စားစား လူမင်းသားတွေ မလုပ်ကြနဲ့၊ သိုသိုသိပ်သိပ်နေကြ၊ ဟုတ်ပလား"





"စိတ်ချ ..အာစရိ"

"အေးကွာ ..ငါလည်း စုမိဆောင်းမိတာလေးတွေနဲ့ အေးအေးချမ်းချမ်းနေချင်ပါပြီကွာ"

"အဟား ..မဟုတ်မှလွဲရော၊ တို့အာစရိကို အကဲခတ်ရတာ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်တော့မယ်နဲ့ တူရဲ့"

"ဟုတ်တယ် ..ဟုတ်တယ်၊ ပျံလွှားမ အကဲခတ်ကြည့်တာလည်း သည့်အဖြေပဲရတယ်၊ ကဲ ..ပြော၊ အစ်ကို ငတေ ဘယ်သူ့ကို သဘောကျနေသလဲ"

"အေးဟာ ..မင်းတို့နဲ့ငါဟာ တကယ့်သွေးသောက် ရောင်းရင်းဖြစ်နေပြီမို့ လိမ်ညာကွေ့ကောက်နေစရာလည်း အကြောင်းမရှိပါဘူးကွာ၊ ငါ 'ရွှေရည်'ဆိုတဲ့ မိန်းကလေးတစ်ယောက်နဲ့ သမီးရည်းစားဖြစ်နေတယ်"

"အာစရိတို့ မန်ကျည်းကန်ကလား"

"မဟုတ်ဘူးကွ၊ မြို့ပေါ်ကပဲ။ ငါကလည်း ရွှေရည့်ကို နှစ်နှစ်ကာကာ မေတ္တာရှိသလို ရွှေရည်ကလည်း ငါ့အပေါ် နှစ်နှစ်ကာကာ မေတ္တာရှိပါတယ်"

"ဒါဆိုလည်း ယူလိုက်ကြရုံပေါ့ အာစရိရယ်၊ အာစရိမှာ ရှာထားဖွေထားတာက ပြည့်ပြည့်စုံစုံရှိနေပြီပဲဥစ္စာ"

"မဟုတ်သေးဘူးကွ၊ သူ့အဖေက ငါ့လိုလူမျိုးကို ဘယ်လိုနည်းနဲ့မှ သဘောတူမှာ မဟုတ်ဘူး"

"ဘာကြောင့်.."

"ဘာကြောင့်ဆို ရွှေရည့်အဖေက သူတို့မြို့ဂါတ်မှာ တာဝန်ထမ်းဆောင်နေတဲ့ ရာဇဝတ်အုပ်ဖြစ်နေလို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ‥ အာစရိတို့ ဖူးစာကလည်း ထူးပါပေ့၊ ဆန်းပါပေ့ဗျာ"

"ဟုတ်တယ်၊ ငါနဲ့ရွှေရည်တို့ မေတ္တာမျှနေတာကို သူ့အဖေရာဇဝတ်အုပ်သိရင် ငါတို့ချစ်ခြင်းကို ခွဲမယ့်အပြင် ငါ့ကိုလည်း တရားခံအဖြစ် ဖမ်းချုပ်လိမ့်မယ်၊ ပြီးတော့ မင်းတို့သိအောင်ပြောရရင် အဲသည်ရာဇဝတ်အုပ်နဲ့ ငါနဲ့က ဇာတ်လမ်းတိုလေးတစ်ပုဒ် ရှိခဲ့ဖူးတယ်"

"ပြောပါဦး ‥ အာစရိရယ်"

"သည်လိုကွ"

ဟူ၍ အစချီကာ ငဖေလည်း ၄င်းအား မန်ကျည်းကန်ရွာသူကြီးအိမ်သို့ ဆင့်ခေါ်လျက် လိမ်ပြခိုင်းသည့် ရာဇဝတ်အုပ်မင်းအကြောင်းကို ပြောပြလိုက်ရာ (ဤဝတ္ထု၏ရှေ့ပိုင်းတွင် ဖော်ပြခဲ့ပြီးဖြစ်၏) ကြားချင်၍ နားဆင်နေကြကုန်သော ကျောက်လုံးသာလေသင်နှင့် ပျံလွှားမတို့မှာ တဟီးဟီး တဟားဟားနှင့် ရယ်မွဲဖွဲ့မိကြလေတော့သတည်း။

❖



# ချစ်တဲ့သူနှင့်မောင်တိုင်ပင်

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူရွှေရည်ထံသို့ ငတေ ရောက်ရှိခဲ့ပြန်ပါပြီ။

ယောကျ်ားကြိုက်တော့ စိုက်စိုက်လာစမြဲ။ ထို့ကြောင့်လည်း ချစ်ရသူရွှေရည်ထံသို့ ငတေ စိုက်စိုက်လာခဲ့သည်။

ထိုအတူ မိန်းမကြိုက်တော့ မျှော်လိုက်တာတဲ့။ မှန်ပါသော့ မှန်လေစွ။ ရှေးပရံပရ ဘဝရေစက်ကြောင့်ထင်သည်။ ရွှေရည့်မှာလည်း ချစ်ရသူငတေလာမည့်လမ်းကို လည်ပင်းညောင်ရေအိုးမဖြစ်ရုံတမည် မျှော်နေခဲ့ရပြန်သည်။

ယခု ရွှေရည့်အစီအစဉ်ဖြင့် ရွှေရည့်သူငယ်ချင်းမတစ်ဦး၏ ခြံထဲဝယ် တွေ့ဆုံဖြစ်ခဲ့ကြသည်။

"ကိုယ်တော့ ရွှေရည့်ကို မခွဲချင်ဘူးကွယ်"

"ရွှေရည်လည်း ကိုယ့်ကို မခွဲချင်ပါဘူး။ ကိုယ်နဲ့အတူနေချင်တာပေါ့"

"ဒါဆိုရင်လည်း ကိုယ်နဲ့လိုက်ခဲ့ပါလား ရွှေရည်ရယ်၊ ကိုယ့်မှာ ရွှေရည့်ကို တင့်တောင်းတင့်တယ် ထားနိုင်မယ့်အနေ





အထားရှိပါတယ် ရွှေရည်ရယ်"

"အဲသည်လိုတော့ မဖြစ်ဘူးထင်တယ်၊ ရွှေရည်လေ ကိုယ့်ကို မခွဲနိုင်လောက်အောင် ချစ်ပေမယ့် ဖေဖေ့မျက်နှာကို အိုးမည်းသုတ်တဲ့သမီးမိုက်အဖြစ်တော့ မခံယူရဲဘူးကိုရယ်"

"ဒါဆို ကိုယ်တို့အဖြစ်က သည်လိုချည်း ဇာတ်မျောနေရဦးမှာပေါ့၊ ဟုတ်လားရွှေရည်"

"အဲသည်လိုမျိုး မဖြစ်ရအောင် ရွှေရည်အကြံရထားတာတစ်ခုရှိတယ် ကို။ အဲသည်အလုပ်ကလေးတစ်ခုကို ကို့ရဲ့ ထက်မြက်တဲ့ဉာဏ်နဲ့ စွမ်းဆောင်နိုင်မယ်ဆိုရင် ရွှေရည်တို့ ပေါင်းဆုံကြရလိမ့်မယ်လို့ ရွှေရည်ပြောရဲတယ်"

"ဘယ်လိုမျိုး ကိုယ်က စွမ်းဆောင်ရမှာလဲ ရွှေရည် ရယ်"

"သည်လိုကိုရဲ့ သည်လို . ."

ဟူ၍ ကြောင်းခြင်းစုံလင်စွာနှင့် ချစ်ရသူရွှေရည်က ဖွဖွညင်သာ တင်ပြလာလေသတည်း။

❖



www.burmeseclassic.com

www.burmeseclassic.com

ကာဖဝတ်အုပ် ဦးလူကလေးအဖို့ အပွဲပွဲနွဲလာသမျှ ဓားပြခေါင်းဆောင် တင်သိုက်ထွန်း၏အဖွဲ့နှင့်ကျမှ ခေါင်းတုံးပေါ်ထိပ်ကွက်ခံရသည်မှာ အကြိမ်ကြိမ်မို့ များစွာမှ အခံရခက်လှချေ၏။

သူအုပ်ချုပ်ရသော မြို့နယ်အုပ်ပိုင် တောနယ်ကလေးများ၌ ဓားပြမှုတွေက အကြိမ်ကြိမ်အလီလီ။

ထစ်ခနဲဆို တိုက်ချသွားသည့်ဓားပြအဖွဲ့ကို စုံစမ်းကြည့်လျှင် တင်သိုက်ထွန်းတို့အဖွဲ့ချည်း။ ဘယ်ကဘယ်လို ရထားလေသည်မသိ။ ဓားပြအားလုံးမှာပင် လက်နက်တွေ ကိုယ်စီကိုယ်ငှရှိနေကြသည်။

ခေါင်းဆောင်တင်သိုက်ထွန်းက ပြောင်းတိုသေနတ်ကိုကိုင်သည်။ ငယ်သား ခြောက်ယောက်က ရိုင်ဖယ်ကိုယ်စီနှင့်။ တကယ်က တင်သိုက်ထွန်းသည် ခေါင်းဆောင်ဖြစ်လာမည့်သာဖြစ်ရသည်။ သတ္တိကမူ ကောင်းလှသူမဟုတ်။ ဦးနှောက်ဉာဏ်နည်းသည့် တုံးတိုက်တိုက်, ကျားကိုက်ကိုက် နဝေဝိန်းတုံးတွေအပေါ်ဝယ်





ကြက်ဆူပင် မင်းမူသြဇာပေးသည့်သဘောသာဖြစ်သည်။

သူတို့သည် အရှောင်အတိမ်းမှာတော့ လက်ဖျားခါရလောက်အောင် တော်လွန်းလှချေ၏။ သည်တစ်နေရာဓားပြတိုက်ပြီးလျှင် ခြေရာလက်ရာဖျောက်ပြီး ဘယ်လိုမှခြေရာမကောက်နိုင်လောက်အောင် ရေလွှာကိုပင် နှောက်သွားနိုင်လွန်းသည်။ ဓားပြမှုတွေသာ တစ်မှုပြီးတစ်မှု ထပ်လာခဲ့သည်။ တရားခံတွေကို လက်ရဖမ်းဆီးနိုင်ဖို့အသာထား။ ဘယ်ကဘယ်လို လိုက်ရမှန်းမသိနိုင်လောက်အောင် ခြေရာဖျောက်သွားနိုင်ခဲ့သည်။

သည်တော့လည်း ပုလိပ်အားနှင့် ဘယ်နည်းနှင့်မျှ မစွမ်း။ ပြည်သူပြည်သားတို့၏ အစွမ်းကို အားကိုးရမည့် အခြေအနေမို့ ဓားပြခေါင်းဆောင်တင်သိုက်ထွန်းကို ဖမ်းဆီးပေးနိုင်သူ (သို့တည်းမဟုတ်) ဖမ်းဆီးမိနိုင်အောင် တိကျစွာ သတင်းပေးနိုင်သူအား ဆုငွေ (၅၀၀၀၀) ကျပ်၊ တင်သိုက်ထွန်း၏နောက်လိုက် ခြောက်ဦးအနက်မှ တစ်ဦးဦးကို ဖမ်းဆီးပေးနိုင်သူ (သို့တည်းမဟုတ်) ဖမ်းဆီးမိနိုင်အောင် တိကျစွာ သတင်းပေးနိုင်သူအား ဆုငွေ (၃၀၀၀၀) ကျပ်၊ တစ်ဖွဲ့လုံးအား ဖမ်းဆီးပေးနိုင်သူ (သို့တည်းမဟုတ်) ဖမ်းဆီးမိနိုင်အောင် တိကျစွာသတင်းပေးနိုင်သူအား (၂၃၀၀၀၀) ကျပ်ပေးမည့်အကြောင်း ထိုဆုငွေကို ပုလိပ်မင်းကြီးမစ္စတာဒန်ကလစ်ကိုယ်တိုင် ချီးမြှင့်လာမည်ဖြစ်ကြောင်း ကြေညာချက်များ ထုတ်ပြန်လျက်အနယ်နယ်အရပ်ရပ်သို့ ဖြန့်ဝေအကြောင်းကြားထားခဲ့သည်။

သို့သော် အခြေအနေက မထူး။

ဘာကြောင့်ဆို မြန်မာနိုင်ငံအား မတရားလာရောက်ဖိနှိပ်



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ချယ်သော နယ်ချဲ့ဗြိတိသျှအား ရှံ့မုန်းသဖြင့် မည်သူကမျှ သတင်းမပေးခြင်းကလည်း အကြောင်းရင်းအဖြစ် ပါဝင်သလို သတင်းပေးရာတွင်ပေါက်ကြားသွားပါက သတင်းပေးမိသူအဖို့ အသက်အန္တရာယ်ရှိသောကြောင့်လည်း ဖြစ်ချေ၏။

❖



''သည်ကိစ္စမှာ တာဝန်အရှိဆုံးဟာ ဖေဖေဖြစ်နေတယ် ကို၊ ဖေဖေဟာ နယ်ချဲ့အစိုးရရဲ့ ပဋ္ဌိညာဉ်ဝန်ထမ်းဖြစ်ပေမဲ့ ကိုယ့်လူမျိုးအချင်းချင်းကို မဖိနှိပ်ခဲ့ဘူး၊ လာဘ်မစားခဲ့ဘူး . . ကိုရဲ့။

ခုကိစ္စမှာ ဖေဖေဟာ တာဝန်အရ ကိုယ်စွမ်းရှိသမျှ ဉာဏ် စွမ်းရှိသမျှ ကြိုးစားခဲ့ပေမဲ့ ဘယ်လောက်ကြိုးစား ကြိုးစား အရာမထင်ခဲ့လေတော့ ပုလိပ်မင်းကြီးဟာ နိစ္စဓူဝဆိုသလို ဖေဖေ့ကိုပဲ ခေါ်ယူကြိမ်းမောင်းနေတော့ပဲကိုရယ်၊ တစ်လ အတွင်း လက်ရဖမ်းဆီးပေးနိုင်ရင်ပေး၊ မပေးနိုင်ရင် လက်ရှိ ရာထူးကနေ ဖြုတ်ပစ်မယ်တဲ့၊ ဖေဖေ့မှာ သိက္ခာတရား အတွက် မစားနိုင်မသောက်နိုင်ဘူး ကိုရယ်၊ ရွှေရည်လေ ဖေဖေ့ကို သိပ်သနားတာပဲ၊ သည်တော့ ဖေဖေ့အခက်အခဲ ကို ကို့အနေနဲ့ ကူညီစေချင်တယ်။ ဘယ့်နှယ် ကူညီမယ် မဟုတ်လားဟင် . . ကို၊ ပြောပါ ကိုရဲ့ . .''



www.burmeseclassic.com

www.burmeseclassic.com



ရွှေရည့်စကားကြောင့် ငတော့ခမျာ တွေတွေငေးငေး ကလေးဖြစ်သွားရသည်။ ပြီးတော့လည်း ရှေ့နောက်ဆက်စပ်ကာ အပြန်ပြန်အလှန်လှန် စဉ်းစားနေမိသည်။ ချစ်သူက အားကိုးတကြီး အကူအညီတောင်းနေပေပြီ။

သူ ‥ ဘယ်လိုလုပ်ရမှာတဲ့နည်း။

"တစ်ခုရှိတယ်၊ ရွှေရည်၊ တကယ်လို့ ဓားပြခေါင်းဆောင် တင်သိုက်ထွန်းနဲ့အဖွဲ့ကို ကိုယ့်အနေနဲ့ ရွှေရည့်ဖေဖေ လက်ရ ဖမ်းဆီးမိနိုင်အောင် သတင်းအတိအကျပေးရုံမက လက်ရ ဖမ်းဆီးမိနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ရင် ထုတ်ပြန်ခဲ့တဲ့ ဆုငွေကို ရမှာလား"

"ရရမှာပေါ့ ကိုရယ် ‥ အဲသည်အတွက်တော့ စိတ်ချပါ၊ ဖေဖေ့ရဲ့စိတ်ဓာတ်ကို ရွှေရည်အသိဆုံးပါ"

"ပြီးတော့ ကိုနဲ့ရွှေရည့်ကို ရွှေရည့်ဖေဖေက သဘောတူမှာလား"

"အများကြီးတူနိုင်တာပေါ့ ကိုရယ်၊ ဖေဖေက လက်ရုံးရည်သော်လည်းကောင်း၊ နှလုံးရည်သော်လည်းကောင်းရှိတဲ့ သူကို သိပ်သဘောကျတာ"

"ဒါဖြင့်ရင် ရွှေရည့်အနေနဲ့ ရွှေရည့်ဖေဖေနဲ့ ကိုကို တွေ့ဆုံဆွေးနွေးဖို့ရာ ဆုံပေးလို့ဖြစ်တယ်မဟုတ်လား"

"အိုး ‥ ဘာလို့ မဖြစ်ရမှာလဲ၊ ဖေဖေကလေ ရွှေရည့်ကို တစ်ဦးတည်းသောသမီးမို့လို့ သိပ်ချစ်တာ၊ ခုကိစ္စမှာ ဖေဖေ့ အကျိုးအတွက် ဆောင်ရွက်တာဖြစ်လို့ ဖေဖေသဘောမကျ ဘဲနေမှာမဟုတ်ဘူး၊ အဲသည်အတွက်တော့ စိတ်သာချ ကို





ရွှေရည်စီစဉ်ပေးမယ် ဟုတ်ပလား"

"ကောင်းပါပြီဗျာ၊ နောင်ဆို ရွှေရည်နဲ့ကိုတို့ကို အကြောင်း ပြုပြီး စကားပုံတစ်ခုပေါ်တော့မယ် ထင်ရဲ့"

"ဘယ်လို စကားပုံလဲဟင်"

"သူ့သမီးလိုချင် ‥ သူ့အဖေအတွက် ဓားပြဖမ်းပေးဆို တာလေ"

"ကြည့်စမ်း ‥ ကြည့်စမ်း၊ ကိုယ်ဟာ အတော်ကလေး အပြောင်အပျက် ပြောတတ်တာပဲ"

"ဟား ‥ ဟား ‥ ဟား ‥ ချစ်လို့ ကျီစားတာပါ ရွှေ ရည်ရယ်"

အသည်းပေါက်မတတ် ချစ်ကြလေသော ချစ်သူနှစ်ဦး အတွက် မင်္ဂလာရှိသော ပုံရိပ်များပင် ဖြစ်ပေမည်လ ၊။

❖



www.burmeseclassic.com

www.burmeseclassic.com

# မောင်ကြံရွယ်တဲ့ အန္တရာယ်လမ်း

www.burmeseclassic.com

www.burmeseclassic.com

ဓားပြခေါင်းဆောင် တင်သိုက်၊ထွန်းတို့ ကျင်လည်ကျက်စား လျက်ရှိသည့် အနယ်နယ်အရပ်ရပ်မှာတော့ တောရွာသူကြီး အသီးသီးပင် ကြော်ငြာစာရွက်များဖြင့် အလုပ်ရှုပ်နေကြလေသည်။

သည်ကြော်ငြာစာရွက်ကို လမ်းဆုံလမ်းခွများ၌ လည်းကောင်း၊ ထင်သာမြင်သာရှိသည့် သစ်ပင်ကြီးများ၌ လည်းကောင်း၊ လူစည်ကားရာ ဈေးများ၌ လည်းကောင်း၊ လှေသမ္ဗန်ဆိပ်တို့၌ လည်းကောင်း ကပ်ထားကြရကုန်၏။ ချိတ်ဆွဲထားကြရကုန်၏။ ကြော်ငြာစာရွက်ကား အောက်ပါအတိုင်းတည်း။

ဆုတော်ငွေ ကျပ်တစ်သိန်း

အလိုရှိသည်

အနယ်နယ်အရပ်ရပ်ရှိ အများပြည်သူအပေါင်း သိစေရန် ကြေညာထုတ်ပြန်လိုက်ပါသည်။

များမကြာမီက ရောဝတီတိုင်းအတွင်းရှိ ဆိပ်ကမ်း အသီးသီး၌ ဆိုက်ကပ်ထားသော အညာလှေသူကြီးသုံးဦး





အား ပစ္စည်းလုယက်ရုံသာမက အသက်ကိုပါ သတ်ဖြတ်သွားသူ၊ အင်းသူကြီးနှစ်ဦးကိုလည်း ပစ္စည်းယူလူသတ်သွားသူ၊ တစ်ကိုယ်တော် 'ငှက်ကြီးတောင် ငမိုး' ဆိုသူအားဖမ်းဆီးပေးနိုင်သူ (သို့တည်းမဟုတ်) ဖမ်းဆီးရမိနိုင်ရန် သတင်းအတိအကျ ပေးနိုင်သူအား ဗြိတိသျှအစိုးရလက်အောက်ခံ ရောဝတီတိုင်း ပုလိပ်မင်းကြီးရုံးမှ ဆုတော်ငွေကျပ် တစ်သိန်း(၁၀၀,၀၀၀ိ/) တိတိ ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါလုယက်မှု၊ လူသတ်မှု တရားခံ 'ငှက်ကြီးတောင်ငမိုး၏ ပုံပမ်းသဏ္ဌာန်မှာ အသားဖြူဖြူ၊ ခန္ဓာကိုယ်မပိန်မပါ။ အရပ် ၅ ပေ ၅ လက်မခန့်။ နှာတံပေါ်ပေါ် မျက်ခုံးကောင်းကောင်း၊ မေးစေ့တွင် မှဲ့တစ်လုံးပါရှိသည်။ ၄င်းသည် ဓားပြီး၊ တုတ်ပြီးရုံမက သေနတ်ပါပြီးသည်ဟု သိရသည်။

ပြည်သူပြည်သားအပေါင်း၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် တရားခံ 'ငှက်ကြီးတောင်ငမိုး' နှင့်ပတ်သက်၍ ဖမ်းဆီးပေးနိုင်သူ (သို့မဟုတ်) ဖမ်းဆီးနိုင်ရန် သတင်းပေးနိုင်သူအား အဆိုပါဆုတော်ငွေကို ချီးမြှင့်မည်ဖြစ်ပါကြောင်း။

မစ္စတာ ဒန့်ကလစ်

ပုလိပ်မင်းကြီး

သည်ကြော်ငြာစာရွက်ကို ဖတ်ရှုကြရကုန်သောနယ်သူနယ်သားအပေါင်းတို့မှာ အထိတ်ထိတ်အလန့်လန့်ဖြစ်ကြသည်။

www.burmeseclassic.com



သူတို့သာ ထိတ်လန့်လေသလော။

မဟုတ်ပါ။

ငှက်ကြီးတောင် ငမိုးကဲ့သို့နှယ် ဆုငွေထုတ်ထားခြင်းခံ ရသော တင်သိုက်ထွန်းတို့အဖွဲ့သည်ပင်လျှင် အတော်ကလေးကို ဖြုံသွားကြရချေ၏။

"တော်တော်သတ္တိကောင်းတဲ့ ပုဂ္ဂိုလ်ပဲကွာ၊ တို့က လက်ထဲမှာ သေနတ်တွေရှိလို့ ကျယ်ရဲတာ၊ သူကတော့ ငှက်ကြီးတောင်ဓားတစ်လက်ထဲနဲ့ ကျယ်နေတာ၊ တို့ကဓားပြသာ လက်နက်အားကိုးနဲ့ တိုက်ရဲတာ၊ လူတော့မသတ်ရဲဘူးကွ"

"ဟုတ်တယ် ဆရာသိုက်"

"ပြီးတော့ အစွမ်းထက်ပုံကိုလည်းကြည့်ဦး၊ ဓားပြီး တုတ်ပြီး ရုံသာမကဘူး၊ သေနတ်ပါ ပြီးသေးသတဲ့၊ သည်လို ပုဂ္ဂိုလ်မျိုးသာ တို့အဖွဲ့ထဲရောက်လာရင် ခေါင်းဆောင်တင်ပြီး သူ့နောက်လိုက်လုပ်ပါတယ်ကွာ၊ မင်းတို့ကော ဘယ်လို သဘောရသလဲ"

"ဆရာသိုက် သဘောအတိုင်းပေါ့ ခင်ဗျာ"

"အေးကွာ၊ ကုသိုလ်ကံပေးလာရင် ပဋ္ဌာန်းဆက်ရှိခဲ့ရင်တော့ သည်ပုဂ္ဂိုလ်နဲ့တို့တတွေ ဆုံစည်းခွင့်ကြုံရဦးမှာပေါ့"

"ဟုတ်ပ ဆရာရယ်၊ ဟုတ်ပ"

❖



ကလော့သော့ အင်းသူကြီး၊ ဦးလှအောင်အား ဓားပြတိုက်ရန် တင်သိုက်ထွန်းတို့ ကြံရွယ်ခဲ့သည်မှာ ကြာပြီ။

သည်ကနေ့တော့ တိုက်ဖြစ်အောင် တိုက်မည်ဖြစ်သည့်အတွက် ပတ်ဝန်းကျင်ကို ကြိုတင်လေ့လာထားခဲ့သည့်အတိုင်း သူ့ အပါအဝင် ဓားပြ ခုနစ်ဦးတို့သည် လက်နက်များကိုယ်စီကိုင်ဆောင်လျက် ညမှောင်ရီပျိုးစတွင် အမှောင်ထုကို အားကိုးရင်း အင်းနှင့် မလှမ်းမကမ်းရှိ အင်းသူကြီးဦးလှအောင်၏ အိမ်ဂေဟာသို့ တဖြည်း ဖြည်းတိုးကပ်သွားကြသည်။

"ဟာ ..ဆရာသိုက်၊ မြင်းခွာသံတွေကြားတယ်"

"မှန်း ..ဟာ ..ဟုတ်တယ်ဟ ..ဟုတ်တယ်၊ ဟော့ ကောင်တွေ ငှက်ပျောတောထဲဝင်ပြီး မှောက်နေကြစမ်း၊ မှောက်နေကြစမ်း"

တပည့် ခြောက်ယောက်စလုံး သူ့စကားကို တစ်သံမ စတိမ်း နားထောင်ကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ကြည့် ‥ ငှက်ပျောတောအောက်၌ မဟာပထဝီမြေကြီး ကို ချစ်နေလိုက်ကြပုံများ။

မြင်းခွာသံတွေက တဖြောင်းဖြောင်းတခွပ်ခွပ်နှင့် အဝေးမသတ်တော့။ အမှောင်ရိပ်မှနေပြီး တင်သိုက်ထွန်းက အကဲခတ် လိုက်သည်။

"ဟာ ‥ မြင်းစီးပုလိပ်အဖွဲ့က ငါးယောက်လောက်ရှိမယ်၊ အင်းသူကြီးအိမ်ဘက်ကို ဓားပြလာတိုက်မှာသိနေလို့ လာပိုင်းကြတာလား၊ မပြောတတ်ဘူးဆရာ'

"ဖြစ်နိုင်တယ်၊ သေတော့မသေချာလှဘူး၊ တခြားအကြောင်းရှိလို့လည်း ဖြစ်နိုင်တယ်၊ ကေန္တ တို့အရင် ‥ 'ငှက်ကြီးတောင်ငမိုး' ရောက်နေသလား မပြောတတ်ဘူး"

ထိုစဉ်မှာပင် မြင်းစီးပုလိပ်တို့ထံမှ အသံဗလံများ ပေါ်ထွက်လာကြသည်။

"အိမ်ကို ပတ်ပတ်လည်ဝိုင်းထားဟေ့၊ အသေရလည်း ရပစေ၊ အပြင်ထွက်လာတာနဲ့ ဆီးပြီးတော့သာ ပစ်ကြဟေ့ အသေမိလို့ကတော့ ဆုငွေတစ်သိန်းပဲ"

"ဝိုင်းဟေ့ ‥ ဝိုင်းဟ ‥ ဝိုင်းထား၊ မလွတ်စေနဲ့"

သေချာပါပြီ။

ဆုငွေတစ်သိန်းဆိုမှတော့ 'အင်းသူကြီးအိမ်၌ရောက်ရှိနေသူမှာ ငှက်ကြီးတောင်ငမိုးမှလွဲ၍ အခြားမဖြစ်နိုင်တော့။

ဓားပြခေါင်းဆောင် တင်သိုက်ထွန်းနှင့်တကွ တပည့်တပန်းဓားပြအပေါင်းမှာ ကိုယ်တိုင်ဓားပြတိုက်ဖို့ရာ အကြောင်းမရှိတော့ဘဲ တစ်ကိုယ်တော်ဓားပြ၊ လူသတ်တရားခံပြေး ငှက်ကြီးတောင်





ငမိုးနှင့် ပုလိပ်သား ၅ ဦးတို့၏ တိုက်ပွဲစွမ်းရည်ကို ကြည့်ရှုရပေဦးတော့မည်။

"ဟေ့ကောင် ငမိုး၊ လက်နက်ချပြီး အပြင်ထွက်အဖမ်းခံရင် အသက်မသေဘူးနော်၊ အေး ‥ လက်နက်မချဘဲ ကလန်ကဆန်လုပ်ရင်တော့ တစ်ခါတည်း ပွဲချင်းပြီးသွားမယ်"

ခေါင်းဆောင်ဖြစ်ဟန်တူသော ပုလိပ်က အော်ဟစ်အသံပြုနေသည်။

"ဟား ‥ ဟား ‥ ဟား ‥ နယ်ချဲ့ကိုမှကျွန်ခံရတာ သဘောကျနေတဲ့ ပုလိပ်စုတ်တွေ၊ မင်းတို့ကို မကြောက်လို့ ငှက်ကြီးတောင်တစ်လက်နဲ့ ကုပ်သွေးစုတ်အမြတ်ကြီးစား လူနွေးတွေကို ဒုက္ခပေးနေတဲ့ ငမိုးကွငမိုး၊ ဓားပြတိုက်လို့ ယူချင်တာတွေယူပြီးပြီ၊ ရချင်တာတွေရပြီးပြီ၊ ကဲ ‥ မင်းတို့ သတ္တိရှိရင် ပစ်လေကွာ၊ ပစ်ကြ ‥ ပစ်ကြ"

ပြောပြောဆိုဆိုနှင့် ငှက်ကြီးတောင်ငမိုးမှာ လက်တစ်ဘက်က အထုပ်တစ်ထုပ်ကိုင်၊ ကျန်လက်တစ်ဘက်က ငှက်ကြီးတောင်ဓားလွတ်ကိုဆုပ်ကိုင်လျက် ခြံဝသို့အိမ်ပေါ်မှနေ၍ ရင်ကော့ကာ မကြောက်မရွံ့ တစ်လှမ်းချင်းဆင်းလာခဲ့ပုံကို မျက်ဝါးထင်ထင်တွေ့မြင်နေရလေတော့ တင်သိုက်ထွန်းတို့အဖွဲ့မှာ ရင်တထိတ်ထိတ်အသည်းတဖိုဖို။

"ဒီလောက်တောင်မှ ပြောမရဆိုမရ မိုက်ခဲလုပ်ချင်နေတဲ့ကောင်၊ ကိုင်းဟေ့ ရင်ဝတည့်တည့်ချိန်လို့ အူပွင့်သွားအောင် အသေသာ ဆော်ထည့်ဟေ့"

"ဒိန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း"

"ဖြောင်း"

"အုံး"

ယမ်းပေါက်ကွဲသံ၊ ကျည်ပေါက်ကွဲသံတို့က နားကွဲလု မတတ်။

မီးခိုးငွေ့ကြောင့် ရုတ်တရက်ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းသွားခဲ့ရသည်။ အဆိုပါမြင်ကွင်းကို တင်သိုက်ထွန်းတို့ အုပ်စုသည် ရင်တုန်ပန်းတုန်ဖြင့် မကြည့်ရဲသော်လည်း ကြည့်နေမိကြသည်။ မမြင်ရဲသော်လည်း မြင်နေမိကြသည်။

"အတော်မိုက်ရူးရဲဆန်တဲ့လူပဲကွာ၊ ကိုယ့်အသက်ကိုများ ဘာကြောင့်မနှမြောပါလိမ့်၊ ငါသာဆို ပစ်ကာမှပစ်ရော၊ လွတ်ရာကျွတ်ရာကို ထွက်ပြေးမှာ"

"ဟုတ်ပါရဲ့ကွာ၊ ခုကျတော့ သေနတ်ကိုတောင် မဖြုတ်ဘူး၊ ရင်ကော့ပြီးတော့တောင် အပစ်ခံရဲတာ၊ ဒီလူ လူအစစ်မှ ဟုတ်ရဲ့လားမပြောတတ်ဘူး"

"သည်လောက် ဝိုင်းပစ်နေကြတာ၊ ခုလောက်ဆို အပွင့်ပြီး အပိုင်းပိုင်းအတစ်တစ် ပြတ်သတ်ထွက်နေလောက်ပြီ"

သည်သို့တစ်ယောက်တစ်ပေါက် ဆင်မြင်ယူဆချက်တွေ ပေးနေကြချိန်ဝယ် မမျှော်လင့်သော မြင်ကွင်းတစ်ခုက မီးခိုးအမှောင်တွေစဲတော့ ပီပြင်စွာ ထွက်ပေါ်လာသည်။

"ဟာ ‥ ဟိုလူ မသေဘူးဟေ့၊ ကုန်းရုန်းပြီး ထလာတယ်"

"အေး ‥ ဟုတ်ပါရဲ့၊ လက်ထဲမှာလည်း ငှက်ကြီးတောင် ကို မြှောက်လို့၊ ယမ်းလို့"





သိုက်ထွန်းတို့ ထင်မြင်ကြသည့် အတိုင်းပါပေ။

"ဟေ့ ‥ ပုလိပ်စုတ်၊ ပုလိပ်ပုံတွေ မင်းတို့ရဲ့ သေနတ် တွေလောက်တော့ နုပ်ချေးပဲဟေ့၊ ငါနာမည် ငမိုးကွ၊ ငမိုးမှ ရိုးရိုးငမိုးမဟုတ်ဘူး၊ ပုလိပ်စုတ်တွေရဲ့ ခေါင်းကိုဖြတ်မယ့် ငှက်ကြီးတောင် ငမိုးကွ၊ ငှက်ကြီးတောင်ငမိုး ကိုင်း ‥ မင်းတို့ အလှည့်ပြီးတော့ ငါ့အလှည့်ပဲဟေ့၊ လာပြီဟေ့ ‥ လာပြီ"

ပြောပြောဆိုဆိုနှင့် ငမိုးဆိုသူလည်း ငှက်ကြီးတောင်ဓားရှည်အား ခုတ်၊ခုတ်၊ ပယ်ထိုးပုံစံဖြင့် ဝှေ့ယမ်းရင်း ပုလိပ်များထံ ပြေးထွက်လာသည်။

"ဟာ ‥ ဒီကောင် မသေဘူးဟေ့၊ သေနတ်ပြီးနေတယ်၊ တို့ပစ်တဲ့ သေနတ်နဲ့ သူမသေဘဲ သူခုတ်တဲ့ဓားနဲ့ တို့တစ်တွေ လျှာထွက်နေလိမ့်မယ်၊ ပြေးဟေ့၊ ပြေးကြ၊ အသက်နဲ့ ခန္ဓာ မခွဲဖို့ ပြေးကြ"

ပုလိပ်တွေအားလုံးပင် ဖဝါးနှင့်တင်ပါး တသားတည်းကျအောင် ပြေးလာခဲ့ကြပြီး ၎င်းတို့၏ မြင်းများပေါ်သို့ လွှားခနဲ ခုန်တက်ကာ ကဆုန်စိုင်းပြေးထွက်သွားကြတော့သည်။

"တောက် ‥‥ အသည်းကောင်းမှ ပွဲတောင်းဟေ့ ‥ ပွဲတောင်း၊ အသည်းမကောင်းဘဲ ပွဲတောင်းရင်တော့ ငရဲကို ကျောင်းရလိမ့်မယ်"

ငှက်ကြီးတောင်ငမိုးလည်း မချင့်မရဲဖြစ်ကာ ကျန်ခဲ့ရင်းမှ နတ်ကွန်းကြီးဆောက်လုပ်ထားရာ ကုက္ကိုပင်ကြီးရှိရာသို့ လျှောက်သွားပြီး ပင်ခြေရင်း၌ ထိုင်ချလိုက်လေသည်။

"အတော်သတ္တိကောင်းတဲ့ ပုဂ္ဂိုလ်ပဲကွာ၊ သည်လိုပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com



မျိုးကိုတို့အဖွဲ့မှာ ခေါင်းဆောင်တင်လိုက်ရင် မကောင်းဘူးလားဟေ့''

''ကောင်းတယ်၊ ဆရာသိုက်၊ ကောင်းတယ်၊ ကျွန်တော်တို့အင်အားပိုပြီးတောင့်တင်းသွားတာပေါ့၊ ဆရာသိုက်ပဲ ဦးဆောင်စီစဉ်လိုက်လေ၊ ကျွန်တော်တို့ကတော့ ဆင်ပြောင်ကြီးသွားရာကို လိုက်ပါကြမယ့်သူတွေပါပဲ''

''ဒါဆို ငါသွားတွေ့မယ်ဟေ့၊ ရော့ . . ဒီမှာငါ့သေနတ်ယူထား၊ မင်းတို့လည်း ဝပ်နေကြဦး၊ ငါအဆင်ပြေအောင်ပြောဆိုဆွေးနွေးခဲ့မယ်၊ အဆင်မပြေဘဲ ငါ့ကို နှိပ်ထက်စီးနင်းလုပ်မယ်ဆိုရင်တော့ အကူအညီပေးကြဖို့ မမေ့နဲ့ကွာ''

''စိတ်ချပါ၊ ဆရာသိုက်''

တင်သိုက်ထွန်းလည်း တစ်ဖက်သား မယုံသင်္ကာမဖြစ်စေရန် ၎င်း၏သေနတ်အား တပည့်တစ်ဦးထံပေးလိုက်ရင်း အရဲစွန့်လျက် ငှက်ကြီးတောင်ငမိုးထိုင်နေရာ ကုက္ကိုပင်ခြေရင်းသို့ ဦးတည်လျှောက်လှမ်းသွားခဲ့သည်။ ထိုမြင်ကွင်းက တဖြည်းဖြည်း နီးကပ်လာသောအခါ ငှက်ကြီးတောင်ငမိုးလည်း နေရာမှ ဖြုန်းခနဲ ရပ်လိုက်၏။ ဓားလွတ်ကိုမူ ဆုပ်ကိုင်ထားဆဲ။

''ဟေ့ကောင် . . မင်းဘယ်သူလဲ၊ ဒီကိုဘာလာလုပ်တာလဲ''

''ကျွန် . . ကျွန်တော့်နာမည် တင်သိုက်ထွန်းပါ''

''ဘာ . . တင်သိုက်ထွန်း . . ဟုတ်လား''

''ဟုတ်ပါတယ်ခင်ဗျ''

''ဒါဆို ဆုငွေငါးသောင်းထုတ်ခံထားရတဲ့ ဓားပြခေါင်း





ဆောင် တင်သိုက်ထွန်းဆိုတာပေါ့ ဟုတ်လား''

''ဟုတ်ပါတယ်ခင်ဗျာ . . ကျွန်တော်ဆရာ့ကို မငြင်းရဲပါဘူး''

''မင်း . . ငါ့ကိုသိလား''

''ဟုတ် . . ဟုတ်ကဲ့ . . သိပါတယ်ခင်ဗျ၊ ဆုတော်ငွေတစ်သိန်းအထုတ်ခံထားရတဲ့ ငှက်ကြီးတောင်ငမိုးဆိုတာ''

''အေး . . ဟုတ်တယ်၊ ငါ . . ငှက်ကြီးတောင်ငမိုးပဲ၊ ဘာလဲ၊ မင်းက ဆုငွေတစ်သိန်းလိုချင်လို့ ငါ့ကိုဖမ်းရအောင်လာတာလား''

''ဟာ . . မဟုတ်ပါဘူးဆရာ၊ မဟုတ်ပါဘူး၊ ဆရာ့ကိုဖမ်းဖို့မပြောနဲ့၊ စိတ်နဲ့တောင် မကျူးလွန်ဝံ့ပါဘူးခင်ဗျာ''

''မင်း . . ဝါကယ်ပြောနေတာလား . . ဓားပြချင်း ခြေမြင်တယ်တယ်နော် . . မင်းတို့က ဓားပြတိုက်ရုံတိုက်ရဲတာ၊ ငါကလူပါသတ်ရဲတဲ့ကောင်ကွ၊ သဘောပေါက်တယ်နော်''

''ပေါက်ပါတယ် ခင်ဗျာ''

''နေပါဦး၊ မင်းက ဘာရည်ရွယ်ချက်နဲ့ ငါ့ဆီရောက်လာတာလဲ''

''အမှန်အတိုင်းပြောရမယ်ဆိုရင် ဆရာငမိုးကို ကျွန်တော်တို့အဖွဲ့မှာ ခေါင်းဆောင်အဖြစ် တင်မြှောက်ချင်လို့ ခုလိုမျိုးအရဲစွန့်ပြီး လာရောက်ကမ်းလှမ်းတာပါခင်ဗျာ''

'မင်းတို့ကို ယုံရမှာလား''

''ယုံပါခင်ဗျာ၊ သစ္စာရေသောက်ဆို သောက်ပါ့မယ်''

''ငါတကယ် ခေါင်းဆောင်လုပ်ရင် ငါ့သြဇာတည်မှာလား''



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားပေးပေး ‥ ကျမ်းပေးပေးပါဗျာ၊ ဆရာရဲ့ တစ်သွေးတစ်သံ၊ တစ်မိန့်အတိုင်း နာခံကြမယ့်သူတွေပါ"

"ဒါဆို မင်းရဲ့တပည့်တွေ ဘယ်မှာရှိကြသလဲ"

"ဟောဟို ငှက်ပျောတောအုပ်မှာ ဝပ်နေကြပါတယ်ခင်ဗျ"

- "ကိုင်း ‥ ဒါဆို မင်းရှေ့ကသွား။ အနားရောက်ရင် လက်နက်တွေချပြီး လက်တွေမြှောက်ထားဖို့ပြော၊ ပြီးတော့မှ ငါနဲ့အပေးအယူလုပ်ပြီး ဆွေးနွေးမယ်"

"ဟုတ် ‥ ဟုတ်ကဲ့ဆရာ၊ ဆရာ့ကို ကျွန်တော့်တပည့်တွေအားလုံးကလည်း ကြောက်ရွံ့လေးစားနေကြတာပါ၊ ဘယ်အကောင်မှ ကဏ္ဍကောစမလုပ်ရဲကြပါဘူး"

"ဟုတ်ပြီ၊ ကိုင်း ‥ ‥ ‥ ရှေ့ကသွား"

သို့ဖြင့် ဓားပြခေါင်းဆောင်သိုက်ထွန်းနှင့် ငှက်ကြီးတောင်ငမိုးတို့ ငှက်ပျောတောသို့ရောက်သွားကြသည်။ အားလုံးသည် တကယ့်ကို ပြားပြားဝပ်။

"မင်းတို့က ငါ့ကိုခေါင်းဆောင်တင်ကြတာတော့ ဟုတ်ပါပြီ၊ တကယ်လို့ ငါသတိလက်လွတ်တဲ့အချိန် မင်းတို့က အုပ်စုဖွဲ့ပြီး ငါ့ကိုဖမ်းလို့ ဆုငွေထုတ်ယူမှာ မဟုတ်ဘူးလို့ ပြောနိုင်မလား"

"ဟာ ‥ ဒါတော့ဘယ်လိုမှ မလုပ်ရဲပါဘူးခင်ဗျာ၊ ဆရာက ဓားပြီးတုတ်ပြီးရုံမက သေနတ်ပါပြီးနေတဲ့ ပုဂ္ဂိုလ်ပဲဟာ၊ ပြီးတော့ ကျွန်တော်တို့ကိုယ်တိုင်အစိုးရက ဆုငွေအထုတ်ခံထားရတဲ့ ဓားပြတွေပဲဆရာရယ်၊ ဆရာက ကျွန်တော်တို့ကို





ကြောက်ဖို့မလိုပါဘူး။ ကျွန်တော်တို့ကသာ ဆရာ့ကို ကြောက်ရွံ့နေကြတာပါ"

"ဒါကတော့ မင်းတို့ပြောတာပဲလေ၊ ပါးစပ်ရှိရင် စကားဆိုတာ ဘယ်လိုပြောပြောရတာပဲ၊ မင်းတို့အားလုံး သစ္စာရေသောက်ဝံ့ကြသလား"

"သောက်ဝံ့တာပေါ့ ဆရာရယ်၊ သောက်ဝံ့တာပေါ့"

"ဟုတ်ပြီ၊ ဒါဆိုရင် ဟေ့ ‥ ထင်သိုက်ထွန်း။ ငါအပါအဝင် အားလုံးသစ္စာရေသောက်မယ်၊ သစ္စာဆိုမယ်၊ ဟုတ်ပလား"

"ဟုတ်ပြီဆရာ၊ ကောင်းတယ်ဆရာ"

သို့ဖြင့် သစ္စာရေသောက်ကြဖို့ စီစဉ်ကြသည်။ သစ္စာရေကို ဖလားတစ်ခု၌ စီရင်ပြီးသောအခါ ငှက်ကြီးတောင်ငမိုးက ရှေ့မှ သစ္စာစကားကို တိုင်တည်ပေးသည်။ တင်သိုက်ထွန်းအပါအဝင် ဓားပြခြောက်ယောက်စလုံး တက်ကြွစွာ လိုက်ဆိုကြသည်။

"ကျွန်တော်တို့အားလုံး ခေါင်းဆောင်ငှက်ကြီးတောင်ဆရာမိုး၏ စကားကို မြေဝယ်မကျ နားထောင်ပါမည်။

ပိုင်ဆိုင်ရယူထားသော တိုက်ရာပါ ဥစ္စာပစ္စည်းမှန်သမျှကို မချွင်းမချန်အပ်နှံပါမည်။

သေတစ်ပန်သက်တစ်ဆုံး ခေါင်းဆောင်ကြီးအပေါ်နှင့် တကွ အဖွဲ့အပေါ်တွင် လုံးဝသစ္စာဖောက်ခြင်းမပြုပါ၊

သစ္စာယွင်းပျက်ပါက အသေဆိုးနှင့်သေပါစေသား"

ကျိန်စာကလည်း ပြင်းထန်သည်။

သို့သော်ငြား သက်စွန့်ဆံဖျားဆောင်ရွက်ရသည့် ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ရပ်များ၌ သည့်လိုမျိုး သစ္စာမရှိကြ၍ မဖြစ်။

"ဟုတ်ပြီ၊ ပေါ့ဒီမှာ၊ အင်းသူကြီး ဦးလှအောင်ဆီက ငါတိုက်လာခဲ့တဲ့ ပစ္စည်းတွေ၊ ငွေတွေ ‥ ရော့"

ငှက်ကြီးတောင်ငမိုးက လှမ်းပစ်ပေးလိုက်ရာ တင်သိုက်ထွန်းက ဖမ်းယူလိုက်သည်။ ပြီးတော့ ၎င်း၏ တပည့်တစ်ယောက်ကိုလည်း လှမ်းပြောလိုက်၏။

"ဟေ့ ‥ ကျွဲသိုး ‥ ငါတို့ပစ္စည်းတွေလည်း ယူလာခဲ့စမ်း"

"ဟုတ်ကဲ့ ‥ ဆရာသိုက်"

သိုက်ထွန်း၏ တပည့်ကျော် ခြောက်ဦးအနက်မှ ကျွဲသိုးဆိုသော တပည့်က ၎င်းသိုဝှက်ထားသောပစ္စည်းထုပ်ကြီးကိုသွားယူလိုက်သည်။

"အဲဒါ ကျွန်တော်တို့အဖွဲ့ ပိုင်ဆိုင်ရရှိထားတဲ့ ဥစ္စာပစ္စည်းတွေပါ ဆရာ"

"အေး ‥ ဟုတ်ပြီ၊ မင်းတို့နဲ့ငါဟာ သစ္စာရေသောက်ပြီးသွားပြီဖြစ်တဲ့အတွက် ရေကိုသားသော်လည်းအကြားမထင်တဲ့ သွေးသောက်ရဲဘော်တွေ ဖြစ်သွားကြပြီ၊ သည်တော့ ငါ့ရဲ့ပစ္စည်းရယ်၊ မင်းတို့ရဲ့ ပစ္စည်းတွေရယ်ကို ပေါင်းစပ်လိုက်ကြမယ်၊ ဒါဟာ ဘုံပစ္စည်းပဲ ‥ ဟုတ်ပလား"

"ဟုတ်ပါတယ် ‥ ဆရာ"

"ဒီနေရာမှာ ငါပြောချင်တာရှိတယ်။ ဘာလဲဆိုတော့ တင်သိုက်ထွန်းဟာ ကနဦးတုန်းက မင်းတို့ရဲ့ဆရာဖြစ်တဲ့အတွက် ဆရာနေရာမှာပဲထားရမယ်၊ အေး ‥ ငါကတော့ မင်းတို့ ဆရာအပါအဝင် မင်းတို့အားလုံးရဲ့ ခေါင်းဆောင်





ဆိုတော့ 'ဆရာကြီး'လို့ ခေါ်ကြရမယ် ဟုတ်ပလား"

"ဟုတ်ကဲ့ပါ ‥ ဆရာကြီး"

"အေး ‥ ဟုတ်ပြီ၊ ကောင်းတာပဲလုပ်လုပ်၊ မကောင်းတာပဲ လုပ်လုပ် စည်းကမ်းဆိုတာမရှိလို့ မရဘူး။ လူကောင်းလည်း လူကောင်းအလျောက်၊ လူဆိုးလည်း လူဆိုးအလျောက် သူ့စည်း၊ သူ့ကမ်းဆိုတာရှိရတယ်၊ ခေါင်းဆောင်လုပ်သူရဲ့ စကားကို ငယ်သားအာလုံးက လိုက်နာရမယ်၊ ကြားကြရဲ့လား"

"ကြားပါတယ် ဆရာကြီး"

"ဒါဖြင့်ရင် အဲသည်ပစ္စည်းတွေက တစ်ဖွဲ့လုံးမြင်သာတဲ့နေရာ၊ သိနိုင်တဲ့နေရာမှာ လုံခြုံအောင် မြှုပ်နှံကြ၊ အဲသည်ပစ္စည်းအပေါ် အားလုံးရဲ့ သဘောတူညီချက်၊ ခေါင်းဆောင်ရဲ့ ခွင့်ပြုချက်မရဘဲ ကိုယ့်ကိုယ်ကျိုးအတွက် ယူငင်ဖို့ မစဉ်းစားနဲ့၊ ဖောက်ဖျက်လာခဲ့ရင်တော့ ညှာလိမ့်မယ်မထင်နဲ့၊ ဟောဒီ ငှက်ကြီးတောင်ဓားကိုသာ ကြည့်ထား ‥ ဟုတ်ပလား"

"ဟုတ်ပါတယ် ဆရာကြီး"

"ကိုင်း ‥ ဒါဖြင့် လုပ်စရာရှိတာ ဆက်လုပ်ကြ၊ လက်ရှိအနေအထားအရ မင်းတို့လည်း သမိုင်းကြောင်း မကောင်းကြသလို ငါလည်းသမိုင်းကြောင်း ကောင်းတာမဟုတ်ဘူး။ ပုလိပ်တွေကလည်း သူတို့အရှက်ကိုခွဲလို့ ငါ့အပေါ်လည်း ကျေနပ်ကြမှာမဟုတ်ဘူး၊ ခုလိုမျိုး ဆုငွေထုတ်ခံထားရတဲ့အဖွဲ့နဲ့ ငါနဲ့ပူးပေါင်းလိုက်ကြတာသာ သိသွားရင် ဖြို့ခွင်းဖမ်းဆီးဖို့ရာအတွက် ပုလိပ်အဖွဲ့တင်မကဘူး၊ ဂေါ်ရာတပ်ကိုပါ တာဝန်



www.burmeseclassic.com

www.burmeseclassic.com



မပေးဘူးလို့ မပြောနိုင်ဘူး''

သိုက်ထွန်းနှင့်တကွ မားပြအပေါင်းအဖို့ ရှေ့နောက် ဆင်ခြင်နိုင်စွမ်းရှိပေထသော၊ ရှေ့တန်းမှ ဦးဆောင်ထိန်းကျောင်းနိုင်သော ငက်ကြီးတောင်ငမိုးအား ခေါင်းဆောင်အဖြစ် တင်မြှောက်ခွင့် ရလိုက်သည့်အတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိကြလေ၏။

''သည်တော့ကာ ငါတို့ရဲ့ ဝပ်ကျင်းကို ပြောင်းမှဖြစ်မယ်၊ အားလုံးနားလည် သဘောပေါက်ကြ၊ ဟုတ်ပလား''

''ဟုတ်ပါတယ်၊ ဆရာကြီး''

❖ ❖ ❖



# ကာလိမ်ကကျစ်

www.burmeseclassic.com

www.burmeseclassic.com

ငှက်ကြီးတောင်ငမိုး ဦးဆောင်သော ဓားပြအဖွဲ့ကြီးသည် နယ်ပယ်သစ်ချဲ့ထွင်ရန် စခန်းပြောင်းကြလေပြီ။

တောတန်းတစ်လျှောက် ဖြတ်သန်းလာရာဝယ် သစ်ပင်ကြီးငယ်တို့ကို တွေ့လျှင်. . .

"ဓားဆိုတာမျိုးဟာ မခုတ်ဘဲထားရင်တုံးသကွ၊ သည်တော့လည်း အမြဲတမ်း ထက်မြနေရအောင် ဓားအသွားကို အဲသည်လိုမျိုး ခုတ်ခုတ်ပေးရတယ်"

ဟုဆိုလျက် ပင်စည်တချို့ကို ဓားစွမ်းပြပြသွားခဲ့သည်။

"လောကမှာ ဦးချိုရှိတဲ့သူဟာ ဦးချိုကို အားကိုးကြတယ်တဲ့ကွ၊ နှုတ်သီးရှိတဲ့သူဟာလည်း နှုတ်သီးကို အားကိုးကြတာမမှားပါပဲကွာ၊ ခုမင်းတို့မှာ သေနတ်တွေရှိနေကြတယ်ဆိုတော့ သေနတ်ကို အားကိုးကြတာ မဆန်းပါဘူး။ သည်လိုပဲ ငါကလည်း လက်ထဲဓားရှိနေတော့ ဓားကိုပဲ အားကိုးတာပေါ့ကွာ၊ ဟုတ်ဖူးလား"





"ဟုတ်တာပေါ့. . ဆရာကြီးရယ်၊ သိပ်ဟုတ်တာပေါ့၊ ဆရာကြီးက ပညာလည်းရှိပါပေတယ်၊ ဒါကြောင့်လည်း ကျွန်တော်တို့ ခေါင်းဆောင်တင်ရကျိုးနပ်ပေတာပေါ့။ တကယ်တော့ဆရာကြီးအနေနဲ့ဘာမှ အားကိုးစရာမလိုပါဘူးဗျာ"

"ဟေ . . ဘာကြောင့်များပါလိမ့် တင်သိုက်ထွန်း"

"ဆရာကြီးက ဓားပြီး တုတ်ပြီးရုံမက သေနတ်ပါပြီးနေတဲ့ဥစ္စာ၊ ဘာကိုများ ကြောက်စရာရှိမှာတဲ့တုံး"

"ဟား . . ဟား . . ဟား . . မင်းလည်း အသားလွတ်ကြီးပင့်နေပြန်ပါပြီ"

"အသားလွတ်မဟုတ်ပါဘူးဆရာကြီးရဲ့၊ ကျွန်တော်တို့ကအကြားစကားသက်သက်မဟုတ်ဘဲ မျက်ဝါးထင်ထင်ကို မြင်ခဲ့ကြရတာဆိုတော့ ဆရာကြီးရဲ့အစွမ်းသတ္တိကို လက်ဖျားခါပါတယ်ခင်ဗျာ"

သူတို့သည် စကားတပြောပြောနှင့် ရိုးမတောစပ်တစ်နေရာသို့ ချဉ်းကပ်မိလေသည်။

"ဒါထက် မင်းတို့ဓားပြီး၊ တုတ်ပြီး၊ သေနတ်ပြီးတဲ့အစွမ်းသတ္တိကလေးများ မလိုချင်ကြဘူးလား"

"ဟာ. . . ဘယ့်နှယ်ပြောပါလိမ့်၊ လိုချင်ကြတာပေါ့ဆရာကြီးရယ်၊ ကျွန်တော်တို့အားလုံးဟာ ကိုယ့်လက်ရင်းတပည့်လေးတွေအဖြစ် အုပ်ချုပ်နေပြီပဲဟာ၊ သနားငဲ့ညှာတဲ့အနေနဲ့ အဲသည်အစွမ်းသတ္တိကလေးများ ပေးသနားခွင့်ရှိရင် ပေးသနားပါ ဆရာကြီးရယ်"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မားပြတင်သိုက်ထွန်းက ဦးဆောင်ပြောဆိုတောင်းခံသော တော့ ကျွန်း ခြောက်ယောက်မှာလည်း တက်တက်ကြွကြွ လှုပ်လှုပ် ရှားရှား။

"ကောင်းပြီ . . အဲသည်မှာ တစ်ခုပဲလိုတယ်၊ ဒါကဘာ လဲဆိုတော့ အဲသည်အစွမ်းသတ္တိတွေအားလုံး မင်းတို့ဆီမှာ ကိုယ်စီကိုယ်ငရသွားကြပြီးဆိုရင် မင်းတို့အားလုံး ငါ့အပေါ် ပြန်မတော်လှန်ဘူးရယ်လို့ မပြောနိုင်ဘူး"

"ဟား . . ဒါတော့ စိတ်ချပါဆရာကြီးရယ်၊ 'မင်းမှာသစ္စာ လူမှာကတိ' ဆိုသလို ကျွန်တော်တို့မှာ မားပြဖြစ်ပေမယ့် ကိုယ့် ဆရာသမား ကိုယ့်ငယ်သားတွေအပေါ်မှာတော့ လုံးဝဆိုလုံး ဝ မပြစ်မှားကြပါဘူးခင်ဗျာ"

"ကောင်းပြီ . . . ဒါဆို စခန်းချဖို့ကောင်းတဲ့နေရာ ရောက် တော့ စီစဉ်ပေးမယ်"

"ဝမ်းသာလိုက်တာ ဆရာကြီးရာ"

မားပြတင်သိုက်ထွန်းတို့အဖွဲ့သည် ငှက်ကြီးတောင်ငမိုးအား အထင်ကြီးသည်ထက် ကြီးလာသည်။ အထင်ကြီးဆို ဘာလုပ် လုပ်၊ ဘာကိုင်ကိုင် ခေါင်းဆောင်ပီသစွာ လစ်ဟာကွက်မရှိ လောက်အောင် ကျွမ်းကျင်စွာ စီစဉ်နိုင်ပေသကိုး။

သူတို့အားလုံးသည် ရှိုးမအစပ်ရှိ လုံခြုံစိတ်ချရသော နေရာတစ်နေရာကို ရွေးချယ်လိုက်ကြသည်။ သူတို့ရွေးချယ်လိုက် သော နေရာနှင့်မလှမ်းမကမ်းမှာ စမ်းချောင်းကလေးတစ်ခုရှိ သည်။ သို့ဖြစ်၍ ရေအတွက်မပူပင်ရ။ သစ်ပင်ကိုင်းခြောက်များ ရှိနေသည့်အတွက်လည်း ထင်းအတွက် ပူစရာမလို။





သစ်တွေဝါးတွေ ပေါသည့်အတွက်လည်း စခန်းဆောက် လုပ်ရာတွင် မည်သည့်အခက်အခဲမျှ မရှိ။

"နေထိုင်ရေးအတွက် မပူပင်ရတော့ဘူးကွ၊ သည်နေရာ ဟာ အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ရင်၊ ရှိုးမတောထဲ ဝင်ပြီး ခိုအောင်းပုန်းလျှိုးလို့ရတယ်၊ လူဆိုတာ အောင်မြင် မှုရတာ တစ်ခုတည်းကိုပဲ မကြည့်ရဘူး၊ ရှုံးနိမ့်တာကိုပါ တွက် ထားဖို့လိုတယ်"

ကိုင်း . . အဲဒါထားတော့။

တို့တစ်တွေ နေထိုင်ရေးကိစ္စအတွက် ပူပင်စရာမရှိတော့ ဘူး။ စားရေးသောက်ရေး ရိက္ခာလိုအပ်တယ်။ သည်တော့ နောက် ရက်မှာ တိုက်ဖို့အတွက် ငါပတ်ဝန်းကျင်ကို ထွက်ပြီးလေ့လာဦး မယ်။ သည်မှာပဲ စုစုဝေးဝေးနေကြ။ သည်ညနေ ရောက်ချင် ရောက်၊ မရောက်လည်း မနက်ကျ ပြန်ရောက်လာမယ်၊ ဟုတ်ပ လား"

"ဟုတ်ကဲ့ပါ၊ ဆရာကြီး"

သည့်နောက်မှာတော့ ငှက်ကြီးတောင်ငမိုးလည်း လက်စွဲ တော်ငှက်ကြီးတောင်မားကို ဆောင်လျက် စခန်းအပြင်ဘက် ထွက် သွားလေတော့၏။

❖



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မနက်ခင်းမှာတော့ ခေါင်းဆောင်ကြီး ငှက်ကြီးတောင်ငမိုး ပြန်ရောက်လာသည်။

လက်ထဲမှာလည်း စားရေရိက္ခာအနည်းငယ်ပါလာသည်။

"ဟောဒီမှာ ဆန်၊ ဟောဒါ အမဲခြောက်၊ စားဖို့သောက်ဖို့ စီစဉ်ကြ"

"ဟုတ်ကဲ့ ဆရာကြီး"

"မင်းတို့ကို တစ်လက်စတည်း ပြောရဦးမယ်၊ ငါအခု လေ့လာခဲ့တဲ့ အိမ်ကြီးရခိုင်တစ်လုံးရှိတယ်၊ ပိုင်ရှင်က ဦးကြွက်နီတဲ့၊ မတ်ပဲတွေရောင်းထားတာ၊ ငွေနှစ်သိန်းလောက်ရှိနေပြီလို့ သတင်းအနိုင်အမာရထားတယ်၊ အဲသည်အိမ်ကို ဒီည တိုက်ရမယ်၊ ငွေသားအပြင် စားရေရိက္ခာအတွက် ဆန်၊ ဆီ၊ ဆား၊ ငါးခြောက်တွေလည်း သယ်ရမယ်၊

သည်တော့ အခု တို့အဖွဲ့အတွက် ချက်ပြုတ်မယ့်သူက ချက်ပြုတ်၊ ကွင်းပိုင်တို့ ရွာတော်ရှင်တို့ကို တင်မြှောက်ဖို့





ကြွက်နဲ့အရက်ကို တစ်ယောက်သွားရှာ၊ ဘယ်သူမှ သက်ာမကင်းမဖြစ်စေနဲ့၊ ရုပ်ဖျက်ပြီး သွား။ ..ကြားလား"

"ဟုတ်ကဲ့ပါ ..ဆရာကြီး"

အားလုံးပျော်ပျော်ရွှင်ရွှင်ဖြင့် တက်ညီလက်ညီ လှုပ်ရှားနေကြသည်။

"ကိုင်း..ဆရာကြီးလည်း ပင်ပန်းနေရောပေါ့၊ နားလိုက်ပါဦး ဆရာကြီး"

"ဟုတ်တယ်ဆရာကြီး၊ ဆရာကြီး ညောင်းညာရင်လည်း အားမနာနဲ့နော်၊ ကျွန်တော်က ခြေဖွားဆရာကြီးရဲ့ အနင်းအနှိပ်မှာ အင်မတန်တော်တဲ့သူလို့ နာမည်တစ်လုံးနဲ့ နေခဲ့တဲ့သူပါ"

အနှိပ်သည်လုပ်ခဲ့ဖူးသူ ဓားပြရှောက်သီးက သူ့အစွမ်းကို ပြချင်နေဟန်တူသည်။

"နေပါစေကွာ၊ မညောင်းညာပါဘူး၊ အနင်းအနှိပ်ခံတဲ့အကျင့်လည်း မရှိပါဘူး၊ ကိုင်း..စားဖို့သောက်ဖို့ လုပ်ကြ၊ သည်ညမှာ အလုပ်ရှိတယ်၊ အားလုံး အစစအရာရာ သတိဝီရိယရှိကြပစေ"

"ဟုတ်ကဲ့..သရာကြီး"

ချက်ပြုတ်လုပ်ကိုင်ပြီးကြပြီးမှ အားလုံးဖက်ရွက်များခူးကာ ပုံပက်၍ဟာနေသောဝမ်းကို ဖြည့်လိုက်ကြလေသည်။

ညနေခင်းရောက်သော် ဓားပြတစ်ဦးသည် ကြွက်သုံးကောင်နှင့် အရက်ဦးရေများပါလာလေ၏။ ကွင်းပိုင်တို့၊ ရွာတော်ရှင်တို့ကို တင်မြှောက်ပ,သရန် ငှက်ကြီးတောင်ငမိုးက ဦးဆောင်



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ရလေသည်။

"ချက်လို့ ပြုတ်လို့ပြီးရင် ပြောဟေ့၊ နတ်နဲ့နဂါးဆိုတာ လှည့်စားလို့မရဘူး။ နတ်လိုမှ လူမ,တာ"

"စိတ်ချပါ . . ဆရာကြီးရယ်"

ထိုသည့်ညက ငှက်ကြီးတောင်ငမိုး၏ ဦးဆောင်စီစဉ်မှုဖြင့် ပဲကုန်သည်ဦးကြွက်နီ၏ အိမ်ကြီးရရှိခိုင်ဆီသို့ ချဉ်းကပ်ကာ သေနတ်တစ်ချက်မဖောက်ရဘဲ ဓားနှောင့်တစ်ချက်မထုရဘဲ ပဲရောင်းရငွေများသာမက စခန်းအတွက် ရိက္ခာဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ငခြောက်၊ အိုးခွက်တို့ကိုပါ လူအင်အား ကောင်းကောင်းနှင့် သိမ်းလာနိုင်ခဲ့ကြသည်။

"တို့များပါလာတဲ့ ရိက္ခာနဲ့ဆိုရင်တော့ တစ်လကိုးသီတင်းလောက် ထိုင်စားလို့ရတယ်၊ ဒါပေမဲ့ တင်းတိမ်ရောင့်ရဲခြင်းဆိုတာ တို့ဓားပြတွေရဲ့ ရာဇဝင်မှာ မရှိစေရဘူး။ ဒီတော့ တိုက်လို့ ခိုက်လို့ရမယ့်နေရာတွေ၊ စားကျက်တွေကို ရှာကြံနေရမယ်ကြားလား"

"ကြားပါတယ် . . ဆရာကြီး"

"ကိုင်း . . သည်တော့ ခု တို့များတိုက်လာတဲ့ထဲက သုံးချဲ့လောက်ရုံကို ခွဲဝေယူကြမယ်၊ ကျန်တာတွေကို ကနဦး မြှုပ်နှံထားတဲ့ဆီမှာ မြှုပ်နှံဖို့ တင်သိုက်ထွန်းနဲ့ ရှောက်သီးတို့က အမြန်ဆုံး စီစဉ်ကြ။

မင်းတို့ကိစ္စဝိစ္စပြီးရင် ဓားပြီး၊ တုတ်ပြီး၊ သေနတ်ပြီးတဲ့ အစွမ်းအာနိသင်ရရှိစေဖို့ ငါစီမံပေးမယ်"

"ဟာ . . ဝမ်းသာလိုက်တာဆရာကြီးရယ်"





"ဝမ်းသာကြရမှာပေါ့ကွာ၊ တို့များရဲ့ သွေးသောက် ဓားပြအဖွဲ့အစည်းဟာ ဆိုးတူကောင်းဘက်ပေါ့၊ ဟုတ်ဖူးလား"

"ဟုတ်ပါတယ် . . . ဆရာကြီး"

"အေး . . ဟုတ်ပြီ၊ တင်သိုက်ထွန်းတို့နှစ်ယောက်က ပစ္စည်းတွေသေသေချာချာမြှုပ်ပြီးရင်အောင်ပွဲခံပျော်ပွဲစားကြရအောင်၊ စားစရာသောက်စရာတွေ အပြည့်အဝ ဝယ်လာခဲ့ကြချေ၊ ပျော်ပျော်ပါးပါးပေါ့ကွာ"

"ဟေး"

အားလုံးပျော်ရွှင်သွားကြသည်။ သူတို့အဖွဲ့အဖို့ သည်လိုမျိုးပျော်ရွှင်မှုမျိုးကို တောင့်တနေခဲ့ကြသည်။ ယခု သူတို့အားလုံး တင်မြှောက်ထားကြသည့် ဆရာကြီး၏ ကောင်းမှုကြောင့် ပြည့်ဝပျော်ရွှင်စွာ ခံစားကြရတော့မည်။ သည်တော့လည်း မပျော်ရွှင်၊ မမြူးတူးဘဲ နေကြပါမည်တဲ့လား။

ညနေခင်းရောက်တော့ စခန်း၌ ပျော်ပွဲစားကြဖို့ စီစဉ်ကြသည်။ မြည်းစရာ၊ စားစရာတွေက အစုံအလင်။ မူးယစ်သောက်စားဖို့ရာ ယမကာတွေကလည်း အလျှံပယ်။

"ပစ္စည်းတွေကို ခြေရာလက်ရာမပျက် သေသေချာချာ မြှုပ်နှံခဲ့ရဲ့လား . . တင်သိုက်ထွန်း"

"အသေအချာမြှုပ်ခဲ့ပါတယ် ဆရာကြီး"

"ကောင်းတယ်ကွာ၊ ကောင်းတယ်၊ စားဖို့သောက်ဖို့ လုပ်ကြ၊ နေရာတွေလည်းရှင်းလင်းထား"

"ရော့ . . ငါ့ငှက်ကြီးတောင်။ အေး . အဲဒါနဲ့ မင်းတို့ရဲ့ လက်နက်တွေအားလုံး တစ်နေရာမှာ သွားပြီး စုပုံထား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . ဆရာကြီး"

အားလုံးပင်ခေါင်းဆောင်၏ အမိန့်အောက်၌ တစ်သွေးတစ်သံတစ်မိန့်ဆိုသလို ဖြစ်ခဲ့ကြသည်။ စားသောက်ဖို့ရာ အဆင်သင့်ဖြစ်သောအခါဝယ် မည်သူမည်ဝါမှ မမြင်မတွေ့နိုင်သောနေရာ၌ ငှက်ကြီးတောင်ငမိုးသည် အခဲကလေးများကို ပါးစပ်အတွင်းပစ်သွင်းကာ မျိုချလိုက်လေသည်။

ထိုအခဲကလေးများကား အခြားမဟုတ်။ အရက်မမူးစေရန် အပြည့်အဝ အကာအကွယ်ပေးနိုင်သည့် ထောပတ်ခဲကလေးများပါတည်း။

"ကိုင်းဟေ့ . . ငါကမင်းတို့ထဲမှာ ခေါင်းဆောင်ဆိုတော့ ငါပဲစ,ဖွင့်မယ်၊ ပေးစမ်း၊ ရှောက်သီး၊ ငါ့ဖို့ ဦးရေတစ်ခွက်"

"အဆင်သင့်ပါပဲ . . ခင်ဗျ"

ဓားပြရှောက်သီးက ရိုရိုသေသေဖြင့် အရက်ခွက်ကလေးကို ကမ်းပေးလိုက်သည်။ ငှက်ကြီးတောင်ငမိုးလည်း အားလုံးရှေ့မှောက်တွင် ဝိုဝိုပြင်ပြင်ပြတ်ပြတ်သားသား မော့ချလိုက်သည်။

"ဟေး . . တို့ဆရာကြီးကွ၊ ဒါမှ . . တို့ဆရာကြီး"

အားလုံးလက်ခုပ်လက်ဝါးတီးလျက်ပျော်ရွှင်စွာ သြဘာပေးလိုက်ကြသည်။ သည့်နောက်မှာတော့ ငှင်းတို့လည်း တစ်ခွက်တစ်ဖလားမက၊ နှစ်ခွက်နှစ်ဖလားမက အားပါးတရသောက်ကြတော့သည်။

"တောက် . . အမြည်းကလည်း ရှယ်ပဲဟေ့၊ ဟင်းရည်ကလည်းခါတိုင်းလိုမဟုတ်ဘူး၊ ချိုသမှ သိပ်ချိုကွ၊ နတ်စည်းစိမ်ဆယ်သက်နဲ့တောင် မလဲနိုင်အောင်ပဲ"





"ဟုတ်တယ် . . သောက်ပြီးရင်း သောက်ချင်"

"အိုဗျ . . သောက်လိုက်ရင် ချို၊ မြည်းလိုက်တော့ အားလားလား . . မင်းအမေလယ် ဝင်ကာစားတယ် . . ငါ့ဘကြီးတဲ့လား . . အားဟား . . ဟား"

"ဟား . . ဟား . . ဟား . . ချိုမိုင်မိုင် ချိုမိုင်မိုင်"

"အမြီးရယ်ရှည်၊ တွန့်ခွေတဲ့မြွေဟောက်၊ မင့်နမချက်တိုင်စောင်းကို ချောင်းတဲ့လို့ပေါက်၊ ဘောက်,ဘောက်,ဘောက် အားဟားဟားဟား"

"ဗေဗောင်းထီပေါင် . . ထီ . . ဗေပေါင်း . . ထီပေါင် . . ထီ . . ဂျေဂျေတပ်ဂျေး . . ကပိ၊ ပလို့ . . ပတ်ဗေ . . ကို"

တင်သိုက်ထွန်းအပါအဝင် ဓားပြ ခြောက်ယောက်စလုံး လူမှန်းမသိ၊ သူမှန်းမသိသောက်အောင် မူးပြနေကြပါပြီ။ အရက်အမူးမှာမှ ဆေးခြောက်ခတ်ထားသောဟင်းကြောင့် ပေါက်မြောက်ကုန်ကြပေပြီ။ ကသူကလူခုန်သူခုန်၊ မှောက်လျက်လဲသူလဲဖြင့် ဘယ်သူမှ ခြေနှစ်ချောင်းပေါ်တွင် မားမားမတ်မတ် ရပ်တည်နိုင်စွမ်း မရှိကြတော့။

သည်အဖြစ်ကို ပြုံးကြည့်နေသူကား တေတစ်ဖြစ်လည်း ငှက်ကြီးတောင်ငမိုးပါတည်း။

အနှစ်ချုပ်လေတော့ စည်းဝါးကိုက်ထားသည့် အတိုင်းပင်၊ သစ်ပင်များ၌ ဓားဖြင့်အမှတ်အသားပြုလုပ်ထားခဲ့သည်ကိုကြည့်၍ ရွှေရည့်ဖခင် ရာဇဝတ်အုပ် ဦးလူကလေးနှင့်အဖွဲ့သည် ဓားပြတင်သိုက်ထွန်းတို့ ချထားသည့် စခန်းသို့ချဉ်းနင်းဝင်ရောက်လာနိုင်ခဲ့ကြသည်။

www.burmeseclassic.com



လူမှန်းမသိ မူးရူးနေကြကုန်သော ဓားပြတင်သိုက်ထွန်း အပါအဝင် ဆုငွေထုတ်ထားခြင်းခံရသည့် ဓားပြအပေါင်းကို လက်နက်များနှင့်တကွ ဖမ်းဆီးနိုင်ခဲ့ကြသည်။

"မင်း ..တော်တယ် ငတေရာ၊ မင်းလိုလူတော်တစ်ယောက် လမ်းလွဲသွားမှာ စိုးရိမ်တယ်"

"မစိုးရိမ်ပါနဲ့ ..ဦးရယ်၊ ကျွန်တော် စိတ်သစ်လူသစ်နဲ့ ဘဝသစ်ကို ထူထောင်တော့မှာပါ"

"ကောင်းတယ်ကွာ .. မင်းတော့ရလာမယ့်ဆုငွေနဲ့ဆိုရင် အေးအေးဆေးဆေးနေနိုင်ပြီ"

"အဲဒါတွေဟာ ..ရွှေရည့်အတွက်ပါ ..ဦးရယ်"

"ဒါထက် မင်း တို့နဲ့တစ်ခါတည်းလိုက်မှာလား"

"လိုက်လို့မဖြစ်ဘူး၊ ဦးတို့အနေနဲ့ တင်သိုက်ထွန်းတို့ကို ကျွန်တော့်ကိုလည်း ဖမ်းမိတဲ့အကြောင်း၊ ကျွန်တော်က ဓားပြမှုအပြင် လူသတ်မှုကျူးလွန်လို့ ကြိုးဒဏ်(ဒါမှမဟုတ်) တစ်သက်တစ်ကျွန်းဒဏ်စီရင်နိုင်ဖို့ ခရိုင်ဂါတ်ကို ပို့လိုက်တဲ့အကြောင်းသာ ပြောပြပါ။ နောက်ရက်မှ ဦးနဲ့ လာဆက်သွယ်ပါ့မယ်"

"အေး ..ကောင်းတယ်၊ ကောင်းတယ်၊ မင်းကြောင့်ပဲလည်း အလုပ်မထိခိုက်တဲ့အပြင် ရာထူးတောင်တိုးဦးမယ် ဟေ့၊ ကိုင်းအချိန်ရှိတုန်း သွားမယ်ကွာ"

"ဟုတ်ကဲ့ ..ခင်ဗျ"

ငတေ့အဖွဲ့ ရာဇဝတ်အုပ်မင်း ဦးလူကလေးတို့နှင့် တစ်ပါတည်း လိုက်မသွားခဲ့ခြင်းမှာ အကြောင်းရှိ၏။





အကြောင်းမူမှာ ဓားပြတင်သိုက်ထွန်းတို့ သိုဝှက်မြှုပ်နှံထားသော ပစ္စည်းများကို သွားရောက်ပြီးဖော်ယူရဦးမည်မဟုတ်ပါလား။

အကြံကောင်းတော့လည်း တစ်သက်ထိုင်စားမကုန်နိုင်လောက်အောင် တစ်ချက်တည်းနှင့် အကွက်ကောင်းမိခဲ့လေသည် တကား။

❖

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်လမ်းဤတွင် နိဂုံးတံပါတော့မည်။

မိမိတို့ မြန်မာဝတ္ထုများ၌ မြန်မာဝတ္ထုဇာတ်ပရိသတ်အတော်များများ၏ နှစ်သက်မှုထုံးစံအရ ဤဝတ္ထုရေးသူလည်းဇာတ်သိမ်းခန်း၌ မင်းသားနှင့်မင်းသမီးတို့ကို ပေါင်းဖက်ပေးရမည်ဖြစ်လေရာ. . .

ကလိမ်ကကျစ်လုပ်ရပ်များကို ခဝါချလျက် စိတ်သစ်လူသစ်၊ ဘဝသစ်သို့ပြောင်းလိုက်ရာပြီဖြစ်သော မန်ကျည်းကန်ရွာသား ငမဲတုနှင့် ရာဇဝတ်အုပ် ဦးလူကလေး၏ တစ်ဦးတည်းသောသမီးကလေး ရွှေရည်တို့သည်လည်း အာဝါဟ၊ ဝိဝါဟ မည်သော ထိမ်းမြားလက်ထပ်ခြင်းမင်္ဂလာဖြင့် ကြည်နူးခြင်း ရွှင်ခြင်းတို့ ပေါင်းစပ်လိုက်ကြပြီဖြစ်သည်မို့ . . .

ဤဝတ္ထုရေးသူအဖို့ နောက်ထပ်ဘာမျှ မဆက်နိုင်တော့သဖြင့် ဇာတ်လမ်းဤတွင် နိဂုံးတံလိုက်ပါတော့သတည်း။

မြို့ မေ တ္တ ာ ခံ ထူ မ ယ့်

**ကိုရွှေတောသား**

၁-၅-၂၀၀၈ (နံနက် ၁၀ း ၂၄ နာရီ)

ဇာတ်လှမ်းလည်းကောင်း၊ ရယ်လည်းရယ်နေကြရမယ့် . . .

# ကိုရွှေတောသား

## မြောရဂုင် ညြှချသွားမယ်

(ကျေးလက်ပျော်ဟာသလုံးချင်းဝတ္ထုစစ်စစ်)

BURMESE CLASSIC

စာမူခွင့်ပြုချက် ၅၀၁၃၃၇၀၇၀၈

ထွက်တော့မည်

စီးစာပေ

www.burmeseclassic.com